TheRayofLight Journal
ဟသ်ာတမြင့်ဌွေ
တည်ထောင်သည်

# အလင်းတန်း

အနုပညာဂျာနယ်
အမှတ်(၇၄၅)၊ ဖေဖော်ဝါရီ(၂၅)၊ တနင်္လာ၊ ၂၀၁၃



# ဒိုးပျံ

VCD ကာရာအိုကေ

ဖြန့်ချိရေး
CMP

HLWAN PAING    BOBBY SOXER


ဖေါ်မို့(စ်) သောက်လို့
နို့အလှူ အလွယ်တကူကုသိုလ်ယူစို့!
FOREMOST
တစ်ဘူးသောက်လျှင် = အလှူငွေ ၁၀ ကျပ်
K B5 B12 B3 E B6 A C D
55
အပတ်စဉ် ကျောင်းသား အယောက် (၁၀၀၀) တို့အား
နို့တိုက်ကျွေးလှူဒါန်းမှု အစီအစဉ်ကို
Plain
Banana
Chocolate
Strawberry
Sweetend
နှင့်
MYANMAR LIVESTOCK FEDERATION
တို့မှ ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။
ယခုမှစ၍ ၂၀၁၃ မတ်လကုန် အထိ


Dairy Queen
ကော်ဖီမစ်
ပုံမှန်
ပေါ့ဆိမ့်
(Espresso) ပြင်းခါး
Original
Creamy
Bold
CoffeeMix
30 Sachets
Kainnari Food Industries
အမှတ် ၆၅/၆၆၊ မြတောင်ဝန်ကြီးဦးမှိုလမ်း၊
အရှေ့ဒဂုံ စက်မှုဇုံ၊ ရန်ကုန်မြို့။
ဖုန်း၊ ၀၁-၅၈၅၂၅၆၊ ၅၈၅၂၇၆
COFFEE FOR ANY KIND OF LOVEBIRDS. And humans too.

ဝင်းငြိမ်း
မွမ်းမံတင်ဆက်သည့်
အလင်းတန်း ဂျာနယ်
The Ray of Light Journal

တာဝန်ခံအယ်ဒီတာ
မျိုးမြင့်ညီမိး
အယ်ဒီတာ
လင်းနိုင်ဦး
အယ်ဒီတာချုပ် အုပ်ချုပ်ရေးမှူး
ဟသ်ာတမြင့်ဆွေ ဦးဇော်ထူးအောင်

၂၀၁၃ ခုနှစ် ဖေဖော်ဝါရီ ၂၅ ရက် တနင်္လာနေ့ အမှတ် ၊၇၄၅၊

# ဖြူဖြူနှင့် ကြယ်ပွင့်ကလေးများ


ဖြူဖြူကျော်သိန်းနဲ့ Jade Dragon အဖွဲ့

Space Media & Advertising က စီစဉ်ပြီး တေးရေး အောင်နိုင်စန်း စီစဉ်ရိုက်ကူးတဲ့ *ဖြူဖြူနှင့် ကြယ်ပွင့်ကလေးများ* ဗီစီဒီမှာ ဖြူဖြူကျော်သိန်းနဲ့ ကလေးအဆိုရှင် ၈ ဦး ပါဝင်သီဆိုထားကြပါတယ်။ *ဖြူဖြူနှင့် ကြယ်ပွင့်ကလေးများ* ဗီစီဒီရိုက်ကူးမှုကို ၂၀၁၃ ဖေဖော်ဝါရီ ၁၉ ရက်က Tropper စားသောက်ဆိုင်မှာ ပြုလုပ်ခဲ့ပါတယ်။ ဒီစီးရီးက သင်္ကြန်အတွက် ရည်ရွယ်တာဖြစ်ပြီး ကြယ်ပွင့်လေးများရဲ့ မိုးကောင်းကင်၊ ဆိုကရေးတီးပြိုင်ပွဲနဲ့ ရုပ်သံလိုင်းများကပြုလုပ်တဲ့ သီချင်းဆိုပြိုင်ပွဲတွေမှာ ဆုများရရှိတဲ့ ကလေးအဆိုရှင်များ ပါဝင်သီဆိုထားတာ ဖြစ်ပါတယ်။ ဒီအခွေထဲမှာပါတဲ့ သီချင်းအားလုံးကို တေးရေး အောင်နိုင်စန်းက ရေးသားထားတာဖြစ်ပါတယ်။ ဖြူဖြူကျော်သိန်းနဲ့ ကလေးအဆိုရှင်များ တွဲပြီး စီးရီးစီစဉ်ဖြစ်ပုံနဲ့ ပတ်သက်ပြီး "ကြယ်ပွင့်ကလေးများရဲ့ မိုးကောင်းကင် အစီအစဉ်မှာ မဖြူဖြူက အကဲဖြတ်အဖြစ် တာဝန်ယူခဲ့တယ်။ မဖြူကို ကလေးတွေကလည်း ချစ်ကြတယ်။ ဒီမှာပါဝင်တဲ့ကလေးတွေက မဖြူနဲ့လည်းတွဲဆိုချင်တာကြောင့် စီစဉ်ဖြစ်တာပါ" လို့ Space Media & Advertising မှ ဇာခြည် ***စာမျက်နှာ(၄)သို့…***

# ရုပ်ရှင်၊ ဗီဒီယို ရိုက်ဦးမဲ့ မောင်တင်ဦး


ဒါရိုက်တာ မောင်တင်ဦး

**နေထွက်သော ညု၊ တစ်ခါက တစ်ဘဝ၊ သင်္ကြန်မိုး၊ တိုက်ပွဲခေါ်သံ၊ နှလုံးလှလူမိုက်** စတဲ့ ရုပ်ရှင်ဇာတ်ကားများနဲ့ အကောင်းဆုံးရုပ်ရှင် ဒါရိုက်တာဆုများရခဲ့ပြီး သရုပ်ဆောင်များအတွက်လည်း အကယ်ဒမီဆုများ ဆွတ်ခူးပေးနိုင်ခဲ့တဲ့ ဒါရိုက်တာ မောင်တင်ဦးတစ်ယောက် သုံးနှစ်ကျော်ကြာ ကားမရိုက်ဘဲ နားခဲ့ပြီးနောက် ယခုအခါမှာတော့ ရုပ်ရှင်ဗီဒီယိုဇာတ်ကားတွေ ပြန်ရိုက်ဖို့ ဖေဖော်ဝါရီလ ၁၈ ရက်နေ့ညက ရန်ကုန်ကိုပြန်ဆင်းလာပြီလို့ သိရပါတယ်။ ဒါရိုက်တာ မောင်တင်ဦး နောက်ဆုံးရိုက်ကူးဖြစ်ခဲ့တဲ့ **နဝရတ်ကိုးသွယ်** ရုပ်ရှင်ဇာတ်ကားကို ရိုက်ကူးပြီးစီးထားပေမဲ့ ပံ့ပိုးမဲ့သူမရှိလို့ ရပ်နားထားရတယ်လို့ သိရပါတယ်။ ဇာတ်ကားရိုက်ကူးခြင်းတွေ နားလိုက်ရတာက ညီဖြစ်သူ သရုပ်ဆောင်၊ အဆိုတော် ဇော်ဝမ်း ကွယ်လွန်သွားချိန်မှာ ဇော်ဝမ်းတစ်ယောက် ဘာကြောင့်သေသွားရတာလဲ၊ ဘာရောဂါနဲ့လဲ စသဖြင့် မေးလာကြတဲ့အခါ ပြောလိုက်ရင် အကြောင်းအရာတွေက ပွစာတက်ပြီးတော့ မီဒီယာတွေပေါ် ရောက်သွားရင် ပြဿနာက အကြီးကြီးဖြစ်သွားနိုင်တာကို နှုတ်ပိတ်ရေငုံ လုပ်လိုက်ရတဲ့အတွက်ရယ်၊ ကျန်းမာရေးက နည်းနည်း မကောင်းတာကြောင့်လည်း နားဖြစ်သွားတာဖြစ်တယ်လို့ မောင်တင်ဦးက ပြောပြခဲ့ပါတယ်။

အခုအခါမှာတော့ အနုပညာပိုးက တကယ်ပဲ မရိုက်ရမနေနိုင်အောင်ဖြစ်လာလို့ ဆာတိုရီဗီဒီယိုထုတ်လုပ်ရေးက ဇာတ်ညွှန်းအဆင်သင့်ပြီးပြီးသားနဲ့ ကမ်းလှမ်းလာလို့ ဗီဒီယိုပြန် ရိုက်တာဖြစ်တယ်လို့ သိရပါတယ်။ ရိုက်ကူးမဲ့ဇာတ်ကားကတော့ မောင်တင်ဦးဖန်တီးပြီး တွဲဖက်ဒါရိုက်တာ ရီဇော်နဲ့ ပွင့်သစ်ချိုရဲ့ ဇာတ်လမ်း၊ ဇာတ်ညွှန်းကို ရိုက်ကူးသွားတော့မှာဖြစ်တယ်လို့ သိရပါတယ်။ ရိုက်ကူးမဲ့ ဇာတ်ကားက **တန်ခူးရင်ခွင်** လို့ အမည်ပေးထားပြီး ရဲတိုက်၊ ဇင်ဝိုင်း၊ မေသန်းနုတို့ကို မင်းသမီးငယ်တစ်လက်နဲ့ ရိုက်ကူးသွားဖို့ စီစဉ်ထားကြောင်း မောင်တင်ဦးက ပြောပြပါတယ်။

**တန်ခူးရင်ခွင်** က သင်္ကြန်ဇာတ်ကားတစ်ကားဖြစ်ပြီး အရင်သင်္ကြန်မိုး ဒဏ္ဍာရီအတွဲက ဇင်ဝိုင်း၊ မေသန်းနုတို့ကို ပြန်လည်သရုပ်ဆောင်စေရတာက သင်္ကြန်မိုးအဆက်ပုံစံမျိုး မဟုတ်ပေမဲ့ သင်္ကြန်အငွေ့အသက်များပါတာဖြစ်လို့ ရိုးရာသင်္ကြန်ယဉ်ကျေးမှုပါလာတဲ့အခါ သင်္ကြန်ကားနဲ့ပေါက်ခဲ့တဲ့ ဇင်ဝိုင်း၊ မေသန်းနုတို့နဲ့ ရိုက်သလို ဇာတ်နဲ့လည်းလိုက်ဖက်လို့ ဇင်ဝိုင်း၊ မေသန်းနုအတွဲကို ပြန်တွဲဖြစ်တာဖြစ်တယ်လို့ မောင်တင်ဦးက ပြောပြခဲ့ပါတယ်။

မောင်တင်ဦးက နောက်ထပ် သင်္ကြန်နဲ့ပတ်သက်တဲ့ဇာတ်ကားများရိုက်ကူးသွားဖို့ စီစဉ်ထားသလို အခုအခါမှာတော့ တကယ်ပဲ အနုပညာအလုပ်တွေ လုပ်ချင်တဲ့ စိတ်အားတက်ကြွမှု၊ အနုပညာပိုး အပြည့်ရှိနေပြီးဖြစ်လို့ အကောင်းဆုံးပြန်လည် လှုပ်ရှားသွားတော့မယ်လို့ ပြောပြခဲ့ပါတယ်။ ရီမြင့် ရုပ်ရှင်ထုတ်လုပ်ရေးအတွက်လည်း ဇာတ်ကားရိုက်ကူးဖို့ ဦးဇော်မြင့်က စီစဉ်နေတယ်လို့ သိရပါတယ်။ ■ လင်းနိုင်ဦး

■ access at
www.foreverspace.com.mm
www.shweamyutay.com

■ သတင်းအဖွဲ့
ရန်ကုန်
ခင်လေးမြင့်
နေလွင်

မန္တလေး
ရွှေနောင်ရိုး(မန္တလေး)
နနု(မန္တလေး)

■ အလင်းတန်းစာလုံး
ကျော်မင်းမောင်

■ စာမျက်နှာဖွဲ့စည်းမှု
နိုင်ဇင်ထွန်း
ဖြိုးဦးပိုင်

■ စာစီစာပြု
ချစ်နှင်းဖြူ
မွန်မွန်အေး
နိုင်ခွန်အား

■ စာပြင်
ကျော်စိန်ဝင်း

■ ဖလင်
Sunn Scangraphics

■ ထုတ်ဝေသူ
ဟသ်ာတမြင့်ငွေ
(မြ-၄၀၄)

■ ပုံနှိပ်သူ
စီအမ်ပီပုံနှိပ်တိုက်
ဦးဇော်ထူးအောင်
(မြ-၀၆၂၄၆)

■ ရန်ကုန်ဖြန့်ချိရေး
ဦးတင်စိုး
အမှတ် ၁၂၄
မြေညီထပ်၊ ၃၆ လမ်း။
အလယ်ဘလောက်
ကျောက်တံတားမြို့နယ်
ရန်ကုန်မြို့။
ဖုန်း-၃၇၇၈၀၀

■ မြန်မာပြည်အထက်ပိုင်း
ထွန်းဦးစာပေ၊
မန္တလေး။

■ ဖြန့်ချိနေ့စွဲ
၂၅ - ၂ - ၂၀၁၂

အလင်းတန်းဂျာနယ်
အခန်း ၁၇
၁၅၈/၁၆၈(ပထမထပ်)
မဟာဗန္ဓုလပန်းခြံလမ်း
ကျောက်တံတားမြို့နယ်
ရန်ကုန်။
ဖုန်း-၀၁-၂၅၄၂၅၂

E-mail:
nyeinfamily@gmail.com

# ရတနာဂီရိခရီးသည် (၈)

**မောင်သန်းဆွေ (ထားဝယ်)**

သမ္မတကြီးနှင့် စာရေးသူတို့သည် စံအိမ်တော်ရှေ့ရှိ မြေကွက်လပ်သို့ ထွက်လာကြသည်။ သမ္မတကြီးက စံအိမ်တော်ကြီးကို အပြင်ဘက်မှ သေသေချာချာ ကြည့်သည်။ သမ္မတကြီးနှင့်အဖွဲ့အားလုံး စံအိမ်တော်ကြီးရှေ့တွင်ဓာတ်ပုံရိုက်ကြသည်။ ထို့နောက် သမ္မတကြီးက ဦးစိုးဝင်း (ဒုတိယညွှန်ချုပ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန-ငြိမ်း)ကို မေးသည်။ ဦးစိုးဝင်းရောက်လာသောအခါ ဦးစိုးဝင်းနှင့်အတူ နှစ်ဦးတည်းတွဲ၍ ဓာတ်ပုံရိုက်ကြသည်။

ဦးစိုးဝင်းဆိုသူမှာ သီပေါမင်း၏ မြစ်တော် ဖြစ်သည်။ စတုတ္ထသမီးတော်၏ အကြီးဆုံးသားတော်မှာ တော်ဖုရားကြီးဖြစ်သည်။ တော်ဖုရားကြီး၏ သားတော်နှစ်ပါးအနက် ဦးစိုးဝင်းက အကြီးဆုံးသားဖြစ်သည်။ သမ္မတကြီးက ထို့ကြောင့် ဦးစိုးဝင်းကို သူ၏ခရီးစဉ်တွင် ထည့်သွင်းခေါ်ခဲ့ခြင်း ဖြစ်ပါသည်။

ဦးစိုးဝင်းနှင့်တွဲ၍ ဓာတ်ပုံရိုက်ပြီးနောက် သမ္မတကြီးက သူ့ကိုလည်း စံအိမ်တော်ကြီးရှေ့တွင် တစ်ယောက်တည်း ဓာတ်ပုံရိုက်ပေးပါဦးဟု ပြော၍ ဓာတ်ပုံရိုက်ကြသည်။ ထိုအချိန်တွင် အိန္ဒိယအမျိုးသားတစ်ဦး စာရေးသူကိုလာ၍ နှုတ်ဆက်သည်။ သူက ရတနာဂီရိ ခရိုင်ရဲဝန်ဖြစ်ကြောင်း ပြောပြီး ယခုရတနာဂီရိတွင် သူလက်ရှိနေထိုင်သော အော်ထရန်ဟောလ် အိမ်သည် သီပေါမင်းနေခဲ့သော အိမ်ဖြစ်ကြောင်းပြောပါသည်။ ဤကိစ္စနှင့် ပတ်သက်ပြီး စာရေးသူ ကောင်းစွာ သိ၏။ သို့ကြောင့် စာရေးသူက-

"ကျွန်တော်တို့ကို အခုလိုက်ပြမဲ့ အစီအစဉ်မှာ အဲဒီအိမ်မပါဘူးလား" ဟု မေးလိုက်ရာ သူက-

"မပါဘူး"ဟု ဖြေပါသည်။

စာရေးသူက-

"ဒါဖြင့်ရင် လိုက်ပြလို့ မရဘူးလား"ဟု မေးရာ လိုက်ပြမည်ပြောသဖြင့် စီစဉ်နိုင်းရပါသည်။ အော်ထရန်ဟောလ် ရှိသောနေရာကို လမ်းကြိုလမ်းကြားမှ သွားရသဖြင့် လမ်း၌ အစောင့်အကြပ်များ လုံခြုံရေးအတွက် စီစဉ်ရသေးပုံရ၏။ သို့နှင့် သမ္မတကြီးနှင့် စာရေးသူတို့အဖွဲ့သည် အော်ထရန်ဟောလ်အိမ်ကိုလိုက်ကြည့်ရသည်။ ပါမောက္ခ ဒေဆိုင်းရေးသည့် စာအုပ်တွင် သီပေါဘုရင်နှင့် မိသားစုသည် အော်ထရန်ဟောလ်တွင် နေခဲ့သည်ဟု ရေးခဲ့သည်။ အမှန်မှာ ကိုက် ၄၀၀ ခန့်ကွာသည့် ဘေးကားစ်ဘန်ဂလိုတွင်သာ သီပေါမင်းနှင့်မိသားစု နေထိုင်ကြခြင်းဖြစ်သည်။ အော်ထရန်ဟောလ်တွင် မြန်မာပြည်မှ အမှုထမ်းအရာထမ်းများနေကြသည် ဆိုပါသည်။

ဤကိစ္စကို မွန်ဘိုင်းမှ သုတေသီ ဆူဒါရှား ပြော၍ သိရခြင်း ဖြစ်သည်။ စာရေးသူ မယုံ၍ ဆူဒါရှားက ဘုရင်နှင့်မိသားစု ဘေးကားစ်ဘန်ဂလိုတွင်နေသဖြင့် ပြုပြင်ရသည့် ကုန်ကျစရိတ်ငွေ ဖြတ်ပိုင်းများကိုပြမှ စာရေးသူက ယုံသွားပါသည်။ ဘေးကားစ်ဘန်ဂလိုမှာ ယခုအခါ ပြန်ရန်မရှိတော့ပါ။

သမ္မတကြီးနှင့် အဖွဲ့သည် အော်ထရန်ဟောလ် အဆောက်အအုံကို သာကြည့်၍ ပြန်ထွက်လာကြသည်။ ထိုဂိတ်အပေါက်မှ ပထမသမီးတော်ကြီးနှင့် ခင်ပွန်းဖြစ်သူ ဂိုပါလ်စဝန်တို့ ချစ်ရည်လူးခဲ့ကြသည့် ဂိုပါလ်၏ ဂိတ်စောင့်အိမ်ကလေးမှာလည်း မရှိတော့ပါ။

စာရေးသူသည် သမ္မတကြီးကို သီပေါဖွိုင့်ဆိုသည့်နေရာကို လိုက်ပြချင်ပါသည်။ ထိုနေရာမှ ကြည့်လျှင် ရတနာဂီရိမြို့နှင့် အာရေးဗျပင်လယ်သို့ စီးဝင်သည့် မြစ်တို့ကို ကောင်းစွာ မြင်ရသည်။ သီပေါဖွိုင့်ဟု ခေါ်ခြင်းမှာ သီပေါမင်းတရားသည် ညနေတိုင်းတွင် ထိုနေရာသို့ အခြွေအရံများနှင့် လာရောက်ပြီး ပင်လယ်ပြင်ကို ငေးကြည့်တတ်သည်ဆိုသည်။ မင်းတရားကြီးက နေဝင်သည်ကို ရှုစားတော်မူပြီး ရပ်၍ မောရသုတ် ပရိတ်တော်ကို ရွတ်လေ့ရှိသည်ဟု ဆို၏။ တစ်ခါတစ်ရံလည်း အခြွေအရံများကို ဤပင်လယ်၏ တစ်ဖက်ကမ်း၌ မြန်မာပြည်ရှိပြီး မြန်မာပြည်သို့ အလွမ်းပြေ မြန်မာပြည်မှ အကြောင်းအရာများကို ပြောပြတော်မူလေ့ရှိသည်ဆိုပါသည်။ ဤသည်ကိုလည်း ဆူဒါရှားပြောပြ၍ စာရေးသူ သိရခြင်းဖြစ်ပါသည်။ သီပေါမင်းတရားသည် အာရေးဗျပင်လယ်ကြီးကို အိန္ဒိယ သမုဒ္ဒရာဟု ထင်တော်မူနေဟန်ရှိပုံရသည်။


ရတနာဂီရိမှ ရွှေနှေအား သီပေါမင်း ၁၉၀၈ ခုနှစ်တွင် ပေးထားသော ပစ္စည်းများ

စာရေးသူတို့အဖွဲ့ကို အော်ထရန်ဟောလ်ကြည့်ပြီးနောက် အဆောက်အအုံတစ်ခုသို့ ခေါ်သွားပါသည်။ ထိုအဆောက်အအုံမှာ တည်းခို၍ရသော အဆောက်အအုံဖြစ်၏။ ထိုအဆောက်အအုံ၏ အခန်းတစ်ခန်းတွင် သီပေါမင်းတရား၏ အနွယ်တော်များကို သမ္မတကြီးနှင့် ပေးတွေ့ရန် စီစဉ်ထားသည်ဟု ဆိုသည်။ ဤကိစ္စကို မွန်ဘိုင်းသို့ မသွားမီ၊ နေပြည်တော် နိုင်ငံခြားရေးဝန်ကြီးရုံးတွင် စည်းဝေးစဉ်ကတည်းက စီစဉ်ကြခြင်းဖြစ်သည်။ စာရေးသူက သီပေါမင်းအနွယ်တော်


နိုင်ငံတော်သမ္မတကြီးနှင့် အနွယ်တော်များ

## ဒီနှစ် သင်္ကြန်ပြီးရင် ဂီတလောကက နားတော့မဲ့ မြို့မကိုပေါ်

မြို့မတေးဂီတအဖွဲ့နဲ့ ၁၉၄၅ ဝန်းကျင်ကတည်းက ပူးပေါင်းဖြစ်ခဲ့တဲ့ နိုင်ငံကျော်တေးရေးဆရာ မြို့မကိုပေါ်က မြို့မဝိုင်းကို အတီးသမားအဖြစ်နဲ့ ဝင်ရောက်လာခဲ့တာဖြစ်ပေမဲ့ နောက်ပိုင်းမှာ ဆရာ မြို့မငြိမ်း ကွယ်လွန်သွားတဲ့အခါ တေးရေး ဦးဘိုခင် ထပ်ပြီး ဦးစီးတော့၊ ဦးဘိုခင်ကွယ်လွန်သွားတဲ့အခါ သီချင်းတွေပါ ရေးသားဖြစ်သွားတယ်လို့ မြို့မကိုပေါ်က ပြောပြခဲ့ပါတယ်။

မြို့မနဲ့ လက်တွဲရင်း သီချင်းအပုဒ် ၂၀၀ ကျော် ရေးသားဖြစ်ခဲ့ရာက အောင်မြင်မှုရခဲ့ပြီး မြို့မဝိုင်းလည်း ၇၅ နှစ်ကျော်လာပြီဖြစ်သလို တေးရေး မြို့မကိုပေါ်ကလည်း အသက် ၈၅ နှစ်ရှိလာပြီဖြစ်လို့ ၁၇ နှစ်သားကတည်းက တီးလာရေးလာတာ နားချင်ပြီဖြစ်လို့ ဒီသင်္ကြန်အတွက် သီချင်းများ ရေးပေးပြီးရင် ဂီတလောကကအပြီး နားလိုက်တော့မယ်လို့ ပြောပြခဲ့ပါတယ်။

မြို့မကိုပေါ်က အကယ်ဒမီ နောင်နောင်နဲ့ ယုယုအောင်တို့ မင်္ဂလာဧည့်ခံပွဲမှာ မင်္ဂလာလက်ဖွဲ့အဖြစ် ချစ်တဲ့သက်ဝေ၊ သက်ထားမျှို၊ ရွှေလက်တွဲတဲ့ပုံစာ၊ ချစ်ပန်းတိုင်ကြည်ဖြူရည်တူ သီချင်းလေးပုဒ်အသစ်ရေးဖွဲ့ပေးခဲ့ပြီး မြို့မတေးဂီတအဖွဲ့ တီးခတ်ပေးမှုနဲ့ မြို့မရဲ့ပင်တိုင် အဆိုတော်များက မင်္ဂလာဧည့်ခံပွဲမှာ သီဆိုပေးခဲ့ကြပါတယ်။ အဲဒီလေးပုဒ်ကို မြို့မကိုပေါ်က တစ်ပတ်တာမျှ အချိန်ယူရေးသားခဲ့ပြီး မင်္ဂလာမောင်နှံတို့ ဘယ်လိုကြည်ဖြူပြီး ရည်တူချစ်ကြတယ်ဆိုတာမျိုး ရေးဖွဲ့ပေးထားတာဖြစ်တယ်လို့ သိရပါတယ်။


တေးရေးဆရာ မြို့မကိုပေါ်

သင်္ကြန်အပြီးမှာ နားလိုက်တော့မယ်လို့ ဆုံးဖြတ်ရတာကလည်း အသက်အရွယ်အရ နားချင်တာပါသလို တရားအလုပ်တွေကိုပဲ လုပ်သွားတော့မှာဖြစ်လို့ နောက်ထပ်လုပ်စရာလည်း သိပ်မကျန်တော့တဲ့အတွက် အရေးကြီးတဲ့ဘဝအတွက် တရားအလုပ်ကိုပဲလုပ်သွားဖို့ ဆုံးဖြတ်လိုက်တာဖြစ်တယ်လို့ မြို့မ ကိုပေါ်က ပြောပြခဲ့ပါတယ်။

ဒါကြောင့် ဒီနှစ်သင်္ကြန်အတွက် သီချင်းနှစ်ပုဒ်သုံးပုဒ်လောက် ရေးပေးပြီးရင် ဂီတအလုပ်လုံးဝနားလိုက်တော့မှာဖြစ်တယ်လို့ နောင်နောင်ရဲ့မင်္ဂလာပွဲမှာ ပြောကြားခဲ့ပါတယ်။

■ လင်းနိုင်ဦး

များ ရတနာဂီရိတွင် ၄၀ ယောက်ခန့် ရှိသည်ဟု သိထားသည်။ သူတို့သည် သီပေါမင်းတရားနှင့် မိဖုရားခေါင်ကြီးတို့မှ မွေးသည့် ပထမသမီးတော်နှင့် တံခါးမှူးတို့မှရသော သမီးတော် တုတုမှ မွေးသော သားသမီး မြေးမြစ်တီကျွတ်တို့ဖြစ်သည်။ ထိုသူတို့အားလုံးနှင့် သမ္မတကြီးကို ပေးတွေ့ရန် မဖြစ်နိုင်ပါ။ ထိုသူတို့အနက် အချို့ကိုသာ သမ္မတကြီးနှင့်တွေ့ရန် စီစဉ်ထားမည်ဆိုသည်။ ထို့ကြောင့် ယခု သမ္မတကြီးနှင့် တွေ့ရန်ခေါ်ထားသူများမှာ တုတု၏သားတစ်ယောက်၊ သားသမီးများသည် ရတနာဂီရိမှ မာရသီစကားကိုသာတတ်သည်။ သို့ကြောင့် သမ္မတကြီးမြန်မာလိုမေးသမျှကို ရတနာဂီရိကောလိပ်တော် အရာရှိအား စာရေးသူက အင်္ဂလိပ်လို ပြန်ပေးရသည်။ ကောလိပ်တော် အရာရှိကမှတစ်ဆင့် တုတု၏သားသမီးများကို မာရသီဘာသာစကားနှင့် ပြန်ပြောရခြင်းဖြစ်၏။

သူတို့က သားဖြစ်သူမှာ ဝပ်ရှော့လုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုကြောင်းနှင့် သမီးတစ်ယောက်က သူတစ်ပါးအိမ်တွင် အိမ်တွင်းအကူ နီး ဟု ငြင်းပယ်လျှင် ခေါင်းညိတ်ပြ၍ ရက်စ် ဟု အင်းခံလျှင် ခေါင်းခါပြတတ်ပါသည်ခင်ဗျား။ သူတို့ခေါင်းခါခြင်းသည် ပြောင်းပြန်ဖြစ်နေပါသည်ခင်ဗျား' ဟု ဝင်ပြောပြရသည်။ ထိုမှ သမ္မတကြီး သဘောပေါက်တော့သည်။

တစ်ဖန်သမ္မတကြီးက သူတို့ကို 'ခင်ဗျားတို့နှင့် ကျွန်တော်တို့ဟာ ဆွေမျိုးတွေပဲ 'ဟုပြောပြီး တစ်ယောက်စီ လက်ဆွဲနှုတ်ဆက်သည်။ သမ္မတကြီးသည် သီပေါမင်းအနွယ်များကို အတန်ကြာအောင် စိုက်ကြည့် အိတ်ကို တစ်ဦးစီပေးသည်။ ဒေါ်လာ တစ်ရာသည် အိန္ဒိယရူပီးငွေ ငါးထောင်ကျပ်ကျော်သေးသည်ဟု သိရသည်။ သို့ကြောင့် စာရေးသူ၏စိတ်ထဲတွင် နည်းသည်ဟု ထင်နေရာ မနည်းပေ။ အဘယ်ကြောင့်ဆိုသော် အိန္ဒိယရူပီးငွေသည် တန်ဖိုးရှိနေသေးသည်။ အနိမ့်ဆုံးလစာမှာ ၅၀ ရူပီးခန့်ဖြစ်သည်ဟု ဆို၏။ စာရေးသူတို့သည် သီပေါမင်း၏ အနွယ်တော်များကို နှုတ်ဆက်ပြီး ထွက်လာကြသည်။ သမ္မတကြီးနှင့် နှုတ်ဆက်ကြသော အခါ သူတို့သည် လက်အုပ်ကလေး သည့် လက်ဆောင်မှာ ပြည်နယ်ဝန်ကြီးသို့ပေးခြင်း ဖြစ်သည်။

စာရေးသူတို့ ထိုနေရာမှ ပြန်လာကြသောအခါ လေယာဉ်ကွင်းသို့ တန်းသွားပြီး ပြန်ရန်သာဖြစ်သည်ဟု ပြောသည်။ စာရေးသူစိတ်ထဲ၌ မကျေမနပ် ဖြစ်နေမိသည်။ ပထမသမီးတော်ကြီး ကံတော်ကုန်ခဲ့သည့်အိမ်၊ တုတုကံကုန်ခဲ့သည့်အိမ် စသည်တို့ကို လိုက်ပြချင်ပါသေးသည်။

ရတနာဂီရိမြို့တွင် သီပေါမင်းတရားရှိစဉ်က ငွေချေးငွေယူလုပ်ခဲ့ရသည့် ရတနာဂီရိသူဌေးအိမ်ကိုလည်း


တုတု ကံကုန်ခဲ့တဲ့အိမ်


သီပေါဈေးဗိုင်


စံအိမ်တော်ကြီးရှေ့တွင် နိုင်ငံတော်သမ္မတကြီးနှင့်အဖွဲ့ အမှတ်တရ

သမီးနှင့် ချွေးမ၊ မြေးနှစ်ယောက်ဖြစ်သည်။ သားဖြစ်သူက ပန်းစည်းနှင့် သမ္မတကြီးကို ကြိုဆိုနေပါသည်။ ဒေါ်တုတုကမူ အသက် ၉၅နှစ်အရွယ် ၂၄-၁၀-၂၀၀၂ နေ့က ကံကုန်သွားပြီဟု သိရသည်။

သမ္မတကြီးက တုတု၏သားနှင့် သမီးနှစ်ယောက်တို့၏ အသက်ကို မေးသည်။ ဘာလုပ်ကိုင်စားနေကြသလဲဟုလည်း မေးသည်။ တုတု၏ အဖြစ်လုပ်ရကြောင်း ပြောပြကြသည်။ သမ္မတကြီးက မြန်မာပြည်သို့ အလည်မလိုက်လိုကြဘူးလားဟု မေးရာ သူတို့က 'လိုက်မယ်၊ လိုက်မယ်'ဟု ခေါင်းခါ၍ ပြောကြသည်။ လိုက်မယ်၊ လိုက်မယ်ဟူသော သူတို့စကားကို သမ္မတကြီးက မသိဘဲ ခေါင်းခါပြသည်ကိုသာ မြင်၍၊ စာရေးသူက–

'သမ္မတကြီးခင်ဗျား၊ ကုလားလို နေခဲ့ပါသည်။ သမ္မတကြီး၏ စိတ်ထဲ၌ ကုလားများဖြစ်နေသည့် မြန်မာဘုရင့်အနွယ်တော်များကိုကြည့်ပြီး ကြေကွဲ၍ရင်နာနေပုံရသည်။ သူတို့အားလုံးသည် မြန်မာလိုလည်း စကားတစ်လုံးမှ မတတ်ကြပါ။ သို့သော် သူတို့သည် မြန်မာဘုရင်သီပေါမင်းတရားမှ ဆင်းသက်လာသူများဖြစ်သည်ကိုမူသိကြပါသည်။ သမ္မတကြီးက ဒေါ်လာ တစ်ရာစီပါသော စာ များချီ၍ စိတ်မကောင်း ဖြစ်နေပုံရသည်။ သမ္မတကြီးလည်း ထိုနည်းနှင်နှင်ပင်ဖြစ်နေသည်ဟု ထင်ရပါသည်။

သမ္မတကြီးက ပြည်နယ်ဝန်ကြီးကို လက်ဆောင်ပေးသေးသည်။ သီပေါမင်းတရား၏ စံအိမ်တော်ပေါ်မှ ပေးသော မန္တလေးနန်းမြို့ရိုးနှင့် ကျုံးကျောက်စီပန်းချီကားမှာ ပြတိုက်တွင် ပြထားရန်ဖြစ်ပြီး ယခုပေးခဲ့ လိုက်ပြချင်ပါသည်။ ထိုသူဌေးမရှိတော့သော်လည်း ထိုအိမ်တွင် သူဌေးကြီး၏ ဓာတ်ပုံ ရှိသည်။ သူတို့လက်ထဲတွင် ကျန်သေးသည့် အရှင်နှစ်ပါး၏ အသုံးအဆောင်ကိုလည်း သမ္မတကြီးအား ပြချင်သေးသည်။ သီပေါမင်းတရားသည် အင်္ဂလိပ်အစိုးရအား စာတင်ရသောအခါများတွင် ရတနာဂီရိမှ ရှေ့နေတစ်ဦးနှင့် ဆက်သွယ်ဆောင် ***စာမျက်နှာ(၄)သို့...***

# ကမ္ဘာ့ဖလား ဘောလုံးပွဲစဉ်များကို Sky Net ရုပ်သံလိုင်းမှ တိုက်ရိုက်ထုတ်လွှင့်ပြသမယ်

၂၀၁၄ ခုနှစ် ၊ ဘရာဇီးနိုင်ငံမှာ ကျင်းပမဲ့ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲများကို Sky Net ရုပ်သံလိုင်းမှ တိုက်ရိုက်ထုတ်လွှင့်ပြသနိုင်ဖို့ အတွက် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် (FIFA)နဲ့ မြန်မာနိုင်ငံမှ အခပေးရုပ်သံလိုင်းတစ်ခုဖြစ်တဲ့ Sky Net ရုပ်သံလိုင်းတို့သဘောတူစာချုပ် ချုပ်ဆိုခဲ့ကြတယ်လို့ သိရပါတယ်။ အဲဒီလို နှစ်ဦးနှစ်ဖက်နားလည်မှုနဲ့ သဘောတူညီမှုရယူ လက်တွဲမဲ့ အကြောင်းကို ဖေဖော်ဝါရီ ၁၉ ရက်၊ နံနက် ၁၀ နာရီက Strand Hotel မှာ စာနယ်ဇင်းများကို အသိပေးပြောကြားပါတယ်။

ကမ္ဘာတစ်လွှားမှာ ကျင်းပနေတဲ့ဘောလုံးပွဲများကို အချိန်နဲ့ တစ်ပြေးညီ တိုက်ရိုက်ထုတ်လွှင့်ပြသနေတဲ့ Sky Net ရုပ်သံလိုင်း၊ Sports 1, Sports 2, Sports 3 channel များမှ ၂၀၁၄ ခုနှစ်၊ ဘရာဇီးနိုင်ငံမှာ ကျင်းပမဲ့ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲဖွင့်ပွဲ၊ ပိတ်ပွဲနဲ့ ပွဲစဉ် ၆၄ ပွဲစလုံးကို အချိန်နဲ့တစ်ပြေးညီ တိုက်ရိုက်ထုတ်လွှင့်ပြသသွားမှာ ဖြစ်တယ်လို့ သိရပါတယ်။ ပွဲစဉ် ၆၄ ပွဲထဲက အနည်းဆုံး ၂၂ ပွဲကို free to air (အခမဲ့)ထုတ်လွှင့်ပြသသွားမယ်လို့လည်း Sky Net မှ အထွေထွေမန်နေဂျာ ဦးဝင်းနိုင်က ပြောပါတယ်။ Sky Net ရုပ်သံလိုင်းမှ ဘောလုံးဝါသနာရှင်ပရိသတ်များအတွက် ဥရောပလိဂ်၊ ဘရာဇီးလိဂ်၊ အာရှလိဂ်စတဲ့ပြိုင်ပွဲများ တိုက်ရိုက်ထုတ်လွှင့်ပြသနေတာဖြစ်ပြီး ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(FIFA)နဲ့ သဘောတူညီမှု၊


Sky Net မှ အထွေထွေမန်နေဂျာ ဦးဝင်းနိုင်နဲ့ ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(FIFA) မှ Niclas Erison တို့က ရှင်းလင်းပြောကြားခဲ့ပါတယ်

ပူးပေါင်းဆောင်ရွက်မှုတွေ ရရှိအပြီးမှာ ၂၀၁၄ ခုနှစ်၊ ဘရာဇီးနိုင်ငံမှာ ကျင်းပမဲ့ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ အပါအဝင် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(FIFA)က ကျင်းပမဲ့တခြားသောဘောလုံးပွဲစဉ်များကိုလည်း Sky Net ရုပ်သံလိုင်းမှ တိုက်ရိုက်ထုတ်လွှင့်ပြသသွားတော့မှာ ဖြစ်တယ်လို့ သိရပါတယ်။ ■ နေလွှင်


ဖြူဖြူကျော်သိန်းနဲ့ ကြယ်ပွင့်ကလေးများ အမှတ်တရ…

*စာမျက်နှာ(၁)မှ…*က ဆိုပါတယ်။

*ဖြူဖြူနှင့် ကြယ်ပွင့်ကလေးများ* ဗီစီဒီရိုက်ကူးမှုမှာ ဖြူဖြူကျော်သိန်းက Jade Dragonအဖွဲ့ရဲ့အကနဲ့ *ကြမ်းလှချည်လား* သီချင်းကို သီဆိုရိုက်ကူးတာ ဖြစ်ပါတယ်။ ဒီသီချင်းကို တေးရေး အောင်နိုင်စန်း ရေးသားထားတာဖြစ်ပြီး တင်ဇာမော်ဆိုထားတဲ့သီချင်းကို ဖြူဖြူကျော်သိန်းက ပြန်လည်သီဆိုတာ ဖြစ်ပါတယ်။ *ကြမ်းလှချည်လား* သီချင်းက အကပုံစံနဲ့ လိုက်ဖက်မယ်ထင်တာကြောင့် Jade Dragon အဖွဲ့ရဲ့ အကအဖွဲ့နဲ့ တွဲဖက်ခဲ့တာ ဖြစ်ပါတယ်။ ကလေးအဆိုရှင်တွေပဲ ပါဝင်တဲ့ ဒီစီးရီးမှာ ပါဝင်ဖြစ်တာနဲ့ ပတ်သက်ပြီး ဖြူဖြူကျော်သိန်းက 'အခြားအတွဲခွေတွေမှာလည်း ဖြူဖြူ ဆိုဖူးပါတယ်။ ဒီအခွေမှာဆိုရတာ ဖြူဖြူ ပျော်တယ်။ ဒါပေမဲ့ ကိုယ် ဒိုင်လုပ်တဲ့ပွဲကနေ သူတို့ရဲ့အရည်အသွေးလေးတွေကို ကိုယ်ဆုံးဖြတ်ပြီး တင်ပေးလိုက်တဲ့ ကလေးတွေ လို့ ပြောရင် လည်း ပြောလို့ရတယ်။ အရမ်းကြီးကြီး ကျယ်ကျယ်ကြီး ပြောတာမဟုတ်ပါဘူး။ ကိုယ့်မျက်စိနဲ့ရှာဖွေတွေ့ရှိလာခဲ့တဲ့ ဖြူဖြူတို့၊ ဦးအောင်နိုင်စန်းတို့၊ အန်တီမေသော်တို့၊ အန်တီခင်မြတ်မွန်တို့ စတွေ့လာခဲ့တဲ့ ကလေးလေးတွေ၊ သူတို့ရဲ့အရည်အသွေးလေးတွေကို ရှာဖွေတွေ့ရှိလာခဲ့တာဆိုတော့ သူတို့လေးတွေနဲ့တွဲပြီး ဆိုရတာ အရမ်းပီတိဖြစ်ပါတယ်။ သူတို့ရဲ့ ဆိုပုံဆိုပေါက်၊ သူတို့ရဲ့အရည်အသွေးတွေကို တကယ်သဘောကျတယ်၊ သူတို့အရွယ်ငယ်ပေမဲ့ ကိုယ်လေးစားရတဲ့ အရည်အသွေးတွေ သူတို့မှာ ရှိတယ်။ တစ်နေ့ ဖြူဖြူ့အရွယ်ရောက်တဲ့အခါကျရင် ဖြူဖြူ့ထက် အများကြီးပိုတော်တဲ့ ကလေးတွေဖြစ်မယ်ဆိုတာ ယုံကြည်တယ်။ ကိုယ့်အတွက် အမှတ်တရလည်း ဖြစ်တယ်။ ဒါမှတ်တိုင်လေးလည်း ဖြစ်တယ်၊ အဲဒါကြောင့် ဖြူဖြူဆိုဖြစ်တာပါ' လို့ ဆိုပါတယ်။ *ဖြူဖြူနှင့် ကြယ်ပွင့်ကလေးများ* ဆိုပြီး စီးရီးနာမည်ပေးထားတဲ့အတွက်လည်း ဖြူဖြူကျော်သိန်းက ကျေနပ်ပါတယ်။

ဖြူဖြူကျော်သိန်းက သကြၤန်သီချင်းအနေနဲ့ တစ်ပုဒ်ပဲ ဆိုထားဖူးပါတယ်။ ဖြူဖြူကျော်သိန်းက သီချင်းဆိုတဲ့အခါ အသံနဲ့လိုက်ဖက်တဲ့သီချင်း၊ ကြိုက်တဲ့သီချင်းစာသား၊ ပါးစပ်ကထွက်ပြီးဆိုနိုင်တဲ့သီချင်းစာသားတွေဖြစ်ဖို့တွေကိုပဲ ရွေးဆိုတာ ဖြစ်ပါတယ်။

'သကြၤန်သီချင်းဆိုရင် အမြူးသီချင်း၊ Beat နဲ့ ကလို့ရတဲ့ သီချင်းမျိုးဆိုရင် ပိုကောင်းတယ်။ ဖြူဖြူ့ရဲ့ အဆိုတော်သက်တမ်းတစ်လျှောက်မှာ ဆိုဖြစ်တဲ့ သကြၤန်သီချင်းက လန်းသွားတယ် သကြၤန်စီးရီးထဲက စောင့်နေတဲ့ရာသီ သီချင်းပါ။ အဲဒီသီချင်းကို ပရိသတ်တွေက ဆက်စောင့်နေမယ်လို့ သိကြတယ်။ အခုဆိုတဲ့ သီချင်းကလည်း ကော်ပီပါ။ နှစ်ပုဒ်စလုံးကော်ပီတွေပဲ ဖြစ်ပါတယ်' လို့ ဖြူဖြူကျော်သိန်းက ဆိုပါတယ်။

*ဖြူဖြူနဲ့ ကြယ်ပွင့်ကလေး များ* စီးရီးအတွက် ဗီစီဒီရိုက်ကူးမှုကို တေးရေး အောင်နိုင်စန်းက Live Showပုံစံရော၊ MTVပုံစံပါ ရိုက်ကူးထားပါတယ်။ ၂၀၁၃ မတ်လမှာ ထွက်နိုင်ဖို့ စီစဉ်ထားပြီး ဖြူဖြူကျော်သိန်း၊ မေသက်ထားဆွေ၊ ခင်ပြည့်စုံသွေး၊ အိသက်ထားမွန်၊ ပြည့်မှူးသဒ္ဒါ၊ ဖြိုးသီဟ၊ ဝိုင်းလမင်းအောင်၊ အိဝေဖူးချို၊ ဖြူနှင်းပွင့်ခိုင်တို့က ပါဝင်သီဆိုထားကြတာ ဖြစ်ပါတယ်။ ■

ခင်လေးမြင့်


ဖြူဖြူကျော်သိန်းနဲ့ Jade Dragon အဖွဲ့တို့ရဲ့ဖျော်ဖြေတင်ဆက်မှု


စံအိမ်တော်ကြီးရှေ့တွင် နိုင်ငံတော် သမ္မတကြီးနှင့် ဦးစိုးဝင်း


ပထမသမီးတော်ကြီး ကံကုန်တော်မူသည့် အိမ်

*စာမျက်နှာ(၃)မှ…* ရှက်ရသည်။ ထိုရှေ့နေအား ရှေ့နေအဖြစ် ရှုပ်ငွေပေးရမရ မသိရသော်လည်း ထိုရှေ့နေ၏အိမ်တွင် အရှင်နှစ်ပါးပေးခဲ့သည့် လက်ဆောင်ပစ္စည်းများ ရှိသေးသည်။ စာရေးသူမြင်ရသည်မှာ ငွေဒေါင်းရုပ် (၂)ရုပ်၊ ပတ္တမြားနှင့် ကျောက်စီထားသော ရွှေထုံးဘူး (၁)ဘူး၊ မြလက်စွပ် (၁)ကွင်းဖြစ်ပါသည်။


သီပေါမင်းတရားအား ငွေချေးသည့် ရတနာဂီရိသူဌေးကြီး

ရတနာဂီရိမှ စာရေးသူနှင့်တွေ့ရသော ကောလိပ်တော်အရာရှိ ပြောပြုံအရ အရှင်နှစ်ပါးတွင် ပါသော အဖိုးတန် ရွှေငွေပစ္စည်းနှင့် ကျောက်မျက်ရတနာ၊ လက်ဝတ်လက်စားများသည် ငွေမရှိ၍ (သို့မဟုတ်) ပေးသည့်ငွေနှင့်မလောက်၍ ရောင်းချသဖြင့် ကုန်ခြင်းမဟုတ်ပါ။ သူတို့သဒ္ဓါသောသူများကို ပေးကမ်းစွန့်ကြဲနေ၍ ကုန်ခြင်းဖြစ်ပါသည်ဟု ဆိုသည်။ ကောလိပ်တော်အရာရှိက သူသိရသလောက် အရှင်နှစ်ပါးက 'သူတို့သည် သူတစ်ပါးထံမှ တောင်းရမ်းရန်မဟုတ်၊ သူတစ်ပါးကိုသာ စွန့်ကြဲရန်ဖြစ်သည်'ဟု ပြောဆိုခဲ့ကြောင်းကို မီလိုက်သောသူများထံမှ ကြားသိခဲ့ရသည်ဟု ဆိုသည်။

ဤကိစ္စမှာ များစွာဖြစ်နိုင်သည်။ မန္တလေးရွှေနန်းတော်တွင် စံနေကြစဉ်ကလည်း အရှင်နှစ်ပါး ပေးသနားတော်မူခဲ့သည့် ပစ္စည်းများမှာ တော်ရုံတန်ရုံမဟုတ်ကြောင်း သိခဲ့ရပါသည်။ မိဖုရားခေါင်ကြီး မဖြစ်မီ မြတောင်မင်းသမီးဘဝကပင် ထိုစဉ်က သူနှင့် သီပေါမင်းသားတို့ကြား စာလွှာအလဲအလှယ်ပြုခြင်းကိုကြားမှ အကျိုးဆောင်ပေးခဲ့ရသည့် မင်းသမီး၏အထိန်းတော်ကြီး 'ခင်ဖွားသစ်' ဆိုသူကို စိန်ဆံထိုးတော်ကြီးတစ်ချောင်း သူ့ဆံထုံးတော်မှ ချွတ်၍ ပေးသနားတော်မူသည်ဟု စာရေးဆရာမကြီး ဒဂုန်ခင်ခင်လေးက စာရေးသူအားပြောကြားခဲ့ဖူးသည်ကို မှတ်မိနေပါသေးသည်။

*(ဆက်လက်ဖော်ပြပါမည်)*

■

မောင်သန်းဆွေ(ထားဝယ်)


အော်ထရန်ဟောလ်

## ဆရာတော်အရှင်ဆန္ဒာဓိကရဲ့ ချင်းပြည်နယ်ပညာရေးအလှူ


ဆရာတော် အရှင်ဆန္ဒာဓိကရဲ့လက်ဆောင် သိန်း ၅၂၀ ကျပ်ကို ဒေါ်အောင်ဆန်းစုကြည်က ချင်းတိုင်းရင်းသား လွှတ်တော်ကိုယ်စားလှယ်တစ်ဦးကို လွှဲပြောင်းပေးအပ်ခဲ့ပါတယ်

၆၅ နှစ်မြောက် ချင်းအမျိုးသားနေ့ကျရောက်တဲ့ ဖေဖော်ဝါရီလ ၂၀ ရက်နေ့က နေပြည်တော် ပြည်သူ့လွှတ်တော် တရားဥပဒေစိုးမိုးရေးနဲ့ တည်ငြိမ်အေးချမ်းရေးကော်မတီရုံးခန်းမှာ ရွှေပါရမီဆရာတော် အရှင်ဆန္ဒာဓိကက ချင်းပြည်နယ်ပညာရေးအတွက် ပညာရေးအလှူ ကျပ်သိန်း ၅၂၀ လှူဒါန်းပေးခဲ့ပါတယ်။ ပညာရေးအတွက် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို ပြည်ထောင်စုလွှတ်တော် နာယက၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်၊ တရားဥပဒေစိုးမိုးရေးနဲ့ တည်ငြိမ်အေးချမ်းရေးကော်မတီဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်နဲ့ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များ၊ ချင်းတိုင်းရင်းသား လွှတ်တော်ကိုယ်စားလှယ်များနဲ့စိတ်ပါဝင်စားသူ လွှတ်တော်ကိုယ်စားလှယ်များ စုံညီစွာ တက်ရောက်ခဲ့ကြတယ်လို့ သိရပါတယ်။

ဆရာတော်က လူတစ်ဦးချင်းရဲ့ဘဝတိုးတက်မှုအတွက်ရော၊ တိုင်းပြည်တစ်ခုလုံးရဲ့အဆင့်အတန်းမြင့်မားဖို့အတွက်ပါ ကျန်းမာရေးနဲ့ ပညာရေးက အရေးကြီးဆုံးဖြစ်တယ်ဆိုတာ အားလုံးသိရှိကြပြီဖြစ်ပါတယ်။ ကျန်းမာရေးက ဘယ်ခြေဆိုရင် ပညာရေးက ညာခြေလို့ သတ်မှတ်ရမှာဖြစ်ပြီး ခြေကျင်ခရီးတစ်ခုလျှောက်လှမ်းတဲ့နေရာမှာ ဘယ်ခြေရော၊ ညာခြေပါ သန်စွမ်းမှ လိုရာပန်းတိုင်ကို မြန်မြန်ဆန်ဆန်နဲ့ ရောက်ရှိနိုင်မှာဖြစ်လို့ ဘဝခရီးလမ်း၊ တိုင်းပြည်ခရီးလမ်း လျှောက်လှမ်းတဲ့နေရာမှာ လိုရာပန်းတိုင်ကို မြန်မြန်ဆန်ဆန်နဲ့မှန်မှန်ကန်ကန်ရောက်ရှိဖို့ ဒီနေ့အလှူက သန်စွမ်းသည်ထက်သန်စွမ်းအောင်၊ အားရှိသည်ထက် အားရှိအောင် စွမ်းနိုင်သလောက် အုတ်တစ်ချပ် သဲတစ်ပွင့်ကူညီအားဖြည့်တဲ့အနေနဲ့ လှူဒါန်းရတာဖြစ်ကြောင်း ဆရာတော်အရှင်ဆန္ဒာဓိကက မိန့်ကြားခဲ့ပါတယ်။

ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်တဲ့ပညာရေးကွန်ရက်ရဲ့ အမေ့အိမ်ပညာဒါနကျောင်းတစ်ခုအတွက် ဆရာတော် အရှင်ဆန္ဒာဓိကက လှူဒါန်းချင်တဲ့အကြောင်းပြောဖြစ်တဲ့အခါ ဒေါ်အောင်ဆန်းစုကြည်က "ဆရာတော်ရဲ့အလှူကို တိုင်းရင်းသားများအတွက် ဒေသများမှာ လှူဒါန်းပေးလိုက်ရင် ပိုပြီးအကျိုးများလိမ့်မယ်လို့ ပြောလာတဲ့အတွက် အခုချိန်မှာ အလိုအပ်ဆုံးဒေသဖြစ်တဲ့ ချင်းပြည်နယ်အတွက် လှူဒါန်းလိုက်ရတာဖြစ်တယ်လို့ ဆရာတော်က မိန့်ကြားခဲ့ပါတယ်။ အခုလှူလိုက်တဲ့အလှူက ပညာရေးကွန်ရက်ရဲ့ ခေါင်းစဉ်အောက်က မဟုတ်တော့သလို အမေ့အိမ်ဆိုတဲ့ခေါင်းစဉ်အောက်က မသွားတော့ဘဲ အလှူကသာ အဓိကဖြစ်တယ်လို့ ဆိုပါတယ်။ ဆရာတော်က ကိုယ့်ဆီကို ရောက်ရှိလာတဲ့ လာဘ်လာဘကို သူတစ်ပါးလက်ထဲလွှဲပြောင်းပေးနိုင်ဖို့ဆိုတာ လူတိုင်းလုပ်နိုင်တဲ့အလုပ် မဟုတ်ဘဲ စွန့်လွှတ်ရဲတဲ့စိတ်ဓာတ်၊ သူတော်ကောင်းစိတ်ဓာတ်အားကောင်းမှ လုပ်နိုင်တာဖြစ်တယ်"လို့ လှူဒါန်းပေးလိုက်တဲ့ ဆရာတော်ကို ချီးကျူးဂုဏ်ပြုစကားပြောကြားခဲ့ပါတယ်။

ဆရာတော်က ယခုအလှူကို ပညာရေးအလှူလို့ နာမည်တပ်ပေမဲ့ အလှူတစ်ခုလို့ သဘောမထားဘဲ မေတ္တာလက်ဆောင် တစ်ခုပေးအပ်လိုက်တယ်လို့ပဲ သဘောထားပါတယ်လို့ ဆရာတော်က မိန့်ကြားခဲ့ပါတယ်။ ဒါကြောင့် ချင်းတိုင်းရင်းသားညီအစ်ကိုမောင်နှမများအတွက် ဆရာတော်ရဲ့မေတ္တာလက်ဆောင်ဖြစ်တယ်လို့ ရှင်းပြခဲ့ပါတယ်။ ကုသိုလ်ရချင်လို့၊ ပါရမီဖြည့်ချင်လို့ လှူဒါန်းတာမျိုးမဟုတ်ဘဲ လိုအပ်နေတဲ့နေရာမှာ လိုအပ်ချက်ကို ဖြည့်ဆည်းပေးလိုက်တာဖြစ်တယ်လို့ မိန့်ကြားခဲ့ပါတယ်။

အလှူပွဲမှာ ဒေါ်အောင်ဆန်းစုကြည်က "အခုလို ဗုဒ္ဓဘာသာ ရဟန်းတော်တစ်ပါးအနေနဲ့ ခရစ်ယာန်ဘာသာဝင်တွေ အများစုနေထိုင်ကြတဲ့ချင်းပြည်နယ်ကို ပညာရေးမေတ္တာလက်ဆောင်ပေးလိုက်တဲ့အတွက် ဘာသာအချင်းချင်း ချစ်ကြည်ရင်းနှီးရေးနဲ့ တိုင်းရင်းသားအချင်းချင်းစည်းလုံးညီညွတ်ရေးကိုလည်း အများကြီး အထောက်အကူပြုပါတယ်"လို့ အလှူအခမ်းအနားမှာပြောကြားခဲ့ပါတယ်။ ဒါ့အပြင် လွှတ်တော်နာယကကြီး ဦးခင်အောင်မြင့်ကလည်း ကိုယ့်အတွက်ဘာကုသိုလ်၊ ဘာအကျိုးမှ မမျှော်ကိုးဘဲ တိုင်းပြည်အကျိုး သက်သက်ပဲ ရည်ရွယ်ပြီး စွမ်းနိုင်သမျှ ကူညီအားပေးတဲ့ဆရာတော်လို ပရဟိတသန့်သန့်ထားရှိတဲ့ပုဂ္ဂိုလ်တွေအများကြီး ပေါ်ပေါက်လာမယ်ဆိုရင် မြန်မာပြည်ကြီး အမြန်ဆုံးဖွံ့ဖြိုးတိုးတက်လာမှာ သေချာပါတယ်လို့ ဝမ်းမြောက်စကားပြောကြားခဲ့ပါတယ်။

ဆရာတော်ရဲ့ ပညာရေးအလှူကျပ် သိန်း ၅၂၀ ကို ဆရာတော့်ကိုယ်စား ဒေါ်အောင်ဆန်းစုကြည်ကလှူဒါန်းပေးရာ ချင်းတိုင်းရင်းသားကိုယ်စားလှယ်တစ်ဦးက လက်ခံရယူပေးခဲ့ပါတယ်။ ဒီအလှူငွေများကို ချင်းပြည်နယ် တီးတိန်မြို့နယ်၊ ဗိုနွမ်းဇန်ကျေးရွာ၊ အခြေခံပညာမူလတန်းလွန်ကျောင်း ဆောက်လုပ်ရန်အတွက် အသုံးပြုသွားမှာဖြစ်ပြီး အလျား ၁၆၂ ပေ၊ အနံ ၂၅ ပေရှိကျောင်းဆောင်သစ် ဆောက်လုပ်ရာမှာ အသုံးပြုသွားမယ်လို့ သိရပါတယ်။ ■

လင်းနိုင်ဦး

## ကောင်းကင်ကြီး အောက်က ဆက်အောင်တီတီ

ဆက်အောင်တီတီရဲ့ Underneath Sky တစ်ကိုယ်တော်ပန်းချီပြ ပွဲကို ၂၀၁၃ ဖေဖော်ဝါရီ ၁၆ ရက်မှ ၂၀ ရက်အထိ ဒဂုံမြို့နယ်၊ အလံပြဘုရားလမ်းရှိ အမှတ် ၂၀၂ United ကွန်ဒိုမှာ ပြုလုပ်ခဲ့ပါတယ်။ Underneath Sky မှာ ဆက်အောင်တီတီရဲ့ပန်းချီကား ၂၀ ကို ပြသခဲ့တာဖြစ်ပါတယ်။ ဆက်အောင်တီတီက ကောင်းကင်ကြီးအောက်မှာ ဆိုတဲ့သီချင်းကိုသီဆိုခဲ့ဖူးတာကြောင့် ဒီပန်းချီပြပွဲကိုလည်း Underneath Sky လို့ ပေးထားတာဖြစ်ပြီး ကောင်းကင်ကြီးအောက်က လူတစ်ယောက်အနေနဲ့ လုပ်ဖူးတဲ့အရာ၊ လုပ်ဆောင်တဲ့အရာနဲ့ သက်ဆိုင်လို့ပေးဖြစ်တာလို့ သိရပါတယ်။ ဆက်အောင်တီတီက သီချင်းရေး၊ ဆိုရတာနဲ့ ပန်းချီဆွဲတဲ့ခံစားမှုကွာခြားချက်နဲ့ပတ်သက်ပြီး "ငယ်ငယ်တုန်းက ဂစ်တာအရမ်းတီးပြီး ဂီတကို ပိုမြတ်နိုးတယ်။ စစ်ကိုင်းဘက်၊ နယ်ဘက်မှာနေတော့ ပန်းချီတွေဘာတွေလဲ မထွန်းကားတော့ ရန်ကုန်ရောက်မှ အခွေလုပ်ရင်းလုပ်ဖြစ်တယ်။ နောက်ပိုင်းမှာ အသက်အရွယ်ရလာတော့ ပန်းချီဘက်ကို ပိုအားသန်လာတယ်။ ပိုပြီးဆွဲဖြစ်လာတယ်"လို့ ပြောပြပါတယ်။


ဆက်အောင်တီတီရဲ့ ရှင်ပြုပွဲ ပန်းချီကား

ဆက်အောင်တီတီက အနုပညာလောကကို ဂီတနဲ့ စတင်ဝင်ရောက်ခဲ့ပြီး တေးရေး၊ တေးဆို၊ တီးဝိုင်းအဖွဲ့ဝင်အဖြစ် လုပ်ကိုင်ခဲ့တာ ဖြစ်ပါတယ်။ ပန်းတို့ရဲ့ ခွင့်လွှတ်မှု၊ ဆောင်းတေးပန်းချီ စီးရီးတို့အတွက် သီချင်းများရေးသားခဲ့ပြီး **တူနိုင်းမမီ** ရုပ်ရှင်ဇာတ်ကားနဲ့ မြန်မာကရုဏာဖောင်ဒေးရှင်းအမှတ်တရအထိမ်းအမှတ် တေးသီချင်းပြိုင်ပွဲတို့မှာလည်း ရွေးချယ်ခံခဲ့ရပါတယ်။ ၂၀၀၃ မှာ ကောင်းကင်ကြီးအောက်မှာ စီးရီးအတွက် သီချင်းရေးခဲ့သလို ကိုယ်တိုင်လည်း သီဆိုခဲ့ပြီး ၂၀၀၅ မှာ ကလေးများအတွက် သင်ကြားရေးအထောက်အကူပုံစံမျိုးဖြစ်တဲ့ ပန်းချီခြယ်စရာတို့ကမ္ဘာ ဗီစီဒီ၊ မိုင်တိုင်များရဲ့ ဒိုင်ယာရီ မှတ်တမ်းတင်ဗီစီဒီတို့ကို ဒါရိုက်တာအဖြစ် ရိုက်ကူးခဲ့ပါတယ်။ ၂၀၀၈ ခုနှစ်မှာ New Zero Art Space ကပြုလုပ်တဲ့ New Zero Fire Art Show ကအစပြုပြီး ပန်းချီလောက ထဲ စတင်ဝင်ရောက်ခဲ့ပါတယ်။ ■


ဆက်အောင်တီတီရဲ့ ချင်းလုံမလေး ပန်းချီကား

ခင်လေးမြင့်

## မြင့်မာလာက စင်တင်မဲ့ ဖြိုးရည်မျိုး

မန္တလေးမြို့က နာမည်ကြီး ရုပ်ရှင်ထုတ်လုပ်ရေးတစ်ခုဖြစ်တဲ့ မြင့်မာလာရုပ်ရှင်ထုတ်လုပ်ရေးပိုင်ရှင် ဦးမျိုးသိန်းက သမီးဖြစ်သူ ဖြိုးရည်မျိုးကို သူ့ရဲ့ဝါသနာအလျောက် ဗီဒီယိုဇာတ်ကားများမှာ သရုပ်ဆောင်စေပြီး စင်တင်ပွဲထုတ်သွားမယ်လို့ သိရပါတယ်။ ဖြိုးရည်မျိုးအနေနဲ့လည်း အနုပညာကိုငယ်စဉ်ကတည်းက ဝါသနာပါတဲ့အတွက် ဖခင်ထုတ်လုပ်ရိုက်ကူးတဲ့ **ကိုးဆယ်ဆသာလိမ့်မယ်** ရုပ်ရှင်ဇာတ်ကားများ ရိုက်ကူးစဉ်ကတည်းက ရိုက်ကွင်းတွေကို အားကျစိတ်နဲ့လေ့လာဖြစ်ခဲ့ပြီး အခုအခါမှာတော့ တက္ကသိုလ်ဝင်တန်းကို အောင်မြင်ခဲ့ပြီဖြစ်လို့ ဗီစီဒီများရိုက်ကူးကာ ဒီဗီဒီဇာတ်ကားတစ်ကားလည်း ရိုက်ကူးပြီးစီးထားပြီလို့ သိရပါတယ်။ ဒီဗီဒီဇာတ်ကားမှာ ဖြိုးရည်မျိုးက အောင်ရဲလင်း၊ မိုးဟေကိုတို့ နဲ့အတူ ပါဝင်သရုပ်ဆောင်ထားပြီး ဒါရိုက်တာအဖြစ် ဇော်မျိုး(ခရေပုံပြင်)က ရိုက်ကူးပေးထားတယ်လို့ ဖြိုးရည်မျိုးက ပြောပြခဲ့ပါတယ်။ အဲဒီဒီဗီဒီကားမှာတော့ တက္ကသိုလ်ကျောင်းသူအဖြစ်သရုပ်ဆောင်ပြီး အောင်ရဲလင်းက မိုးဟေကိုနဲ့ ချစ်သူတွေဖြစ်ပြီးမှ ဖြိုးရည်မျိုးနဲ့ထပ်တွေ့တဲ့ဇာတ်ရုပ်ကို အကောင်းဆုံးသရုပ်ဆောင်ထားတယ်လို့ သိရပါတယ်။ နောက်ထပ်လည်း ဇာတ်ကားတွေ ဆက်ရိုက်နိုင်ဖို့ ရန်ကုန်မြို့မှာပဲ ပြောင်းရွှေ့နေထိုင်နေပြီဖြစ်တယ်လို့ သိရပါတယ်။ ■ လင်းနိုင်ဦး


ဖြိုးရည်မျိုး

# ရုပ်ရှင်နဲ့ ဗီဒီယို လောကသားများရဲ့ သဘောထားကို ရှင်းလင်းပြောကြား

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးက ဖေဖော်ဝါရီလ ၁၅ ရက်၊ ည ၆ နာရီ၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးမှာ စာနယ်ဇင်းရှင်းလင်းပွဲ ပြုလုပ်ခဲ့ပါတယ်။ အဲဒီစာနယ်ဇင်းရှင်းလင်းပွဲမှာ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးမှ တာဝန်ရှိသူများ၊ ရုပ်ရှင်နဲ့ ဗီဒီယိုလောကသားများ တက်ရောက်ပြီး အဖြစ်အပျက်၊ အကြောင်းအရာများ ရှင်းလင်းတင်ပြကြသလို ဆန္ဒသဘောထားများဖော်ထုတ်ကြတာလည်း တွေ့ရပါတယ်။

အဲဒီစာနယ်ဇင်းရှင်းလင်းပွဲမှာ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး နာယကတစ်ဦးဖြစ်တဲ့ အကယ်ဒမီ ပန်းချီစိုးမိုးက အတိုက်အခိုက်များကို စကားနည်းရန်စဲ သဘောမျိုးဖြစ်စေရန် တုံ့ပြန်မှုမပြုခဲ့ကြခြင်းဖြစ်ကြောင်း၊ အမှန်တရားကို တိကျစွာ ရှင်းလင်းပြလိုသောကြောင့်သာ စာနယ်ဇင်းရှင်းလင်းပွဲ ပြုလုပ်ရခြင်းဖြစ်ကြောင်း ရှေးဦးစွာပြောကြားပါတယ်။ အဲဒီနောက်မှာတော့ မြန်မာနိုင်ငံရုပ်ရှင် အစည်းအရုံး ဥက္ကဋ္ဌ ဦးဇင်ဝိုင်းက ဦးဝင်းကို ဦးဆောင်တဲ့ ထုတ်လုပ်သူအဖွဲ့အနေနဲ့ ထုတ်လုပ်သူအချို့ကို လိမ်ညာလှည့်ဖြား လက်မှတ်ရေးထိုးစေပြီး ဖန်တီးထားတဲ့ ပစ်စာ၊ တိုင်စာအမျိုးမျိုးကို နိုင်ငံတော်သမ္မတအထိ ပေးပို့ခဲ့ပြီး လက်မှတ်ရေးထိုးထားသူအချို့က ၎င်းတို့၏ဆန္ဒ မပါဝင်ဘဲ ရေးထိုးခဲ့ရခြင်းဖြစ်တယ်လို့ ဝန်ခံကြကြောင်း၊ ဗီဒီယိုအခြေခံအဖွဲ့ (ဗဟို)ကို ပြန်လည်ပြင်ဆင်ဖွဲ့စည်းပေးဖို့ အကြိမ်ကြိမ်တောင်းဆိုခဲ့ပြီး၊ ၎င်းတို့ဆန္ဒအတိုင်း ပြန်လည်ဖွဲ့စည်းပေးခဲ့သော်လည်း တရားမျှတမှု မရှိဟု စွပ်စွဲပြောဆိုခဲ့ကြောင်း၊ ဂျာနယ်စာမျက်နှာများထက်တွင်လည်း ရုပ်ရှင်အစည်းအရုံးရဲ့ လုပ်ဆောင်မှုများအပေါ် အထင်အမြင်လွဲမှားစေတဲ့ တစ်ဖက်သတ် ပြောဆိုဝေဖန်မှုများ ပြုလုပ်ခဲ့ကြောင်းများ ပြောသွားပါတယ်။


မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး ဥက္ကဋ္ဌ ဦးဇင်ဝိုင်း


မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး နာယက ဦးပန်းချီစိုးမိုး


မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး ဒုတိယဥက္ကဋ္ဌ ဦးညီညီထွန်းလွင်


မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး ဒုတိယဥက္ကဋ္ဌ ဦးလူမင်း


ဒါရိုက်တာ ဝိုင်း


ဒါရိုက်တာ မောင်မျိုးမင်း(ရင်တွင်းဖြစ်)

မြန်မာနိုင်ငံရုပ်ရှင် အစည်းအရုံး ဒုတိယဥက္ကဋ္ဌဖြစ်သူ အကယ်ဒမီ ဒါရိုက်တာ ညီညီထွန်းလွင်ကတော့ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးကို နည်းမျိုးစုံနဲ့ထိုးနှက်ပြီး နိုင်ငံတော်သမ္မတအထိ တိုင်စာတွေအမျိုးမျိုး ပို့နေတဲ့လူတစ်စုကို ဦးဆောင်နေသူများအကြောင်းကို မှတ်တမ်းမှတ်ရာ၊ တိုင်ကြားစာတွေထဲက ကောက်နုတ်ပြီး တင်ပြသွားတာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး ဒုတိယဥက္ကဋ္ဌတစ်ဦးဖြစ်တဲ့ အကယ်ဒမီ လူမင်းကတော့ "ကျွန်တော့်အနေနဲ့ကတော့ အများကြီး ပြောစရာမရှိသလို စာနဲ့ ပေနဲ့လည်း မပြောပါဘူး။ ကျွန်တော်ပြောချင်တာက တိုင်းပြည်မှာ တစ်ယောက်နဲ့တစ်ယောက် သေနတ်တွေနဲ့ပစ်ပြီး အသေသတ်နေကြတဲ့သူတွေတောင် ညှိနှိုင်းဆွေးနွေးနေကြသေးတာပဲဗျာ။ ကျွန်တော်တို့တွေရော ဘာလို့ ညှိနှိုင်းဆွေးနွေးလို့ မရရမှာလဲ။ ပြီးတော့ ဂျာနယ်တွေပေါ်မှာ ဟိုပါဒီပါဖြစ်လာတဲ့အခါ ကျွန်တော် တစ်ခါကပြောခဲ့ဖူးတဲ့ ကျွန်တော်တို့လောကမှာ တစ်ခါမှ မရခဲ့ဖူးတဲ့ စည်းလုံးညီညွတ်မှုတွေရနေပါပြီဆိုတဲ့ စကားအပေါ် ရှက်မိပါတယ်"လို့ပြောပါတယ်။

တက်ရောက်လာကြတဲ့ ရုပ်ရှင်လောကသားတွေထဲမှာတစ်ဦးအပါအဝင်ဖြစ်တဲ့ ဒါရိုက်တာ ဝိုင်းက "ကျွန်တော်တို့ အခု အရှေ့ကိုသွားဖို့လုပ်နေပါတယ်။ နောက်ကနေလိုက်ဆွဲနေမယ်ဆိုရင် ကျွန်တော်တို့ ရှေ့ကိုသွားလို့ မရတော့ပါဘူး" လို့ပြောပြီး အကယ်ဒမီ ဒါရိုက်တာ မောင်မျိုးမင်း(ရင်တွင်းဖြစ်)ကတော့ "စည်းကမ်းဖောက်ဖျက်တဲ့သူတွေကို အပြစ်ပေးသင့်ပါတယ်။ ပြတ်ပြတ်သားသား အရေးယူသင့်ပါတယ်။ ကျွန်တော်ကိုယ်တိုင်လည်း အစည်းအရုံးက အပြစ်ပေးတာ ခံခဲ့ရဖူးပါတယ်။ အဲဒီလိုပဲ ရဲရဲရင့်ရင့် အပြစ်ပေးသင့်ပါတယ်"လို့ပြောသွားပါတယ်။

ဖေဖော်ဝါရီလ ၁၅ ရက်မှာ စာနယ်ဇင်းရှင်းလင်းပွဲလုပ်ပြီး ရုပ်ရှင်လောကသားတွေရဲ့သဘောထားကို ထုတ်ဖော်ပြောကြားခဲ့တဲ့ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးက ဖေဖော်ဝါရီလ ၁၈ ရက်မှာတော့ မာန်ထက်ချီထုတ်လုပ်ရေးမှ ဦးဝင်းကိုနဲ့ ဇမ္ဗူတာလူထုတ်လုပ်ရေးမှ ဦးခင်ရွှေတို့ကို အရေးယူအပြစ်ပေးတဲ့စာ ပေးပို့ခဲ့တယ်လို့ သိရပါတယ်။ ■ နေလွင်

# တစ်ရက်တစ်လုံး ၂၈ ရက် i Phone 5 ချီးမြှင့်ပေးတဲ့ HBT

HBT ကုမ္ပဏီရဲ့တရုတ်နှစ်သစ်ကူးအရောင်းမြှင့်တင်ရေးအစီအစဉ်အဖြစ် HBT ကုမ္ပဏီက ဈေးဝယ်သူများအတွက် KMT Mobile မှာ အာမခံနဲ့ဝယ်ယူထားတဲ့ i Phone 5 32 G ၂၈ လုံးနဲ့ ငွေသားဆုများကို ဖေဖော်ဝါရီလ ၁ ရက်နေ့မှ ၂၈ ရက်နေ့အထိ တစ်ရက်တစ်လုံးနဲ့ တစ်လလုံးအတွက် ၂၈ လုံးကံစမ်းမဲနှိုက်ထုတ်ပေးခဲ့ပါတယ်။

ကံစမ်းမဲဖွင့်လှစ်တဲ့အစီအစဉ်မှာ ရန်ကုန်၊ မန္တလေး၊ နေပြည်တော်ရှိ HBT ကုမ္ပဏီကဖွင့်လှစ်ထားတဲ့ အရောင်းကောင်တာများမှာ HAZAED, CHEQ, GQ, GIFFINI, BEVERLY HILLS POLO CLUB, GARBANG, FRATELLO,MC JEANS, PULCINELLA, CLAUDIA KIEID, MILLA, LIGNE, ANGEY, BEGINS, BRIDGES, SABINA, FIDO DIDO, LEE KIDS, HUSH PUPPIES & HEAVY စတဲ့ Branded Fashion အဝတ်အထည်များကို ကျပ် ၁ သိန်းဖိုးဝယ်ယူပါက iphone 5 ရရှိနိုင်မဲ့ ကံစမ်းမဲနံပါတ်ပါတဲ့ ကူပွန်တစ်စောင်ရရှိမှာဖြစ်ပြီး ဒီနေ့ဝယ်ယူလိုက်တဲ့ Customer ရဲ့ကံစမ်းမဲကို နောက်တစ်နေ့ နေ့လယ် ၁၁ နာရီမှာ ပဏာမဆန်ခါတင် ၁၀ ဦးကိုရွေးချယ်ပြီး ညနေ ၅ နာရီတိုင်း ၁၀ ဦးကိုလည်း ကံစမ်းမဲဖွင့်ဖောက်မဲ့ အစီအစဉ်သို့ဖိတ်ကြားကာ တစ်ပြိုင်တည်းမဲနှိုက်စေပြီးအတူတူ ကံစမ်းမဲလိပ်ကိုဖွင့်ကာ i phone 5 ဒါမှမဟုတ် ၁ သောင်း၊ ၂ သောင်း၊ ၃ သောင်း ဈေးဝယ်ခွင့်ကတ် ကံထူးသူ ၁၀ ဦးစလုံးကို ချက်ချင်းဆုချီးမြှင့်ပေးတာ ဖြစ်ပါတယ်။ အထူးအစီအစဉ်အနေနဲ့ ကံစမ်းမဲဖွင့်လှစ်ပွဲကို ဖေဖော်ဝါရီ ၁၅ ရက်နေ့နဲ့ ၁၆ ရက်နေ့များက ရန်ကုန်မြို့၊ ပြည်လမ်း စိန်ဂေဟာရှိ HBT ကောင်တာမှာ ကံစမ်းမဲနှိုက်ပေးခဲ့သလို ဖေဖော်ဝါရီလ ၂၂ ရက်နဲ့ ၂၇ ရက်များမှာလည်းJunction Square Promotion Areaမှာ ကံစမ်းမဲ ဖွင့်ဖောက်ပေးခဲ့ပါတယ်။ ■

လင်းနိုင်ဦး



## သယံဇာတကျိန်စာ

သယံဇာတကျိန်စာ အမည်နဲ့ ဓာတ်ပုံ၊ ကာတွန်း၊ ပိုစတာများပြပွဲကို ၂၀၁၃ ဖေဖော်ဝါရီလ ၂၀ ရက်မှ ၂၂ ရက်အထိ ရန်ကုန်မြို့ ရွှေဂုံတိုင်ရှိ တော်ဝင်နှင်းဆီ၊ သီရိခန်းမမှာ ပြုလုပ်ခဲ့ပါတယ်။ ဒီပြပွဲမှာ ဓာတ်ပုံဆရာ စိုးဝင်းငြိမ်း၊ ဇင်မောင်၊ ကိုထက် (မုံရွာ)၊ ကာတွန်းဆရာ အော်ပီကျယ်၊ မောင်မောင်အောင်၊ ဆောမင်းဝေ၊ အောင်မော်၊ ကျော်သူရိန်၊ ဒီဇိုင်းဆရာ ဖော်မောင်၊ ထွန်းဝင်းငြိမ်းတို့ရဲ့လက်ရာများပါဝင်ပြီး လက်ပံတောင်းတောင် စီမံကိန်းနဲ့ပတ်သက်တဲ့ လှုပ်ရှားမှုပုံရိပ်၊ တောင်းဆိုမှုများကို တင်ဆက်ထားတာ ဖြစ်ပါတယ်။ သယံဇာတကျိန်စာမှာ ပါဝင်တဲ့ ပန်းချီ၊ ကာတွန်း၊ ဒီဇိုင်းဆရာ ဖော်မောင်က မြန်မာနိုင်ငံက မြေအောက်သယံဇာတ ပေါကြွယ်ဝတယ်ဆိုတာ ဂုဏ်ယူစရာလားလို့ စိတ်ထဲမှာ အောက်မေ့မိကြောင်း၊ မြေပေါ်သယံဇာတများဖြစ်တဲ့ သိပ္ပံပညာရှင်၊ အတတ်ပညာရှင်၊ အသိပညာရှင်များ၊ ကျွမ်းကျင်ပညာရှင်များပေါ်တဲ့ မြန်မာနိုင်ငံဆိုရင် ပိုပြီးကောင်းတယ်လို့ မထင်ဘူးတွေးမိကြောင်း၊ ဘိုးဘွားလက်ထက်ကတည်းက ပိုင်ဆိုင်တဲ့ရတနာများကို ဖင်နဲ့ထိုင်ထားပြီး ဘာအတတ်ပညာမှမတတ်တဲ့




အတွက် ဒါတွေကို စနစ်တကျမသုံးတတ်၊ ဆက်လက်မထိန်းသိမ်းတတ်၊ ပညာမတတ်၊ နေ့ဥစ္စာမရှိတဲ့အခါ အိမ်နီးချင်းက အတတ်ပညာနဲ့ နေ့ဥစ္စာအလုံအလောက်ရှိတဲ့အတွက် ဒါတွေကို လိုချင်တပ်မက်ကြကြောင်း၊ မြန်မာတို့အတွက် ကျိန်စာစတာဖြစ်ကြောင်း၊ လေနဲ့ကမ္ဘာမြေကို ဖန်တီးတာ ကမ္ဘာပေါ်က ဘယ်သတ္တဝါမှ ဖန်တီးတာမဟုတ်ကြောင်း၊ ယေဘုယျအားဖြင့် လူတိုင်းကမ္ဘာမြေကို ပိုင်ဆိုင်ပြီး လေကို လွတ်လပ်စွာရှူခွင့်ရှိကြောင်း၊ တကယ်တော့ ကိုယ်ပိုင်တဲ့နေရာလေးကနေ ကမ္ဘာမြေကို ဖျက်ဆီးထိုးဖောက်ပြီး မြေအောက်သယံဇာတတွေကိုယူတာ နည်းလမ်းမကျဘူးလို့ထင်ကြောင်း၊ မြေပေါ်မှာသာ သူ့ဟာကိုယ့်ဟာလို့ပိုင်းခြားပေမဲ့ မြေအောက်ကတော့ တစ်ဆက်တည်းဖြစ်ကြောင်း၊ မြေအောက်ကနေ သူ့ဟာကိုယ့်ဟာ ဆိုပြီး အပြိုင်ခွဲထုတ်နေကြတာဟာ မြေအောက်မှာ ရှိသင့်ရှိထိုက်တဲ့အရာတွေ မရှိတော့ဘူးလားလို့ တွေးမိကြောင်း၊ အရည်ကလည်း အရည်အလျောက်၊ အစိုင်အခဲကလည်း အစိုင်အခဲအလျောက် ကမ္ဘာမြေကို ခိုင်ခံ့အောင်ထောက်ပံ့ထားတာတွေ မရှိတော့ဘူးလို့ စဉ်းစားမိကြောင်း၊ သယံဇာတ ဆိုတဲ့အရာတွေက ကမ္ဘာမြေကြီးအတွက် လိုအပ်တဲ့သဘောတရား အထောက်အပံ့ဖြစ်တဲ့အရာတွေပဲဖြစ်ကြောင်း၊ သဘာဝတရားက ဘာမှ မလိုအပ်ဘဲနဲ့မစီမံထားကြောင်း၊ ဒီနေ့ လူတွေဟာ နောင်လာမဲ့မျိုးဆက်အတွက် ပညာပေးဖို့အကြွေးရှိသလို ကမ္ဘာမြေကို နောင်လာမဲ့မျိုးဆက်အတွက် စောင့်ရှောက်ဖို့ အကြွေးရှိတယ်လို့ ယုံကြည်ကြောင်းပြောကြားခဲ့ပါတယ်။ မြန်မာပြည်မှာနေတဲ့အတွက် မြန်မာပြည်မှာရှိတဲ့ သယံဇာတများ မပျက်သင့်တာ မပျက်အောင်ထိန်းသိမ်းဖို့ အထိုက်အလျောက်တော့ တာဝန်ရှိတယ်လို့ ခံယူကြောင်း၊ အဲဒီစိတ်နဲ့ပဲ ဒီပွဲမှာပါဝင်ဖြစ်ပြီး လုပ်ရမဲ့အလုပ်လို့ပဲ ခံယူကြောင်း၊ ကာတွန်း၊ ပန်းချီမောင်မောင်အောင်က ဆိုပါသေးတယ်။

သယံဇာတကျိန်စာပြပွဲနဲ့အတူ သယံဇာတကျိန်စာ စာအုပ်ကို ပြုစုထားပြီး စိုးဝင်းငြိမ်း၊ ဝင်းမျိုးသူနဲ့ ထွန်းဝင်းငြိမ်းတို့က ပြုစုရေးသားထားတာဖြစ်ပါတယ်။ သယံဇာတဆိုတာက တိုင်းသူပြည်သားအားလုံးပိုင်ဆိုင်တဲ့ပစ္စည်းဖြစ်ကြောင်း၊ အဲဒီပစ္စည်းကို အုပ်ချုပ်တဲ့အစိုးရတွေက သူတို့အာဏာတည်မြဲရေးအတွက် အသုံးချပြီး အာဏာကို ဆက်လက်ထိန်းချုပ်ထားကြောင်း၊ အဲဒီအခြေအနေမှာ ပြည်သူလူထုက ဘာမှခံစားခွင့်မရှိဘဲနဲ့ သယံဇာတများရှိနေလို့ သူတို့က ဒုက္ခရောက်နေရသယောင် ဖြစ်ရတဲ့ အခြေအနေမျိုးတွေကို သယံဇာတကျိန်စာလို့ ခေါ်ဆိုခဲ့ကြောင်း၊ သယံဇာတကျိန်စာဆိုတဲ့ စကားလုံးကို သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အဘိဓာန်များဖွင့်ဆိုထားတာများနဲ့ ပတ်သက်ပြီး ထွန်းဝင်းငြိမ်းက ဆိုပါသေးတယ်။ ပြပွဲရက်များမှာ လက်ပံတောင်းတောင်အရေးနဲ့ ပတ်သက်တဲ့ ကဗျာရွတ်ဆိုမှုများကိုလည်း တင်ဆက်ခဲ့ပါတယ်။ ■ ခင်လေးမြင့်

## ကျန်းမာစွာနဲ့ ပြန်လည်ရောက်ရှိလာတဲ့ ဆရာဦးဝင်းငြိမ်း



ထိုင်းနိုင်ငံ ဘန်ကောက်မြို့ ဘာမင်ဂရက်ဆေးရုံမှာ ဆေးဝါးကုသမှုခံယူပြီး ပြန်လာတဲ့ ဆရာ ဦးဝင်းငြိမ်းကို ဦးမြတ်ခိုင်နဲ့ ဦးအောင်ဂျို(ကြောင်နစ်ကောင်)တို့က ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်မှာ ကြိုဆိုခဲ့ကြပါတယ်

ဖေဖော်ဝါရီလ ၁၈ ရက်နေ့က ထိုင်းနိုင်ငံ ဘန်ကောက်မြို့၊ ဘာမင်ဂရက်ဆေးရုံမှာ သွားရောက်ဆေးဝါးကုသမှု ခံယူခဲ့တဲ့ ဆရာ ဦးဝင်းငြိမ်းက တူဖြစ်သူ ဘိုမျိုးမြင့်ညိမ်းနဲ့အတူ ဖေဖော်ဝါရီလ ၂၂ ရက်နေ့၊ ညနေ ၆ နာရီ ၄၅ မိနစ်အချိန်က TGလေကြောင်းလိုင်းနဲ့ ကျန်းမာစွာဖြင့် ပြန်လည်ရောက်ရှိလာပြီ ဖြစ်ပါတယ်။

ဆရာဦးဝင်းငြိမ်းက နောက်နှစ်ပတ်အကြာမှာ ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့ကို သွားရောက်ဆေးဝါးကုသမှု ခံယူရဦးမှာဖြစ်ပြီး နှလုံးစစ်ဆေးမှုခံယူဖို့ နှစ်ပတ်အချိန်ပေးလိုက်တာဖြစ်တယ်လို့ သိရပါတယ်။ ■

## စာပေနဲ့ အနုပညာ ယဉ်ကျေးမှုတွေကို လူငယ်တွေကို ပြောပြချင်တဲ့ နေဝင်းမြင့်

မန္တလေးမြို့မှာ အခြေချပြီး နေထိုင်တဲ့ အမျိုးသားစာပေဆုရ စာရေးဆရာ နေဝင်းမြင့်က အခုချိန်မှာ စာပေရေးသားခြင်းသာမက စာပေဟောပြောပွဲတွေကိုလည်း ဆက်တိုက်ဆိုသလို ဟောပြောပေးနေရတယ်လို့ပြောပြခဲ့ပါတယ်။ လောလောဆယ်မှာ ဆရာနေဝင်းမြင့်က အိန္ဒိယစာရေးဆရာမတစ်ယောက် ရေးသားထားတဲ့ သီပေါဘုရင် နန်းစည်းစိမ်တော်ရွှေလျောတဲ့ ရတနာဂီရိရောက်သွားတဲ့ ဘဝကို ရေးထားတဲ့ စာအုပ်ကိုဘာသာပြန်ရေးသားနေတယ်လို့ သိရပါတယ်။ ဒီစာအုပ်ကို လုံးချင်းအဖြစ် ထွက်ရှိနိုင်ဖို့ကြိုးစားနေသလို သရပါ မဂ္ဂဇင်းမှာ ရေးသားနေတဲ့ **ခြောက်သွယ်ညှနဲ့** ကိုလည်း လက်စသတ်ရေးသားနေပြီလို့ ဆရာနေဝင်းမြင့်က ပြောပြခဲ့ပါတယ်။ **ခြောက်သွယ်ညှနဲ့** က စာမျက်နှာ ၅၀၀ လောက်ရှိမဲ့ လုံးချင်းအဖြစ် ထွက်ရှိလာဦးမယ်လို့ သိရပါတယ်။

စာပေဟောပြောပွဲတွေ ဆက်တိုက်ဆိုသလို သွားရောက်ဟောပြောပေးနေရတာက ကိုယ်သိတဲ့ စာပေနဲ့ အနုပညာယဉ်ကျေးမှုကိစ္စတွေကို ကြားစေချင်၊ နာစေချင်လို့ စာပေဟောပြောပွဲတွေကို အနီးနားတွင်သာ မက ဝေးလံတဲ့ဒေသအထိ အပင်ပန်းခံ လိုက်လံဟောပြောဖြစ်နေတယ်လို့သိရပါတယ်။ ယဉ်ကျေးမှုနဲ့ပတ်သက်ပြီး ဒီဘက်ခေတ်မှာ ဟောကြ၊ ပြောကြတာ နည်းတဲ့အတွက် သိတဲ့အကြောင်းအရာလေးတွေကို ဝေငှပေးချင်တဲ့အတွက် စာရေးဆရာများက ကိုယ်သန်တဲ့ ကဏ္ဍနဲ့အားလုံး စာပေဗဟုသုတရစေဖို့ ဟောပြောဖြစ်နေတာ ဖြစ်တယ်လို့ သိရပါတယ်။ ယဉ်ကျေးမှုကို ဟောပြောဖြစ်တဲ့အခါ ခေတ်ဟောင်းနဲ့ မဟာဂီတသီချင်းတချို့ကိုလည်း လိုက်လျောညီထွေမှုရှိတဲ့အခါ ဆိုပေးဖြစ်ပြီး တို့ဆီမှာလည်း တို့ကိုယ်ပိုင်ဂီတ၊ တို့ယဉ်ကျေးမှုတွေ၊ တို့ကဗျာတွေ၊ တို့စာတွေ ရှိတယ်ဆိုတာကိုသိစေချင်လို့ အကြောင်းအရာ ဆီလျော်ခဲ့ရင်ပတ်သက်တဲ့သီချင်းလေးတွေ ဆိုပေးဖြစ်တာ ဖြစ်တယ်လို့ စာရေးဆရာနေဝင်းမြင့်က ပြောပြခဲ့ပါတယ်။ အလျဉ်းသင့်လို့ ဆိုဖြစ်ခဲ့ရင်လည်း စင်မြင့်ထက်ကို တူရိယာဂီတတင်တာမျိုး မဟုတ်ဘဲ လက်တန်းသီဆိုပြီး စာပေစင်မြင့်ဟာ




တူရိယာစင်မြင့်မဟုတ်လို့ တူရိယာလည်း အတင်မခံနိုင်ဘူးလို့ သူ့ရဲ့ခံယူချက်ကို ပြောပြခဲ့ပါတယ်။

လောလောဆယ် ဖေဖော်ဝါရီလ ၂၄ ရက်နေ့ ကျိုင်းတုံ၊ တာချီလိတ်တို့ကို သွားရောက်ဟောပြောရမှာရှိသလို ပြီးခဲ့တဲ့ရက်ကပဲ ရန်ကုန်မှာ ဟောပြီးပြန်လာသလို တကောင်းမှာလည်း ဟောပြောဖြစ်ခဲ့တယ်လို့ ပြောပြခဲ့ပါတယ်။ တချို့ပွဲတွေမှာတော့ ဇနီးသည်ဖြစ်တဲ့ စာရေးဆရာမ ခင်ခင်ထူးလည်း လိုက်လံဟောပြောဖြစ်သလို တချို့ပွဲများကျတော့ သမီးငယ်ဝေယျာဝစ္စတွေ ရှိသေးတဲ့အတွက် ဆရာနေဝင်းမြင့်တစ်ယောက်တည်း အခြားစာရေးဆရာ၊ ဆရာမများနဲ့ သွားရောက်ဟောပြောဖြစ်တယ်လို့ ဆရာနေဝင်းမြင့်က ပြောပြခဲ့ပါတယ်။ ■ လင်းနိုင်ဦး

# မန္တလေးရုပ်ရှင်၏ စတုတ္ထမျိုးဆက်နှင့် ရီမြင့်ရုပ်ရှင်၏ တတိယမျိုးဆက် နောင်နောင်

ကေမြိုး

၁။

မိမိတို့ငယ်စဉ် မူလတန်းကျောင်းသားအရွယ်က ချောင်းဦးမြို့လေးတွင် နဂါးနီရုပ်ရှင်ရုံနှင့် မြို့လယ်ရုပ်ရှင်ရုံတို့အပြိုင်ပြသနေကြသည်။ ရုံတင်ကားများ၏ လက်ကမ်းကြော်ငြာများလည်း မိမိတို့ငါးလုံးတင်ရွာသို့ နည်းအမျိုးမျိုးဖြင့် ရောက်ရှိလေ့ရှိရာမှ မန္တလေးရုပ်ရှင်နှင့် မန္တလေးရုပ်ရှင်မှ ရိုက်ကူးရုံတင်သော **ဘဝသံသရာ မြတ်ပန်းဝတ်ရည်** နှင့် **ဤလူ့ဘောင်တွင်** ရုပ်ရှင်ကားတို့ကို သိရှိကျွမ်းဝင်ခဲ့ရသည်။ ထို့ပြင် ရွာအလှူပွဲများသို့ ချောင်းဦးမြို့မှ စိန်ကျင်မောင်၊ စိန်တင်အောင်နှင့် မင်္ဂလာအောင်သိန်း ဆိုင်းအဖွဲ့များလာရောက် တီးခတ်ဖျော်ဖြေရာ၌ **ဘဝသံသရာ၊ မြတ်ပန်းဝတ်ရည်** နှင့် **ဤလူ့ဘောင်တွင်မှ** ရွှေမန်းဆီသို့ သီချင်းများကို နားထောင်ရပြီး ဇာတ်ဝင်သီချင်းများဖြင့် ကျွမ်းဝင်ခဲ့ရသည်။ အထက်တန်းကျောင်းတက်ရောက်ရန် ချောင်းဦးတွင် နေထိုင်စဉ် အလယ်တန်းကျောင်းသားဘဝ၌ *ကိုယ်ပိုင်မေတ္တာ၊ ရေမြေခုံးတိုင်၊ ပတ္တမြားမယ်ကံ၊ မောင်တို့ချယ်ရီမြေ* တို့ကို ကြည့်ရသည်။ ထို့ပြင် ကားဟောင်းထပ်မံရုံတင်မှုအဖြစ် **ဘဝသံသရာ၊ မြတ်ပန်းဝတ်ရည်** နှင့် **ဤလူ့ဘောင်တွင်** တို့ကို ကြည့်ရှုဖြစ်ခဲ့သည်။ ရုပ်ရှင်ကြိုက်သည့် မိသားစုတွင် မွေးဖွားနေထိုင်ရသဖြင့် ရုပ်ရှင်ကားများစွာကို ကလေးဘဝတွင် ကြည့်ခဲ့သည့်အနက် မန္တလေးရုပ်ရှင်မှကားအားလုံးကို ကြည့်ခဲ့ရပြီး အကြိုက်တွေ့နှစ်သက်စွဲလမ်းခဲ့သည်။ ငယ်စဉ်ကပင် ရုပ်ရှင်ဝါသနာအိုးဖြစ်ခဲ့ပြီး မန္တလေးရုပ်ရှင်မှ ရုပ်ရှင်ကားများကို နှစ်သက်စွဲလမ်းခဲ့သည့်အလျောက် အင်းစိန်စက်မှုသိပ္ပံတွင် ပညာဆက်လက်ဆည်းပူးစဉ်နှင့် ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်စဉ်၌လည်း မန္တလေးရုပ်ရှင်မှ ထုတ်လုပ်လျှင် ကားကောင်းကားသန့်ဖြစ်သည်ဟူသည့် ယုံကြည်ချက်ဖြင့် **မောင့်မှုပိုင်ရှင်၊ ကျောက်ဘီလူးနှင့်ပပဝင်း၊ ဘုရားမှာတစ်ခါဆုံတယ်၊ သည်သောင်ယံက မခွာရက်တယ်၊ လမ်းပေါ်က ချစ်သူ၊ ချစ်တဲ့စိတ်ဟာ ဆန်းကြယ်၊ အပျိုသင်စ၊ သစ္စာမိုးဦးနှင့် ဘဝလက်ဆောင်** တို့ကိုကြည့်ဖြစ်ခဲ့သည်။ ရုပ်ရှင်ကြည့်ပရိသတ်ယုံကြည်ထားသည့်အတိုင်း မန္တလေးရုပ်ရှင်မှ ထုတ်လုပ်သမျှ ရုပ်ရှင်ကားတိုင်းသည် လူကြိုက်များ အောင်မြင်ခဲ့သည်။ ၁၉၅၆ ခုနှစ်တွင် **ဘဝသံသရာ** ဖြင့် အကောင်းဆုံးဇာတ်ကားဆု၊ ဒါရိုက်တာ ထူးချွန်ဆု(ဦးသုခ)၊ အမျိုးသားဇာတ်ဆောင်ဆု (ဇေယျ) တို့ကိုလည်းကောင်း၊ ၁၉၅၇ ခုနှစ်တွင် **မြတ်ပန်းဝတ်ရည်** ဖြင့် ဓာတ်ပုံထူးချွန်ဆု(ဦးထွန်းလှိုင်)ကိုလည်းကောင်း၊ ၁၉၆၀ ပြည့်နှစ်တွင် **ရေမြေဆုံးတိုင်ဖြင့်** အကောင်းဆုံးဇာတ်ကားဆု၊ အမျိုးသားဇာတ်ဆောင်ဆု(မောင်သင်)တို့ကိုလည်းကောင်း၊ ၁၉၆၁ ခုနှစ်တွင် **ကိုယ်ပိုင်မေတ္တာ**ဖြင့် အကောင်းဆုံး ဇာတ်ကားဆု၊ အမျိုးသမီးဇာတ်ဆောင်ဆု(ခင်ယုမေ)နှင့် ဓာတ်ပုံထူးချွန်ဆု (ဦးမောင်လေးနှင့် ဦးပေါ)တို့ကိုလည်းကောင်း ချီးမြှင့်ခဲ့သည်။ မန္တလေးမြို့မှ အနုပညာနှင့် အတတ်ပညာမြောက်စွာ အဆင့်အတန်းမီ ရုပ်ရှင်ကားများကို ထုတ်လုပ်ပြီး ပရိသတ်အားပေးမှုကို အပြည့်အဝယူခဲ့သည်။

မန္တလေးရုပ်ရှင်ကို ၁၉၅၃ ခုနှစ်တွင် ဒါးတန်းဦးသန့်က ဦးဆောင်၍ ကာယဗလ ဦးနေဝင်း၊ ဦးကျော်ဝင်း၊ ဦးကျော်မင်း၊ ဦးစိန်ဝင်း၊ ရေချိုဦးအေးမောင်(ဒါးတန်း)၊ ဦးအေးမောင် (ရတနာပုံဆီစက်)၊ ရွှေမန်းဦးတင်မောင်၊ ဦးမောင်ကိုနှင့် ဦးဆန်းရွှေတို့က စုပေါင်းတည်ထောင်ခဲ့ကြသည်။ မန္တလေးနန်းဆီခြံ၌ ကျယ်ဝန်းသောခြံဝင်း၊ ကြီးမားသော စတူဒီယိုနှင့် မြန်မာနိုင်ငံတွင် အသုံးမပြုဖူးသေးသည့် ကင်မရာ၊ အသံဖမ်းစက်၊ ကူးဆေးစက် စသည့် ရုပ်ရှင်လုပ်ငန်းသုံးစက်ပစ္စည်းကိရိယာများကို စီစဉ်ထားရှိခဲ့သည်။ **ဘဝသံသရာ** (၁၉၅၆) မှ **ဘဝလက်ဆောင်** (၁၉၇၁)ထိ ရုပ်ရှင် ၂၀ ခန့်ကို ထုတ်ခဲ့ပြီး အခြားထုတ်လုပ်ရေးများမှ ကားအချို့ကိုလည်း တာဝန်ခံရိုက်ကူးပေးခဲ့သည်။ အစုရှင်အားလုံးသည် စီးပွားရေးထက် အနုပညာနှင့် မန္တလေးချစ်မြတ်နိုးစိတ်ဖြင့် ရုပ်ရှင်လုပ်ငန်းကို လုပ်ကိုင်ခဲ့ကြပြီး ရုပ်ရှင်လုပ်ငန်းများ ကျဆင်းလာမှ လုပ်ငန်းရပ်ဆိုင်းခဲ့ကြသည်။ ဒါးတန်းဦးသန့်(၁၉၀၆-၁၉၈၈)သည် အနုပညာလှေလှော်ကိုက်စားသူဖြစ်ရာ တေးဂီတနှင့်ဓာတ်ပုံတွင် အထူးကျွမ်းဝင်ခဲ့သည်။ မြို့မတူရိယာအသင်းကိုတည်ထောင်ပြီး တိုးတက်ဖွံ့ဖြိုးရေး ဦးဆောင်သူတစ်ဦးအဖြစ်လည်းကောင်း၊ ဓာတ်ပုံပညာရှင်နှင့် အထက်မြန်မာနိုင်ငံဓာတ်ပုံအသင်းဦးစီးနာယက အဖြစ်လည်းကောင်း၊ မန္တလေးရုပ်ရှင် ဦးဆောင်သူအဖြစ်လည်းကောင်း ထင်ရှားခဲ့သည်။ ❑

၂။

မန္တလေးရုပ်ရှင်မှ ထုတ်လုပ်သမျှ ရုပ်ရှင်ကားတိုင်းကို ကြည့်ရှုနှစ်သက်ခဲ့သည့်အနက် အထပ်ထပ်ကြည့်ဖြစ်ခဲ့သည့် ရုပ်ရှင်ကားများတွင် **ဘဝသံသရာ၊ မြတ်ပန်းဝတ်ရည်၊ ဤလူ့ဘောင်တွင်၊ ကံ၊ ကိုယ်ပိုင်မေတ္တာ၊ ရေမြေဆုံးတိုင်၊ မောင်တို့ချယ်ရီမြေ၊ မောင့်မှုပိုင်ရှင်၊ ကျောက်ဘီလူးနဲ့ပပဝင်းနှင့်လမ်းပေါ်ကချစ်သူ** တို့ပါဝင်ပြီး အကြိုက်တွေ့ စွဲလမ်းခဲ့သည်။ မန္တလေးရုပ်ရှင် ရပ်နားသွားပြီးနောက် ကျန်ထုတ်လုပ်ရေးများက ကားကောင်းကားသန့်ဖြစ်ရန် ကြိုးပမ်းရိုက်ကူးမှုများ ရှိခဲ့သော်လည်း မန္တလေးရုပ်ရှင်နှယ် ကြည့်ရသမျှ အကြိုက်မတွေ့ဘဲ မန္တလေးရုပ်ရှင်မှ ရုပ်ရှင်ကားများကိုသာ သတိရနေခဲ့သည်။ ထိုစဉ် ရွာသစ်ကြီး(စစ်ကိုင်း) ချည်မျှင်နှင့် အထည်စက်ရုံ စီမံကိန်းတွင် တာဝန်ထမ်းဆောင်ရာ၌ စက်ရုံပိုင်ရုပ်ရှင်ပြစက်ဖြင့် ပိတ်ရက်များတွင် ရုပ်ရှင်ပြသဖျော်ဖြေရန် စီစဉ်ကြသည်။ ရုပ်ရှင်ကားများ ရွေးချယ်ပြသရန် မိမိအား တာဝန်ပေးအပ်လာသဖြင့် မန္တလေးမြို့ရှိ အထက်မြန်မာနိုင်ငံ ရုပ်ရှင်ဖြန့်ချိရေးလုပ်ငန်းများသို့ ဆက်သွယ်ဝင်ထွက်ရာမှ ရီမြင့်ရုပ်ရှင် ဖြန့်ချိရေးသို့ ရောက်ရှိဖြစ်ခဲ့သည်။ စက်ရုံမှူး(ဦးလှကြည်)နှင့် ရီမြင့်ရုပ်ရှင်ဖြန့်ချိရေးဦးစီးသူ ဦးတင်မြင့်(ဦးချို)တို့မှာ ငယ်ပေါင်းများဖြစ်၍ အခါအားလျော်စွာ စက်ရုံမှူးနှင့်အတူလိုက်ပါတွေ့ဆုံကြရာမှ ရင်းနှီးခဲ့ပြီး ရုပ်ရှင်ဖြန့်ချိရေးနှင့် ထုတ်လုပ်ရေးလုပ်ငန်းကို တစ်စွန်းတစ်စ သိခွင့်ရခဲ့သည်။

မြန်မာရုပ်ရှင် ထုတ်လုပ်သူအများစုသည် ထုတ်လုပ်သည့်ရုပ်ရှင်ကားပြသခွင့်ရသည်နှင့် နိုင်ငံတစ်ဝှမ်းလုံးရုံတင်ပြသရန် စီစဉ်ကြပြီး မဟာရန်ကုန်၊ အောက်မြန်မာနိုင်ငံ၊ အထက်မြန်မာနိုင်ငံနှင့် တနင်္သာရီဟူ၍ ၄ ပိုင်းခွဲဖြန့်ချိလေ့ရှိသည်။ နှစ်စဉ် မြန်မာရုပ်ရှင်ကား ၇၀ မှ ၉၀ ခန့်အထိ ထုတ်လုပ်ရုံတင်စဉ်က မန္တလေးမြို့ကို အခြေစိုက်၍ ရုပ်ရှင်ဖြန့်ချိရေး ၂၀ ခန့်က အထက်မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ ရုံများတွင်ပြသခဲ့ကြသည်။ ဦးတင်မြင့်နှင့် ဒေါ်ရီရီတို့က ၁၉၇၄ ခုနှစ်၌ ရီမြင့်ရုပ်ရှင်ဖြန့်ချိရေးကို တည်ထောင်၍ ၁၉၇၅ ခုနှစ်တွင် မော်လမြိုင်ရုပ်ရှင်မှ ဝဏ္ဏမောင်သာရ(**ထမီကျွတ်၍လွတ်လိုက်သည်**) နှင့် ဇာတ်ညွှန်းရွှေဒုံးထွန်းလွင်နှင့် ဒါရိုက်တာ တင်အောင်မြင်ဦးတို့၏ **ချစ်လိုက်ရတာ မသည်းအူရယ်** ကို စတင်ဖြန့်ချိခဲ့သည်။ ထွန်းထွန်းဝင်း၊ မြင့်နိုင်၊ ခင်သန်းနုနှင့် အေးအေးသင်းတို့ပါဝင်ပြီး **ရန်ကုန်မြို့လယ်တွင် ရတနာပုံ၊ ဘဝသံသရာ၊ ဤလူ့ဘောင်တွင်၊ သြော် မိန်းမ၊ ဆောင်း၊ ငယ်ကျွမ်းဆွေ** နှင့် **အဖေတစ်ခု သားတစ်ခု** တို့နှယ်ဝင်ငွေစံချိန်တင် လူကြည့်များခဲ့သည်။ **ချစ်လိုက်ရတာ မသည်းအူရယ်** အောင်မြင်ပြီးနောက် ရီမြင့်ရုပ်ရှင်ဖြန့်ချိရေးမှ **တို့နှစ်ယောက်နှင့် မိငြိမ်းချမ်း၊ ပုပ္ပားဖူးစာ၊ ငယ်ကျွမ်းဆွေ၊ အိပ်မက်တံတား၊ ချစ်သူများရဲ့ ချစ်သူ၊ ကိုကိုမောင် တော်တော်ဆိုး၊ ခရမ်းရောင်လွှင်ပြင်** စသည့်ရုပ်ရှင်ကားများစွာကို ဆက်တိုက်ဖြန့်ချိအောင်မြင်ခဲ့သည်။ ရီမြင့် ရုပ်ရှင်ဖြန့်ချိရေးအဖြစ် အောင်မြင်နေသော်လည်း ထုတ်လုပ်ရေးအဖြစ်တိုးချဲ့ဆောင်ရွက်ခွင့် မရသဖြင့် အခြားထုတ်လုပ်သူများနှင့် ပူးပေါင်းထုတ်လုပ်ခြင်းနှင့် အခြားကုမ္ပဏီနှင့် ထုတ်လုပ်ရေး၏ မှတ်ပုံတင်ဖြင့်

## ဆိုလိုက်ကြစို့ Season 2 စာနယ်ဇင်းမိတ်ဆက်


'ဆိုလိုက်ကြစို့ Season 2'တေးစီးရီးမှာ ပါဝင်သီဆိုကြတဲ့ အနုပညာရှင်များ

မြန်မာ့ရုပ်သံအစီအစဉ်မှာ အပတ်စဉ်တင်ဆက်နေတဲ့ ဆိုလိုက်ကြစို့လို့ အမည်ပေးထားတဲ့ သီချင်းဆိုပြိုင်ပွဲ Season 2 အစီအစဉ်ပြိုင်ပွဲများမှာ ဆုရရှိခဲ့ကြတဲ့ ပြိုင်ပွဲဝင်များကို အဲဒီအစီအစဉ်တင်ဆက်တဲ့ မိုးထက်ယံလင်းမီဒီယာက မူပိုင်ထုတ်လုပ်ပြီး ချိုကြည်သာ တေးသံသွင်းက မတ်လ ၂ ရက်နေ့မှာ Audio CD, DVD အဖြစ် ဖြန့်ချိပေးသွားမဲ့ တေးစီးရီးနဲ့ပတ်သက်ပြီး စာနယ်ဇင်းမိတ်ဆက်တဲ့ပွဲကို ဖေဖော်ဝါရီလ ၂ ရက်နေ့၊ မွန်းလွဲ ၁ နာရီက ရန်ကုန်မြို့၊ မဟာဗန္ဓုလပန်းခြံလမ်းမှာ ဖွင့်လှစ်ထားတဲ့ ORCHID CITY HOTEL မှာ ကျင်းပခဲ့ပါတယ်။

ဆိုလိုက်ကြစို့ Season 2 တေးစီးရီးမှာတော့ တေးရေးမောင်သစ်မင်း၊ ဖိုးခွား၊ နောင်နောင်(SF), ကောင်းဆက်၊ ကိုအောင်၊ ဖိုးကာ၊ စံပီး၊ လင်းလင်း၊ အစိုင်းတို့က တေးသီချင်းများ ရေးသားပေးထားပြီး ပြိုင်ပွဲအစီအစဉ်မှာ တီးခတ်ပေးခဲ့တဲ့ THE TREE တေးဂီတအဖွဲ့ကပဲ တီးခတ်ပေးထားပါတယ်။ အဆိုရှင်များကတော့ ပြိုင်ပွဲပွဲစဉ်များဖြစ်တဲ့ ၅ ပွဲလုံးမှာ ဆုများရပြီး ဖိုင်နယ်ပွဲစဉ်မှာလည်း ဆုရတဲ့ပြိုင်ပွဲဝင်များဖြစ်တဲ့ အောင်ကိုဦး၊ အောင်ထက်၊ L နန်းအောင်၊ မေစုစံ၊ ဟေသာမိုးမြင့်နဲ့ ဂျူလိုင်မိုးတို့က သီချင်းများ သီဆိုပေးထားကြတာဖြစ်ပါတယ်။ ၂၀၀၇-၂၀၀၈ ခုနှစ်လောက်က စတင်ပြီး မြန်မာရုပ်မြင်သံကြားအစီအစဉ်မှာ ကျင်းပပြုလုပ်ပေးခဲ့တဲ့ ဆိုလိုက်ကြစို့ သီချင်းဆိုပြိုင်ပွဲဟာ ဒီနေ့အထိ ဆက်လက်ရိုက်ကူးထုတ်လွှင့်ပေးနေပြီး အောင်မြင်ခဲ့တဲ့ပြိုင်ပွဲဖြစ်တာနဲ့အမျှ နိုင်ငံအဝှမ်း၊ ကြည့်ရှုအားပေးကြတဲ့ ပရိသတ်များရဲ့အားပေးမှု ရရှိခဲ့ပါတယ်။ အဲဒီလို ကျင်းပပေးနေရင်း အရည်အချင်းရှိတဲ့လူငယ်ဂီတသမားများကို မြေတောင်မြှောက်ပေးလိုတဲ့ စေတနာနဲ့ ဒီအစီအစဉ်ကို ရိုက်ကူးထုတ်လုပ်တဲ့ မိုးထက်ယံလင်း မီဒီယာက အဆိုရှင်သစ်များ မိမိတို့ကိုယ်ပိုင်သီချင်းများနဲ့ ရပ်တည်နိုင်ဖို့ ပံ့ပိုးပေးတာဖြစ်ပါတယ်။ ဒီတေးစီးရီးကို ဒီဗီဒီကာရာအိုကေအဖြစ် ဖြန့်ချိပေးသွားမှာဖြစ်လို့ ဗီစီဒီရိုက်ကူးမှုကို စီစဉ်တင်ဆက်တဲ့ တာဝန်ယူထားတဲ့ ဒါရိုက်တာမိုးဇော်ကို ကိုယ်တိုင် ချောင်းသာကမ်းခြေမှာ Beach Live Show အဖြစ် ရိုက်ကူးပေးထားတယ်လို့ သိရပါတယ်။

■ လင်းနိုင်ဦး

## သင်္ကြန်မတိုင်ခင် ထွက်မဲ့ ဒုံးပျံ ဗီစီဒီ


လွှမ်းပိုင်နဲ့ Bobby Soxer

လွှမ်းပိုင်နဲ့ Bobby Soxerတို့ သီဆိုထားတဲ့ *ဒုံးပျံ* စီးရီးအတွက် ဗီစီဒီရိုက်ကူးမှုပြီးတော့မယ်လို့ သိရပါတယ်။ ရိုက်ကူးမှုကျန်သေးတဲ့ *ဒီလိုမျိုးချစ်သူတွေ၊ မဝေးဘူး၊ အာရုံ၊ စွာတေးလန်* သီချင်းတွေကို ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလမှာ ပြီးအောင်ရိုက်ကူးသွားဖို့ စီစဉ်ထားပါတယ်။ "ဖေဖော်ဝါရီလကုန် ပြီးအောင်ရိုက်မယ်၊ Editလုပ်တာနဲ့ဆို မတ်လကုန်ဆိုရင် ထွက်လို့ရနိုင်ပါပြီ။ ထက်ထက်တို့ကတော့ သင်္ကြန်မတိုင်ခင်ကို မှန်းတာ၊ သင်္ကြန်မတိုင်ခင် ဖြစ်နိုင်ရင် ထွက်ချင်တယ်။ ဘာဖြစ်လို့လဲဆိုတော့ ပြီးခဲ့တဲ့နှစ်က စီဒီထွက်တော့ သင်္ကြန်မှာဖွင့်တာကြားရတယ်။ အဲဒီတော့ ဘာပဲပြောပြောထွက်ချင်တယ်"လို့ Bobby Soxer ကဆိုပါတယ်။ Bobby Soxer က ၂၀၁၃ သင်္ကြန်အတွက် စီးရီးတွေမှာ ပါဝင်သီဆိုထားတာ မရှိပါဘူး။ *ဒုံးပျံ* စီးရီးဗီစီဒီအတွက် အာရုံစိုက်နေတာကြောင့် သင်္ကြန်စီးရီးတွေမှာ မဆိုတာဖြစ်တယ်လို့ သိရပါတယ်။ *ဒုံးပျံ* ဗီစီဒီမှာ အဆိုပုံစံတွေနဲ့ သီချင်းတိုင်းလိုလို ပါဝင်သရုပ်ဆောင်ထားပါတယ်။ အဆိုပုံစံရိုက်ထားတာတွေလည်းရှိတယ်။ သရုပ်ဆောင်တာလည်း ရှိတယ်။ Storyနဲ့ ထူထူထဲထဲကြီး သရုပ်ဆောင်ရတာတော့ နည်းပါတယ်။ ယုံကြည်လိုက် သီချင်းမှာပဲ သရုပ်ဆောင်ထားတာပါ"လို့ Bobby Soxerက သရုပ်ဆောင်မှုနဲ့ပတ်သက်ပြီး ပြောပြပါတယ်။ *ဒုံးပျံ* ဗီစီဒီကို ဒါရိုက်တာ အောင်မြတ်၊ ဝင်းလွင်ထက်၊ စိုင်းလုံးကျောက်တို့က ရိုက်ကူးထားတာဖြစ်ပါတယ်။ လွှမ်းပိုင်နဲ့ Bobby Soxerတို့ သီဆိုထားတဲ့ *ဒုံးပျံ* စီးရီးကို CMP တေးထုတ်လုပ်ရေးကနေ ဖြန့်ချိပေးထားတာဖြစ်ပါတယ်။ လွှမ်းပိုင်ကလည်း သူဆိုထားတဲ့ သီချင်းတွေအတွက် အကောင်းဆုံး ပုံဖော်ရိုက်ကူးထားတာပါ။ ပရိသတ်တွေ သဘောကျတဲ့ *ဘိုကေ* သီချင်းမှာ လွှမ်းပိုင်ကိုယ်တိုင် သရုပ်ဆောင်ထားပြီး ပရိသတ်တွေ သတိမထားမိနိုင်တဲ့ပုံစံမျိုးနဲ့ သရုပ်ဆောင်ထားတယ်လို့ သိရပါတယ်။ ■ ခင်လေးမြင့်

## ဘန်ကောက်မှာ ကြော်ငြာရိုက်မဲ့ အလင်းရောင်


အလင်းရောင်

မဟော်ဂနီ ဗီဒီယိုထုတ်လုပ်ရေးရဲ့ စင်တင်မင်းသားတစ်လက်ဖြစ်တဲ့ အလင်းရောင်က သူရိယ၊ ဝတ်မှုံရွှေရည်တို့နဲ့ **အသည်းကြီးဝတ်ရည်** ဇာတ်ကားမှာ ပါဝင်သရုပ်ဆောင်ထားပါတယ်။ ဗီဒီယိုဇာတ်ကားရိုက်ကူးမှုထက် ကြော်ငြာရိုက်ကူးရေးတွေ ပိုရိုက်ဖြစ်နေတဲ့ အလင်းရောင်က ၂၀၁၃ ခုနှစ်၊ ဧပြီလ ဘန်ကောက်မှာ J'donutsကြော်ငြာသွားရောက် ရိုက်ကူးမှာဖြစ်ပါတယ်။ ဘန်ကောက်မှာ ရိုက်မဲ့ကြော်ငြာအတွက် အဝတ်အစားပိုင်းနဲ့ အခြားလိုအပ်ချက်များကို စီစဉ်သူများဘက်က စီစဉ်ပေးမှာဖြစ်ပါတယ်။ သရုပ်ဆောင်မှုအပိုင်းကိုပဲ အလင်းရောင်က ပြင်ဆင်ရမှာဖြစ်ပြီး ထွေထွေထူးထူးပြင်ဆင်စရာတော့ မလိုဘူးလို့ အလင်းရောင်က ဆိုပါတယ်။

အလင်းရောင်က မဟော်ဂနီ ဗီဒီယိုထုတ်လုပ်ရေးနဲ့ရော Stars & Models INT'Lနဲ့ပါ ချိတ်ဆက်ထားတာကြောင့် ကြော်ငြာရော၊ ဗီဒီယိုဇာတ်ကားများပါ ရိုက်ကူးဖြစ်တာပါ။ ၂၀၁၂ ခုနှစ်၊ ဇူလိုင်လကစပြီး မဟော်ဂနီနဲ့ စာချုပ်ချုပ်ထားတာကြောင့် ဒီကာလအတွင်းမှာ ဗီဒီယိုဇာတ်ကားနှစ်ကားကို အလင်းရောင်က ရိုက်ကူးပြီးထားပါတယ်။ အလင်းရောင်က J'donutsကြော်ငြာကို ပြည်ပမှာ ပထမဆုံးအကြိမ်**စာမျက်နှာ(၁၂)သို့...**

# သကြၤန်ခွေ မထွက်ဖြစ်တဲ့ ဖိုးသောကြာ



ဓာတ်ပုံ - အဆိုရှင် ဖိုးသောကြာ

ဖိုးသောကြာက ဖခင်ဖြစ်သူ သုမောင် သီဆိုတဲ့ သီချင်းတော်တော်များများကို ပြန်လည်သီဆိုထားပါတယ်။ ဖခင်ဖြစ်သူ သုမောင်ရဲ့သီချင်းတွေ သီဆိုတဲ့အခါ အကောင်းဆုံးဖြစ်အောင် သီဆိုသလို ဆရာမ ဖြစ်သူ တေးသံရှင် ရီရီသန့်ရဲ့ ဆုံးဖြတ်၊ သုံးသပ်မှုများနဲ့ သီဆိုတာဖြစ်ပါတယ်။ "အဖေ့ အသံတွေကို နားထဲမှာစွဲထားတာကြောင့် အဖေ့ရဲ့သီချင်းတွေကို ပြန်ဆိုတဲ့အခါ အဖေ့ ရဲ့ပရိသတ်တစ်ယောက်အနေနဲ့ ကိုယ့်ဘာ သာ အားမလိုအားမရဖြစ်မိတယ်" လို့ ဖိုးသော ကြာက ဆိုပါတယ်။ ဖိုးသောကြာက မြန်မာ သံစဉ် သီချင်းတွေအပြင် သင်္ကြန်သီချင်း တွေလည်း သီဆိုထားပါတယ်။ ၂၀၁၃ အတွက် သင်္ကြန်စီးရီးထွက်ဖို့ မစီစဉ်တော့ တဲ့ ဖိုးသောကြာက သင်္ကြန်စီးရီး အနေနဲ့ ၂၀၁၀ နဲ့ ၂၀၁၂ မှာ တစ်ခွေစီထွက်ထားတာ ပါ။ "ကျွန်တော် ဒီနှစ်အတွက်တော့ သင်္ကြန် ခွေ မထွက်တော့ပါဘူး။ ၂၀၁၂ တုန်းက သင်္ကြန်ခွေက အားလုံးပေါင်းအခွေ ၄ ထောင် ရောင်းရတယ်။ စာရင်းအတိအကျရှိပါ တယ်။ မြန်မာငွေ ၈၀၀ ကျပ်ပြန်ရပါ တယ်။ ကျွန်တော့်ရဲ့အနုပညာကြေး၊ ကျွန်တော့်ရဲ့အချိန်ရှိသမျှ ရှုံးပါတယ်။ အဲဒီ တော့ ဒီနှစ်ကျွန်တော် မလုပ်နိုင်တော့ ပါဘူး" လို့ ဖိုးသောကြာက သင်္ကြန်စီးရီးထွက် ဖို့ မစီစဉ်ဖြစ်တာနဲ့ပတ်သက်ပြီး ပြောပြပါ တယ်။ ဖိုးသောကြာက စီးရီးသစ်နှစ် ခွေထွက်ဖို့ အဆင်သင့်အနေအထားရှိနေပေ မဲ့ မထွက်ဖြစ်သေးပါဘူး။ "အခွေက အခု ဖြန့်မယ်ဆိုရင် ဖြန့်လို့ရတယ်။ ကျွန်တော် ရဲ့အနုပညာကြေးကို ဖယ်လိုက်ပါဦး။ စတူ ဒီယိုကြေး၊ တေးရေး၊ အခုလက်ရှိရှုံးနေပြီ ပေါ့။ ဒါက ပွင့်ပွင့်လင်းလင်းပြောတာပါ။ ကျန်တဲ့ တီးဝိုင်းက ထမင်းကျွေးစရိတ်ပါ သေးတယ်။ အဲဒီရှုံးနေတာက သိန်း ၃၀ ရှိတယ်ဆိုရင် အခွေထွက်မယ်ဆိုရင် သိန်း ၄၀ ထပ်ရှုံးမယ်။ အဲဒါဆိုရင် အားလုံးပေါင်း ၇၀ လောက် ရှုံးသွားမယ်။ အရှုံးအမြတ်ကို ပြောတာ မဟုတ်ပါဘူး။ နှစ်ခွေဆိုရင် သိန်း ၁၄၀။ အဲဒီတော့ ကျွန်တော့်မိသားစု ထမင်း စားဖို့ ရှိသေးတယ်။ အခုလက်ရှိ ဒီအတိုင်း နေနေရင် သိန်း ၆၀ ရှုံးမယ်။ အခွေထွက် လိုက်ရင် သိန်း ၁၄၀ ရှုံးမယ်။ အဲဒီတော့ မထွက်ဘဲ ငြိမ်နေတာကောင်းပါတယ်" လို့ ဖိုးသောကြာက စီးရီး***စာမျက်နှာ(၁၂)***...

# စပွန်ဆာအတွက် ပရိသတ်နဲ့တွေ့တဲ့ ရိတ

အဆိုရှင် ရိတက စပွန်ဆာ စီးရီး VCD ,DVD ဖြန့်ချိတဲ့အနေနဲ့ ဖေဖော်ဝါရီလ ၁၄ရက်မှာ မန္တလေး မြို့နဲ့ ၁၅ ရက်မှာ မြင်းခြံမြို့များ သို့သွားပြီး ပရိသတ်တွေကိုအမှတ် တရလက်မှတ်ရေးထိုး ဖျော်ဖြေခဲ့ပါ တယ်။ အဆိုရှင် ရိတရဲ့ မန္တလေးနဲ့ မြင်းခြံခရီးစဉ်မှာ မျိုးသီရိကျော်၊ ခိုင်ပွင့်၊ တွယ်တာနဲ့ သက်မှူးခင်တို့ လည်းလိုက်ပါပြီး ပရိသတ်တွေကို အမှတ်တရ လက်မှတ်ရေးထိုးဖျော် ဖြေပေးခဲ့ပါတယ်။ အဆိုရှင် ရိတက မတ်လ ၉ ရက်မှာလည်း ပဲခူးမြို့မှာ ရှိတဲ့ Happy World မှာ ပရိသတ် တွေကို အမှတ်တရလက်မှတ်ရေး ထိုး ဖျော်ဖြေဦးမှာဖြစ်တယ်လို့ သိရ ပါတယ်။ ဩဂုတ်လမှာ Audio CD အနေနဲ့ ပရိသတ်တွေဆီပို့ပေးထား ပြီး ဖေဖော်***စာမျက်နှာ(၁၂)သို့***...



ပရိသတ်များကို အမှတ်တရ
လက်မှတ်ရေးထိုးပေးနေတဲ့ ရိတ




# မနောအလှတေးဂီတ ရန်ပုံငွေဖျော်ဖြေပွဲ ကျင်းပမယ်



ရှင်းလင်းပြောကြားနေတဲ့ တေးသံရှင် အယ်လ်ခွန်းရီ

ကချင်ပြည်နယ်နဲ့ ရှမ်းပြည်နယ်မြောက်ပိုင်းမှာရှိတဲ့ စစ်ဘေးသင့်ဒေသခံများကို ကူညီပံ့ပိုးပေးနိုင်ဖို့ဆိုတဲ့ရည်ရွယ်ချက်နဲ့ မနောအလှ တေးဂီတဖျော်ဖြေပွဲ ကျင်းပမယ်ဆိုတဲ့အကြောင်း စာနယ်ဇင်းရှင်းလင်းပွဲကို ဖေဖော်ဝါရီလ ၁၈ ရက်၊ နေ့လယ် ၁ နာရီက My Garden Restaurant မှာ ကျင်းပပါတယ်။

မနောအလှတေးဂီတဖျော်ဖြေပွဲကို ဒုတိယအကြိမ်ကျင်းပ ဖြစ်တာနဲ့ ပတ်သက်ပြီး အဆိုတော် Lခွန်းရီက "ကျွန်မတို့ မနောအလှတေးဂီတအဖွဲ့ အနေနဲ့ ပထမအကြိမ် ရန်ပုံငွေတေးဂီတဖျော်ဖြေပွဲကျင်းပပြီးတဲ့အချိန်မှာ စစ်ဘေးသင့်ဒေသခံများဆီ ကိုယ်တိုင်ကိုယ်ကျသွားပြီး ကူညီထောက်ပံ့ပေးခဲ့ကြပါတယ်။ အဲဒီနောက်ပိုင်းမှာ နယ်မြေဒေသလုံခြုံရေးကြောင့် မကြာခဏမရောက်ဖြစ်ကြတော့ပေမဲ့ ပွဲပြီးမီးသေသေဘောမျိုးမဟုတ်ဘဲနဲ့ ကြုံရင်ကြုံသလို လိုအပ်သမျှလေးတွေ ဖြည့်ဆည်းပေးခဲ့ကြပါတယ်။ ကျွန်မတို့အဖွဲ့ရဲ့လှူဒါန်းမှုတွေက တစ်နှစ်လုံးပြတ်တယ်လို့ မရှိခဲ့ပါဘူး။ ကျန်းမာရေးအတွက် ဆေးဝါးကုသစရာ မရှိလို့ တစ်နေ့ကို လူလေး၊ ငါးယောက် သေဆုံးနေရတဲ့အတွက် ကျွန်မတို့မနောအလှအဖွဲ့က ကူညီပေးဖို့ အားကိုးတကြီးလှမ်းပြီး အကူအညီတောင်းလာတုန်းကလည်း အလှူငွေသိန်းတစ်ရာကို ချက်ချင်းပေးပို့ လှူဒါန်းခဲ့ပါတယ်။ အားကိုးတကြီး အကူအညီတောင်းသမျှ လှူလိုက်ကြလို့ ကျွန်မတို့အဖွဲ့မှာ ရန်ပုံငွေလက်ကျန်နည်းသွားတဲ့အတွက် စိုးရိမ်နေကြတဲ့အချိန်မှာ အကယ်ဒမီ ထွန်းအိန္ဒြာဗိုက ဒုက္ခသည်တွေကို လှူဒါန်းပေးဖို့ ကျွန်မတို့အဖွဲ့ကို ငွေသိန်းတစ်ရာလှူဒါန်းပါတယ်။ အဲဒီလှူဒါန်းမှုအတွက် ကျွန်မတို့အဖွဲ့က ကျေးဇူးအများကြီးတင်တယ်လို့လည်း ပြောချင်ပါတယ်။ အလှူရှင်တွေရဲ့ ပံ့ပိုးကူညီမှုတွေကြောင့်သာ ကျွန်မတို့အဖွဲ့အနေနဲ့ လိုအပ်တဲ့နေရာတွေမှာ လိုအပ်သလို ဖြည့်ဆည်းပေးနိုင်တာဖြစ်ပါတယ်။ ပြောရမယ်ဆိုရင် ၂၀၁၁ ခုနှစ်၊ ဇွန်လ ၉ ရက်က စခဲ့တဲ့စစ်ပွဲက ဘာလိုလိုနဲ့ နှစ်နှစ်နီးပါးကြာခဲ့ပြီဖြစ်ပါတယ်။ အဲဒီနှစ်နှစ်နီးပါး အချိန်အတွင်းမှာ ဘယ်လိုများ နေထိုင် လုပ်ကိုင်စားသောက်နေကြပါလိမ့်လို့ တွေးမိကြတဲ့သူတွေလည်း ရှိကောင်းရှိနိုင်ပါတယ်။ အဲဒါကြောင့် ကျွန်မတို့အဖွဲ့က ဒုက္ခသည်ပြည်သူတွေကို အားပေးကူညီနိုင်ဖို့အတွက် အလှူငွေရရှိရေးဆက်လက်ဆောင်ရွက်မှ ဖြစ်တော့မယ်ဆိုတဲ့ ဆုံးဖြတ်ချက် တစ်ခုချလိုက်ပါတယ်။ ကျွန်မတို့အဖွဲ့ ရန်ပုံငွေဖျော်ဖြေပွဲကျင်းပရတဲ့ ရည်ရွယ်ချက်က စစ်ဘေးသင့်ဒေသခံတွေကို ကူညီပံ့ပိုးပေးဖို့အတွက်ဖြစ်ပါတယ်။ နယ်မြေဒေသ မငြိမ်းချမ်းသေးလို့ ဒေသခံပြည်သူတွေအားလုံး ဆင်းရဲတွင်းကနေ လွတ်စေဖို့ဖြစ်ပါတယ်။ ထာဝရငြိမ်းချမ်းရေးဆိုတာ ပြည်သူတွေအားလုံးရင်ထဲမှာ အလိုလားအတောင့်တဆုံးဆန္ဒလည်း ဖြစ်ပါတယ်။ ငြိမ်းချမ်းသွားရင်တောင်မှ ကိုယ့်ဒေသမှာ အိုးအိမ်အတည်တကျ အခြေချနေထိုင်လုပ်ကိုင်စားသောက်ဖို့ ပြန်လည်ထူထောင်ရေးအတွက် ငွေကြေးများစွာ လိုအပ်နေဦးမှာဖြစ်ပါတယ်။ အဲဒါကြောင့် ထာဝရငြိမ်းချမ်းရေး အမြန်ဆုံးရရှိပါစေလို့ ကျွန်မ ဆုတောင်းပါတယ်"လို့ ပြောသွားတာဖြစ်ပါတယ်။

မနောအလှတေးဂီတ ရန်ပုံငွေဖျော်ဖြေပွဲကို မတ်လ ၃ ရက်၊ ညနေ ၆ နာရီ ပြည်သူ့ရင်ပြင်မှာ ကျင်းပမှာဖြစ်ပါတယ်။ အဲဒီရန်ပုံငွေဖျော်ဖြေပွဲမှာ ကချင်လှပျိုဖြူလေးများရဲ့ရိုးရာ ဝတ်စားဆင်ယင်မှုများ၊ ကချင်ရိုးရာအကအလှများနဲ့ ဖျော်ဖြေတင်ဆက်သွားမှာဖြစ်ပြီး နာမည်ကြီးအဆိုတော်များလည်း ပါဝင်အားဖြည့်သီဆိုဖျော်ဖြေပေးသွားမှာ ဖြစ်ပါတယ်။

လက်မှတ်ဈေးနှုန်းတွေကိုတော့ ငါးထောင်၊ ခုနစ်ထောင်နဲ့ တစ်သောင်းကျပ် သတ်မှတ်ထားတယ်လို့ သိရပါတယ်။ ■

နေလွင်

စာမျက်နှာ(၁၀)မှ ···သွားရောက်ရိုက်ကူးမှာဖြစ်ပြီး J'donuts ကြော်ငြာမှာ သရုပ်ဆောင်တဲ့သူတွေကို ပရိသတ်များ သတိထားမိတာကြောင့် အဲဒီလူတွေလိုပဲ ပရိသတ်များ သတိထားမိ၊ နှစ်သက်လိမ့်မယ်လို့ မျှော်လင့်ထားပါတယ်။ အလင်းရောင်က ကြော်ငြာရိုက်ကူးမှုအတွက် ကုန်ပစ္စည်းရွေးချယ်မှု မရှိပေမဲ့ အင်္ကျီကြော်ငြာတော့ ရိုက်ခွင့် မရှိပါဘူး။ Unique အင်္ကျီက Brand Ambassdor အဖြစ် ခန့်ထားတာကြောင့် အင်္ကျီကြော်ငြာမှန်သမျှ ရိုက်ခွင့်မရှိတာဖြစ်ပါတယ်။ ■ ခင်လေးမြင့်

စာမျက်နှာ(၁၁)မှ ···ဝါရီလမှာ VCD, DVD အနေနဲ့ပရိသတ်ဆီပို့ပေးဖြစ်တဲ့ စပွန်ဆာ စီးရီး စတင်သန္ဓေတည်လာတဲ့အကြောင်းနဲ့ စီးရီးခေါင်းစဉ်ပေးဖြစ်တဲ့အကြောင်းကိုတော့ အဆိုရှင် ရိုတက "ကျွန်တော့်စီးရီးခေါင်းစဉ်ကိုကြည့်ပြီး တော်တော်များများက ရိုတ စပွန်ဆာ ရနေပြီလို့ထင်ကြတယ်ဗျ။ အမှန်တော့ ဖျော်ဖြေပွဲတွေ လိုက်ဆိုရာကရလာတဲ့ အနုပညာကြေးလေးတွေစုပြီး စပွန်ဆာ စီးရီးလုပ်ရတာပါ။ အဲဒါကြောင့် ပရိသတ်တွေက ကျွန်တော့်ရဲ့စပွန်ဆာပါ။ စီးရီးခေါင်းစဉ်ပေးဖို့ စဉ်းစားတဲ့အချိန်မှာလည်း အခုခေတ်အခြေအနေနဲ့ လိုက်ဖက်ညီမှုရှိတဲ့ စပွန်ဆာဆိုတဲ့ သီချင်းလေးကို ရွေးဖြစ်သွားတယ်" လို့ ပြောပါတယ်။

စပွန်ဆာ VCD, DVD မှာ ရတနာမိုင်က Featuring ဆိုပေးထားပြီး အကယ်ဒမီမေသန်းနု၊ ဆုပန်ထွာ၊ နန်းဆုရတီစိုး၊ မျိုးသီရိကျော်၊ ဂျွှဝင်၊ မေသက်ခိုင်၊ ခိုင်နှင်းဝေ၊ ခိုင်ပွင့်၊ ရွှေစင်၊ ဆုလာဘ်ရွှေစင်နဲ့ ရတနာမိုင်တို့က မေတ္တာနဲ့သရုပ်ဆောင်ပေးထားကြတာဖြစ်ပါတယ်။ အတီးပိုင်းကိုတော့ ဂစ်တာနိုင်ဇော် (Lazy Club)နဲ့ သူငယ်ချင်းများက တာဝန်ယူပေးထားကြပြီး Pro Studio မှာ အသံသွင်းယူထားတာဖြစ်ပါတယ်။ စပွန်ဆာ VCD, DVD အတွက် ဒါရိုက်တာလွင်က အစအဆုံးတာဝန်ယူရိုက်ကူးပေးထားတယ်လို့လည်းသိရပါတယ်။ ရိုတကစစ်ကိုင်းအိုး ဆိုတဲ့ အတွဲစီးရီးထဲမှာပါဝင်ခဲ့တဲ့ ချက်တင်ထဲက ကောင်မလေး သီချင်းကို စပွန်ဆာ စီးရီးမှာ အမှတ်တရအနေနဲ့ပြန်ထည့်ပေးထားပါတယ်။ ဖျော်ဖြေပွဲတွေသွားတိုင်းမှာ ပရိသတ်တွေက အဲဒီသီချင်းကို တောင်းဆိုလေ့ရှိကြတာမို့ ရိုတနဲ့ ချက်တင်ထဲက ကောင်မလေးက ဘယ်လိုမှခွဲလို့မရဘူးလို့လည်း ဆိုပါတယ်။ ■ နေလွင်

စာမျက်နှာ(၁၁)မှ ···သစ်မထွက်တဲ့အကြောင်းကို ပြောပြပါတယ်။ ဖိုးသောကြာက နယ်ဖျော်ဖြေပွဲတွေမှာလည်း သွားရောက်သီဆိုနေသူလည်းဖြစ်ပါတယ်။ မြန်မာသံတေးသီချင်းတွေကို ပရိသတ်တွေများစွာ အားပေးမှုရရှိလာစေနိုင်ဖို့နဲ့ ပတ်သက်ပြီး "အဓိကက ကျွန်တော်တို့မြန်မာသံတွေမှာ အားနည်းနေတာက နယ်ပွဲတွေသွားရင် စက်တွေက အရမ်းအားနည်းတယ်။ အသံထွက်ရင် ပြီးတာပဲဆိုတဲ့လူတွေက များတယ်။ အဲဒီလိုဟာတွေနဲ့ အမြဲတမ်းကြုံလာသမျှ မြန်မာသံက တဖြည်းဖြည်းနိမ့်ပါးသွားမှာပဲ။ အဲဒါတွေကြောင့် နယ်တွေသွားရင် စက်တွေကိုကောင်းကောင်းငှားပါလို့ အဓိကထားပြီး ပြောကြပါတယ်။ စက်အသံထွက်မကောင်းတဲ့အတွက် နားထောင်တဲ့သူက မကောင်းဘူးဆိုတာကြီး ဖြစ်သွားရော၊ စက်တွေအသံထွက်ကောင်းတဲ့အခါကောင်းတယ်ဟဆိုပြီးဖြစ်လာတယ်။ မကောင်းဘူး၊ မကောင်းဘူးဆိုပြီး ပြောလာတဲ့အခါ မကောင်းဘူးဖြစ်သွားတယ်။ ကောင်းတယ်၊ ကောင်းတယ်လို့ပြောပါများလာရင် ကောင်းလာမှာပါ။ အဲဒီတော့ စက်ပိုင်းဆိုင်ရာတွေ အဓိကလိုအပ်ပါတယ်"လို့ ဖိုးသောကြာက ဆိုပါတယ်။ ■ ခင်လေးမြင့်

# မင်္ဂလာညစာခံပွဲ လုပ်ဖြစ်တော့မှာ မဟုတ်ဘဲ အထိမ်းအမှတ်ပွဲပဲ ကျင်းပမဲ့ မျိုးစန္ဒီကျော်

မော်ကွန်းတင်လက်မှတ်ရေးထိုးခဲ့တာ ၂ နှစ်ကျော် ၃ နှစ်တာကာလအတွင်း ရောက်ရှိတော့မှာဖြစ်ပေမဲ့ မိဘများရဲ့အဆင်မပြေမှုများကြောင့် အခုအချိန်မှာတော့ မင်္ဂလာညစာခံပွဲမျိုး ကျင်းပသွားတော့မှာမဟုတ်ဘဲ အထိမ်းအမှတ်ပွဲလေးသာ ကျင်းပဖြစ်တော့မယ်လို့ မျိုးစန္ဒီကျော်က ပြောပြခဲ့ပါတယ်။

မျိုးစန္ဒီကျော်ဘက်က မိဘများက မျိုးစန္ဒီကျော် မင်္ဂလာလက်မှတ်ရေးထိုးချိန်မှာ အဆင်မပြေဖြစ် သွားတဲ့အတွက် နှစ်ဖက်မိဘများ စုံစုံလင်လင်နဲ့ အဆင်ပြေပြေ ပျော်ရွှင်စွာပွဲတစ်ပွဲသာ ကျင်းပချင်ကြတဲ့အတွက် မင်္ဂလာညစာခံပွဲလုပ်နိုင်ဖို့ အဆင်ပြေအောင် ညှိရင်းညှိရင်းနဲ့ အခုလို ကြာသွားခဲ့တာဖြစ်တယ်လို့ ပြောပြခဲ့ပါတယ်။



အဆိုတော် ဖြိုးကျော်ကျော်မြတ်နဲ့ သရုပ်ဆောင် မျိုးစန္ဒီကျော်

သရုပ်ဆောင် မျိုးစန္ဒီကျော်ရဲ့ ခင်ပွန်းက အဆိုတော် ဖြိုးကျော်ကျော်မြတ်ဖြစ်ပြီး အခုအချိန်မှာတော့ မျိုးစန္ဒီကျော်က နယ်တွေမှာ သီချင်းများ သွားရောက်သီဆိုဖြစ်နေသလို ဗီဒီယိုဇာတ်ကားများလည်း ရိုက်ဖြစ်နေပါတယ်လို့ ပြောပြခဲ့ပါတယ်။ ဖြိုးကျော်ကျော်မြတ်ကလည်း တစ်ကိုယ်တော်အတွက် သီချင်းမဆိုဖြစ်ပေမဲ့ အမှတ်တရအနေနဲ့တော့ ဇနီးသည် မျိုးစန္ဒီကျော်နဲ့ အတွဲခွေတစ်ခွေ အမှတ်တရလုပ်ဖြစ်သွားမယ်လို့ ပြောပြခဲ့ပါတယ်။ ဖြိုးကျော်ကျော်မြတ်က စီးပွားရေးဘက်ကို လုပ်နေရပေမဲ့ အနုပညာကိုချစ်တဲ့စိတ်ကြောင့် သီချင်းတွေလည်း ဆိုဖြစ်သွားဦးမယ်လို့ ပြောပြခဲ့ပါတယ်။

■ လင်းနိုင်ဦး

# မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးက ပေးပို့တဲ့ အရေးယူအပြစ်ပေးစာနဲ့ ပတ်သက်ပြီး မာန်ထက်ချီမှ ဦးဝင်းကိုရဲ့စကားများ

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးက "အဖွဲ့အစည်း၏ စည်းမျဉ်းစည်းကမ်းများအရ အရေးယူအပြစ်ပေးခြင်း" ဆိုတဲ့အကြောင်းအရာနဲ့ မာန်ထက်ချီထုတ်လုပ်ရေးမှ ဦးဝင်းကိုနဲ့ ဇမ္ဗူတလူထုတ်လုပ်ရေးမှ ဦးခင်ဌေးတို့ကို ဖေဖော်ဝါရီလ ၁၈ရက်က အကြောင်းကြားစာ ပေးပို့ခဲ့တယ်လို့ သိရပါတယ်။

အဲဒီအကြောင်းကြားစာမှာ -

"၁။ ဦးဝင်းကို(မာန်ထက်ချီဗီဒီယိုထုတ်လုပ်ရေး)၊ ဦးခင်ဌေး (ဇမ္ဗူတလူ ဗီဒီယိုထုတ်လုပ်ရေး)တို့သည် ယင်းတို့၏ ပုဂ္ဂိုလ်ရေးမကျေနပ်မှုများကို အခြေခံ၍ ရုပ်ရှင်နှင့် ဗီဒီယိုလောကပြိုကွဲရေးနှင့် အဖွဲ့အစည်း၏သိက္ခာကျဆင်းစေရန်အတွက် ပစ်စာ၊ တိုင်စာ၊ လွှဲဆော်စာများကို ဗီဒီယိုထုတ်လုပ်သူများ၏လက်မှတ်များ လိမ်ညာလှည့်ဖြားရေးထိုးစေလျက် အာဏာပိုင်အဖွဲ့အစည်းအသီးသီးသို့ တိုင်ကြားနေကြသူများဖြစ်ပါသည်။

၂။ ယင်းလုပ်ရပ်များနှင့်ပတ်သက်၍ မြန်မာနိုင်ငံရုပ်ရှင် အစည်းအရုံးမှ(၂၇.၁၀.၂၀၁၂) နေ့စွဲပါ စာအမှတ် မရအ/စီမံ/၂၀၁၂(၄၆၈)ဖြင့် ယင်းပုဂ္ဂိုလ်များထံပေးပို့ခဲ့ရာတွင် နောင်တွင်အလားတူလုပ်ရပ်များ ဆက်လက်လုပ်ကိုင်ဆောင်ရွက်နေပါက လိုအပ်သလို အရေးယူဆောင်ရွက်တော့မည်ဖြစ်ကြောင်း အသိပေးခဲ့ပြီး ဖြစ်ပါသည်။

၃။ ယင်းနောက်ပိုင်းတွင်လည်း ရုပ်ရှင်အစည်းအရုံး နာယကကြီးများမှလည်းကောင်း၊ အမှုဆောင်အဖွဲ့မှလည်းကောင်း ယင်းပုဂ္ဂိုလ်များနှင့်အကြိမ်ကြိမ်တွေ့ဆုံ၍ ညှိနှိုင်းဖျောင်းဖျခဲ့ပြီးဖြစ်ပါသည်။

၄။ သို့သော် ယင်းပုဂ္ဂိုလ်များအနေဖြင့် ၄င်းတို့၏လုပ်ရပ်များကို ရပ်တန့်ခြင်း မရှိဘဲ ပစ်စာ၊ တိုင်စာအမျိုးမျိုးကို ဆက်လက်လုပ်ကြံပေးပို့နေရုံမျှမက စာနယ်ဇင်းအချို့မှနေ၍ ရုပ်ရှင်အစည်းအရုံး၏ သိက္ခာကို ကျဆင်းစေရန် နည်းပေါင်းစုံဖြင့် စော်ကားတိုက်ခိုက်ခြင်း၊ နယ်မှ ၄င်းတို့၏ အမာခံများကို ခေါ်ယူညှိနှိုင်း၍ ရုပ်ရှင်အစည်းအရုံး၏ ဗီဒီယိုလောကကောင်းမွန်လာရေး လုပ်ငန်းရပ်များကို စုဖွဲ့ဆန့်ကျင်စေခြင်း စသည်ဖြင့် ရုပ်ရှင်နှင့်ဗီဒီယိုလောကကြီးတစ်ခုလုံး ရုပ်ဆိုင်းပြိုကွဲသွားနိုင်သည်အထိ အတင့်ရဲစွာတိုက်ခိုက်လာပါသည်။

၅။ သို့ပါ၍(၁၀.၂.၂၀၁၃) ရက်နေ့တွင်ပြုလုပ်သော ရုပ်ရှင်နာယကကြီးများအဖွဲ့၊ ရုပ်ရှင်အစည်းအရုံး အမှုဆောင်အဖွဲ့၊ ဗီဒီယိုအခြေခံအဖွဲ့(ဗဟို)၊ ဗီဒီယိုအကြံပေးအဖွဲ့၊ ဗီဒီယိုထုတ်လုပ်ဖြန့်ချိဆပ်ကော်မတီတို့မှ ကိုယ်စားလှယ်များနှင့် အခြေခံအလွှာ(၁၀)လွှာမှ ကိုယ်စားလှယ်များ


မာန်ထက်ချီဗီဒီယိုထုတ်လုပ်ရေးမှ ဦးဝင်းကို

စုစုပေါင်း(၅၈)ဦးတက်ရောက်သော စုံညီအစည်းအဝေးမှ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၏ အစဉ်အဆက်ကိုင်စွဲကျင့်သုံးလာသော တည်ဆဲဖွဲ့စည်းပုံအခြေခံစည်းမျဉ်းများအရ ယင်းပုဂ္ဂိုလ်(၂)ဦးအပေါ် အောက်ပါပြစ်ဒဏ်များကို တညီတညွတ်တည်း ချမှတ်လိုက်သည်။

(က) ဦးဝင်းကို(မာန်ထက်ချီဗီဒီယိုထုတ်လုပ်ရေး)၊ ဦးခင်ဌေး(ဇမ္ဗူတလူဗီဒီယိုထုတ်လုပ်ရေး)တို့ကို မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဝင်အဖြစ်မှ ထုတ်ပယ်လိုက်သည်။

(ခ) ဦးခင်ဌေးအား ဗီဒီယိုထုတ်လုပ်ဖြန့်ချိဆပ်ကော်မတီ ဥက္ကဋ္ဌအဖြစ်မှလည်း ထုတ်ပယ်လိုက်သည်။

(ဂ) ဤအမိန့်စာထုတ်ပြန်သည့် (၁၈.၂.၂၀၁၃)နေ့မှစ၍ ဦးဝင်းကိုပိုင် (မာန်ထက်ချီ ဗီဒီယိုထုတ်လုပ်ရေး)နှင့် ဦးခင်ဌေးပိုင် (ဇမ္ဗူတလူဗီဒီယိုထုတ်လုပ်ရေး)တို့မှ ထုတ်လုပ်ဖြန့်ချိသော ရုပ်ရှင်ဗီဒီယိုဇာတ်ကားများနှင့်ပတ်သက်၍ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးမှ-

-ရိုက်ကူးရက်ချပေးခြင်း
-နယ်ထွက်ရိုက်ကူးခွင့်ထောက်ခံခြင်း
-ဆင်ဆာကြည့်ရှုခွင့်ထောက်ခံခြင်း
-ဖြန့်ချိရက်ချိတ်ခြင်း
-ရုံရက်ချိတ်ခြင်းတို့အားတာဝန်ယူဆောင်ရွက်ပေးခြင်း၊ ထောက်ခံပေးခြင်းကို (၁)နှစ်တိတိ ရပ်ဆိုင်းမည်ဖြစ်သည်။

(ဃ) (၁၈.၂.၂၀၁၃)နေ့မတိုင်မီ ယင်းကုမ္ပဏီများမှ ရိုက်ကူးခွင့်ကျထားသော ရုပ်ရှင်၊ ဗီဒီယိုဇာတ် ကားများကိုမှ ရုပ်ရှင်အစည်းအရုံးမှ ခွင့်ပြုထောက်ခံပေးသွားမည်ဖြစ်သည်။

(င) ယင်းပုဂ္ဂိုလ်(၂)ဦးအနေဖြင့် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးမှ ကြီးမှူးကျင်းပသော အစည်းအဝေး၊ ဆွေးနွေးပွဲ၊ သင်တန်းနှင့်အခြားအခမ်းအနားများသို့လည်း တက်ရောက်ခွင့်မရှိကြောင်း သိစေအပ်ပါသည်။

(စ) ဗီဒီယိုအခြေခံ(ဗဟို)အမှုဆောင်အဖွဲ့ဟောင်းတွင် ယင်းပုဂ္ဂိုလ်များတာဝန်ယူစဉ်ကာလက ဖြစ်ပေါ်ခဲ့သော ငွေကြေးနှင့်အခြားသောပြဿနာအမှုအခင်းများဖြေရှင်းရန်အတွက် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးမှ လိုအပ်၍ ဆင့်ခေါ်ပါက လာရောက်ဖြေရှင်းကြရမည်ဖြစ်ပြီး လာရောက်ဖြေရှင်းခြင်းမရှိပါက ဥပဒေကြောင်းအတိုင်း ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်သည်။

(ဆ) ဦးဝင်းကို၊ ဦးခင်ဌေးတို့အနေဖြင့် ဤပြစ်ဒဏ်အပေါ်ကျေနပ်ခြင်းမရှိပါက မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးနာယကအဖွဲ့သို့ ၇ ရက်အတွင်း အယူခံပိုင်ခွင့် ရှိသည်" လို့ ရေးသားဖော်ပြထားတာ တွေ့ရပါတယ်။

အဲဒီအကြောင်းကြားစာကို ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ၊ နိုင်ငံတော်သမ္မတရုံး၊ ပြန်ကြားရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး၊ ပြည်သူ့လွှတ်တော်၊ အားကစား၊ ယဉ်ကျေးမှုနှင့် ပြည်သူ့ဆက်ဆံရေး ဖွံ့ဖြိုးတိုးတက်မှုကော်မတီဥက္ကဋ္ဌ၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး နာယကကြီးများ၊ မြန်မာရုပ်ရှင်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး၊ ရုပ်ရှင်ဆင်ဆာအဖွဲ့ ဥက္ကဋ္ဌ၊ ဗီဒီယိုဆင်ဆာအဖွဲ့ ဥက္ကဋ္ဌ၊ ဗီဒီယိုအခြေခံအဖွဲ့(ဗဟို)၊ ဗီဒီယိုအကြံပေးအဖွဲ့နဲ့ ဗီဒီယိုထုတ်လုပ်ဖြန့်ချိဆပ်ကော်မတီသို့လည်း ပေးပို့ထားတယ်လို့ သိရပါတယ်။

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးကပေးပို့လာတဲ့ အကြောင်းကြားစာနဲ့ပတ်သက်ပြီး မာန်ထက်ချီ ထုတ်လုပ်ရေးမှ ဦးဝင်းကိုက "ခက်ခဲကြမ်းတမ်းတဲ့ခရီးကို အတူတူ သွားကြည့်လိုက်တဲ့အချိန်မှာ လူတစ်ယောက်ရဲ့ စိတ်ဓာတ်မှန်တွေ ပေါ်လာတတ်သလိုပဲ အဖွဲ့စည်းတစ်ခုရဲ့ ပင်ကိုစိတ်အနေအထားဆိုတာ ထိပ်တိုက်ဆုံလိုက်တဲ့အချိန်မှာပေါ်လာတယ်။ ကိုဇင်ဝိုင်းတို့အဖွဲ့တက်လာတဲ့အချိန်မှာ အော်ခဲ့တာက အရင်အဖွဲ့က ဗဟိုဦးစီးစနစ်ဖြစ်တယ်။ လောကသားတွေကို ဖိနှိပ်ချုပ်ချယ်တယ်။ ဒါရိုက်တာတွေ၊ ထုတ်လုပ်သူတွေကို ပိတ်တယ်။ ဆင်ဆာတွေဖြတ်တယ်။ လောကသားတွေ နစ်နာတာတွေရှိတဲ့အတွက် လောကသားတွေ အကျိုးအတွက် အရှေ့ကနေ အသေခံပါမယ်။ အဲဒီလိုမျိုးတွေ အော်ခဲ့တယ်လေ။ ဒါပေမဲ့ အခုအနေအထားက အပြောနဲ့ အလုပ်တက်တက်စင်အောင် လွဲသွားပြီ။ ထိပ်တိုက်ရင်ဆိုင်လိုက်တော့မှ အခြေအနေကို အတိအကျသိရမှာ ဖြစ်တဲ့အတွက် ကျွန်တော်တို့ ထိပ်တိုက်ရင်ဆိုင်လိုက်တာပါ။ ထိပ်တိုက်ရင်ဆိုင်လိုက်တဲ့အချိန်မှာ သူ့ရဲ့အနေအထားပေါ်လာပြီလေ။ ဒီလိုမျိုးလုပ်တယ်ဆိုတာ ရှိမှ မရှိခဲ့ဖူးတာ။ ကျွန်တော်ကတော့ တော်တော်လေး အံ့ဩပါတယ်။ ကျွန်တော်တို့ကို အရေးယူအပြစ်ပေးတဲ့စာထဲမှာ ရုပ်ရှင်နှင့် ဗီဒီယိုလောကပြိုကွဲစေရေးဆိုတဲ့ စကားလုံးမျိုး သုံးထားတယ်။ အဲဒါကနိုင်ငံတော်နဲ့ဆိုင်မှ သုံးလို့ရတဲ့ စကားလုံးမျိုးပါ။ နိုင်ငံတော်အတွင်းမှာ ဆူပူမှုဖြစ်အောင်ဖန်တီးတာတို့၊ ပဋိပက္ခဖြစ်အောင် ဖန်တီးတာတို့၊ တည်ငြိမ်မှုဖြိုခွဲတာတို့ မဟုတ်ဘူးဆိုရင် နိုင်ငံသားတိုင်းမှာ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်၊ ရေးသားခွင့်၊ ဖြန့်ဝေခွင့်ရှိတယ်။ လွတ်လပ်စွာအဖွဲ့အစည်း ဖွဲ့စည်းခွင့်ရှိတယ်။ ရုပ်ရှင်အစည်းအရုံးအတွင်းမှာဖြစ်ပျက်နေတာတွေကို ကျွန်တော်တို့ကအပြင်ကနေ ထောက်ပြနေကြတယ်ဆိုတာ လောကကောင်းဖို့အတွက်ပါ။ ပျက်စီးနေတာတွေကို ခေါင်းဆောင်တွေ မသိဘူးဆိုရင် လောကကြီးက မကောင်းနိုင်ဘူးလေ။ အဲဒါကြောင့် ထောက်ပြဝေဖန်တဲ့သဘောပါ။ အဲဒီစာထဲမှာ ရေးထားတာ ပစ်စာဆိုတာလည်းပါတယ်။ အဲဒီလိုပစ်စာမျိုးကို ကျွန်တော်တို့လုပ်စရာ အကြောင်းလုံးဝမရှိဘူး။ ကျွန်တော်တို့က သတ္တိရှိရှိနဲ့ ယောကျာ်းပီပီသသ လုပ်နေကြတဲ့သူတွေ၊ ပစ်စာဆိုတာမျိုးကို ယောကျာ်းပီသတဲ့သူတွေ လုံးဝမလုပ်ဘူး။ နောက်တစ်ချက် ကျွန်တော်တို့ကို စော်ကားထားတာက ဗီဒီယိုထုတ်လုပ်သူတွေရဲ့လက်မှတ်ကို လိမ်ညာရေးထိုးစေတယ်တဲ့။ အပိုဒ်သုံးမှာဖော်ပြထားသလို နာယကကြီးတွေက အကြိမ်ကြိမ်တွေ့ဆုံ ဖျောင်းဖျတယ်ဆိုတာလည်း လုံးဝမဟုတ်ဘူး။ နာယကကြီးတွေကို တွေ့ခွင့်တောင်းပေမဲ့ တွေ့ခွင့်မရလို့တစ်ကြိမ်မှ နာယကကြီးတွေနဲ့ မဆုံခဲ့ရဘူး။ ကျွန်တော်အနေနဲ့ ပြောရမယ်ဆိုရင် NGO အဖွဲ့အစည်းဆိုတာ အစိုးရမဟုတ်တဲ့ အဖွဲ့အစည်းတစ်ခုဖြစ်ပါတယ်။ လူမှုရေးအသင်းသဘောမျိုးပါပဲ။ အဲဒီလိုအသင်းအဖွဲ့တစ်ခုမှာ စေတနာ့ဝန်ထမ်းလုပ်နေကြတဲ့ သူတွေက လုပ်ငန်းရှင်တွေကို အရေးယူတယ်ဆိုတာ ကျွန်တော် ကြားဖူးသမျှထဲမှာတော့ ပထမဦးဆုံးပါပဲ။ အံ့ဩစရာလည်း တော်တော်လေးကောင်းပါတယ်။ အဲဒီအကြောင်းကြားစာနဲ့ပတ်သက်ပြီး ကျွန်တော်တို့ဘက်ကလည်း သက်ဆိုင်ရာတာဝန်ရှိသူ အဆင့်ဆင့်ကို တင်ပြပြီး ကျွန်တော်တို့ရဲ့နစ်နာမှုတွေကို တောင်းဆိုသွားမယ်" လို့ ပြောပါတယ်။ ■

နေလွင်

# နောင်နောင်မင်္ဂလာပွဲကို ကင်မရာသုံးလုံးနဲ့ မှတ်တမ်းတင်ပေးခဲ့တဲ့ စင်ရော်မောင်မောင်

မန္တလေးမြို့မှာ ဖေဖော်ဝါရီလ ၁၈ ရက်နေ့ မနက်ပိုင်းနဲ့ညပိုင်းမှာ စည်ကားသိုက်မြိုက်စွာ ကျင်းပပေးခဲ့တဲ့ အကယ်ဒမီနောင်နောင်နဲ့ ယုယုအောင်တို့ရဲ့မင်္ဂလာဧည့်ခံပွဲကို အကယ်ဒမီဒါရိုက်တာ စင်ရော်မောင်မောင်က ရန်ကုန်မြို့ကနေ တကူးတကသွားရောက်ပြီး မှတ်တမ်းအတွက် ဗီဒီယိုကင်မရာသုံးလုံးနဲ့ ကင်မရာအဖွဲ့များခေါ်ဆောင်ပြီး သွားရောက်မှတ်တမ်းတင်ပေးခဲ့ပါတယ်။

ရီမြင့်ရုပ်ရှင်ဆိုတာ **သကြန်မိုး** နဲ့အတူ မွေးဖွားအောင်မြင်လာတာဖြစ်လို့ အဲဒီ **သကြန်မိုး**နဲ့ပဲ ဇင်ရော်မောင်မောင်၊ ဇင်ဝိုင်း၊ မေသန်းနုတို့ဖြစ်ထွန်းလာကြသလို ကိုအောင်မင်းသိမ်း၊ မီးပွားတို့လည်းပါတာဖြစ်လို့ ကိုဇော်မြင့်ရဲ့သား နောင်နောင်ရဲ့မင်္ဂလာပွဲက ဆွေမျိုးလည်းတော်စပ်တဲ့ ဒါရိုက်တာစင်ရော်မောင်မောင်အတွက် အရေးပါတဲ့မင်္ဂလာပွဲတစ်ပွဲဖြစ်တယ်လို့ ဒါရိုက်တာစင်ရော်မောင်မောင်က ပြောပြခဲ့ပါတယ်။ အဲဒီအတွက် ဒါရိုက်တာ စင်ရော်မောင်မောင်က နိုင်ငံခြားကိုရောက်နေရင်တောင် ပြန်လာမှာဖြစ်တယ်လို့ ပြောပြခဲ့ပြီး မဟာဂန္ဓာရုံကျောင်းတိုက်မှာ မင်္ဂလာဆွမ်းကျွေးပွဲကျင်းပတုန်းကလည်း ကင်မရာနဲ့မှတ်တမ်းတင်ပေးခဲ့သလို ကိုယ်တိုင်ကိုယ်ကျလည်း ဧည့်ခံပေးနေတယ်လို့ သိရပါတယ်။ အဲဒီအတွက် မင်္ဂလာပွဲရက်မှာရှိနေတဲ့ ရိုက်ကူးရေးအစီအစဉ်ကိုဖျက်ပြီး ရန်ကုန်မှာကြော်ငြာရိုက်၊ ပြီးတာနဲ့ မန္တလေးကိုလာ၊ နောက်နေ့မနက်ပြန်ပြီး ကြော်ငြာရိုက်ရဦးမယ်လို့ ပြောပြခဲ့ပါတယ်။ ဒါပြီးရင် အာဆီယံအိုလံပစ်အတွက် ညှိနှိုင်းဖို့ တရုတ်နိုင်ငံကိုသွားရဦးမှာဖြစ်တယ်လို့ ပြောပြခဲ့ပါတယ်။ မင်္ဂလာပွဲမှာ **သကြန်မိုး** အင်အားစုတွေ အများကြီးတွေ့ရသလို ဒီမင်္ဂလာပွဲမှာ မြို့မရဲ့တီးခတ်မှုတွေက ဒီနေ့မှာမှ ပိုပြီးမြိုင်နေသလို ပိုပြီးအသက်ဝင်နေတယ်လို့ပြောပြပါတယ်။ **သကြန်မိုး** ထဲမှာပါတဲ့ မင်းသမီးတွေလည်း ကကြသလို၊ ကိုဇော်မြင့်ကိုယ်တိုင်လက်ခုပ်တီးပြီးတော့ အားပေးရတဲ့အဖြစ်ရောက်ခဲ့ရတဲ့အတွက် တစ်ရေး နိုး၊ ဒါမှမဟုတ် အိပ်နေရင်တောင် **သကြန်မိုး** ဟာ ရင်ထဲမှာရှိနေမယ်ဆိုတာ ညွှန်းဆိုလိုက်သလိုပါပဲလို့ စင်ရော်မောင်မောင်က ပြောပြခဲ့ပါတယ်။ ■ လင်းနိုင်ဦး

ပြည်ပသတင်း

## လက်ပတ်နာရီ တစ်ဖက်တစ်လုံးပတ်ပြီး ညလုံးပေါက်ပါတီပေးတဲ့ Justin Bieber


အဆိုတော် Justin Bieber

Cannabis ခေါ် မူးယစ်ဆေးဝါးတစ်မျိုးပါဝင်တဲ့ ဆေးလိပ်သောက်နေတဲ့ပုံ ထွက်ပေါ်လာပြီးနောက် သတင်းစာစောင်တွေရဲ့ ဝေဖန်ရေးသားမှုခံနေရတဲ့ အသက် ၁၈ နှစ်အရွယ်ရှိ ကနေဒါသားအဆိုတော်လေး Justin Bieber ဟာ လန်ဒန်မြို့က ညကလပ်တွေမှာ ညလုံးပေါက်ပါတီပွဲတွေ ဆင်နွှဲလာခဲ့ပြန်ပါတယ်။

Justin Bieber ဟာ ဖေဖော်ဝါရီလ ၁၉ ရက်နေ့ညက Haymarket အရပ်ရှိ Mint Leaf အိန္ဒိယစားသောက်ဆိုင်မှာ သူ့ရဲ့ပါတီပွဲကို စတင်ခဲ့ပါတယ်။ အဲဒီကနေ တည်းခိုရာဟိုတယ်ကို တစ်ခေါက်ပြန်ကာ ပန်းရောင်တောက်တောက် ဘွတ်ဖိနပ်တစ်ရန်လဲ၊ အဝတ်အစားတစ်စုံလဲပြီး မြို့ထဲကို ပြန်ထွက်လာခဲ့ပြန်ပါတယ်။

အဲဒီကနေ Mayfair အရပ်က BLC ညကလပ်မှာ အမျိုးသမီးအဖော်နှစ်ယောက်နဲ့အတူ ပါတီပေးလိုက်တာ မနက်လေးနာရီအထိ တိုင်အောင်ပဲဖြစ်ပါတယ်။ Justin Bieber ကိုပါတီပွဲမှာ အဖော်လာပြုပေးသူကတော့ မိတ်ဆွေအဆိုတော် Will.i.am ပဲဖြစ်ပါတယ်။ ညလုံးပေါက်ပါတီပွဲနွှဲခဲ့တဲ့ Justin Bieber ရဲ့ လက်တစ်ဖက်တစ်ချက်မှာလည်း ရွှေရောင်တောက်ပနေတဲ့လက်ပတ်နာရီ တစ်လုံးစီပတ်ထားတာလည်း တွေ့ကြရပါတယ်။ ❑ *20.02.2013, The Sun*

## Argo ရဲ့ ထပ်ဆင့်အောင်မြင်မှု


ဇာတ်ညွှန်းရေးသားသူ Chris Terrio

အမေရိကန်ပြည်ထောင်စု၊ စာရေးဆရာများအဖွဲ့ (Writers Guild) က ချီးမြှင့်တဲ့ အကောင်းဆုံးရုပ်ရှင်ဇာတ်ညွှန်းဆုတွေကို နာမည်ကျော် **Argo** ဇာတ်ကားနဲ့ **Zero Dark Thirty** ဇာတ်ကားတွေက ဆွတ်ခူး ရရှိသွားခဲ့ကြပါတယ်။

ဒါရိုက်တာ Ben Affleck ရဲ့ **Argo** ဇာတ်ကားအတွက် ဇာတ်ညွှန်းရေးသားသူ Chris Terrio က အကောင်းဆုံးမှီငြမ်းဇာတ်ညွှန်းဆုကို ရရှိခဲ့ပြီး ဒါရိုက်တာ Kathryn Bigelow ရဲ့ **Zero Dark Thirty** ဇာတ်ကားအတွက် ဇာတ်ညွှန်းရေးသားသူ Mark Boal က အကောင်းဆုံးမူရင်းဇာတ်ညွှန်းဆုကို ဆွတ်ခူးရရှိခဲ့တာ ဖြစ်ပါတယ်။

မှတ်တမ်းရုပ်ရှင်အတွက် ဇာတ်ညွှန်းဆုကိုတော့ ၁၉၇၀ ပြည့်နှစ်များအတွင်းက ကျော်ကြားခဲ့တဲ့ ဂီတပညာရှင် Rodriguez အကြောင်း ရိုက်ကူးတင်ပြထားတဲ့ Searching for Sugar Man အမည်ရှိမှတ်တမ်းရုပ်ရှင် ဇာတ်ညွှန်းရေးသားသူ Malik Bendjelloul က ရရှိသွားခဲ့ပါတယ်။

Writers Guild က ပေးအပ်တဲ့ ဆုတွေဟာ လာမဲ့ဖေဖော်ဝါရီ ၂၄ ရက်နေ့မှာ ကျင်းပမဲ့ အော်စကာဆုပေးပွဲမတိုင်မီ နောက်ဆုံးပေးအပ်တဲ့ ထူးချွန်ဆုတွေလည်း ဖြစ်ပါတယ်။

**Argo** ဇာတ်ကားဟာ အော်စကာဆုပေးပွဲမှာ အကောင်းဆုံးဇာတ်ကားဆုရဖို့ တစ်ပြေးနေပါတယ်။ အော်စကာဆုအရင်ပေးအပ်တဲ့ ရုပ်ရှင်ထူးချွန်ဆုတွေဖြစ်တဲ့ Golden Globes Baftas, Directors Guild of America, The Screen Actors Guild of Amercia, The Producers Guild of America အစရှိတဲ့ဆုအသီးသီးကိုလည်း ဆွတ်ခူးရရှိထားတဲ့ဇာတ်ကားဖြစ်ပါတယ်။ ❑ *18.02.2013, News Beat*

## Adele ကို စကားဆုံးအောင် ပြောခွင့်ပေးမဲ့ ဂီတထူးချွန်ဆုပေးပွဲ

ဗြိတိသျှဂီတထူးချွန်ဆု(Brit Awards) ပေးပွဲ စီစဉ်တင်ဆက်သူတွေက မနှစ်က စင်မြင့်ထက်မှာ ကျေးဇူးတင်စကားပြန်ကြားနေတဲ့ Adele ရဲ့စကားမဆုံးခင် အခမ်းအနားတင်ဆက်သူ James Corden က စကားဝင်ဖြတ်ပြီး အတိုချုံးပစ်လိုက်တာမျိုး ဒီနှစ်မှာ မဖြစ်စေရပါဘူးလို့ ပြောကြားလာခဲ့ပါတယ်။

မနှစ်က Brit Awards ဆုပေးပွဲမှာ အကောင်းဆုံးအယ်လ်ဘမ်ဆုရရှိခဲ့တဲ့ Adele ဟာ ဒီနှစ်မှာလည်း *Skyfall* အမည်ရသီချင်းနဲ့ British Single ဆုရရှိဖို့ တစ်ပြေးနေပါတယ်။ ဒါပေမဲ့ ဖေဖော်ဝါရီလ ၂၄ ရက်နေ့


Adele နဲ့ အခမ်းအနားတင်ဆက်သူ James Corden

မှာ ကျင်းပမဲ့ အော်စကာဆုပေးပွဲဖျော်ဖြေရေးအစီအစဉ်အတွက် ဇာတ်တိုက်လေ့ကျင့်နေရတာကြောင့် Brit Awards ဆုပေးပွဲကို Adele တက်ရောက်နိုင်လိမ့်မယ်မဟုတ်ကြောင်း သတင်းစကားတွေလည်း ပေါ်ထွက်နေပါတယ်။

Brit Awards ဆုပေးပွဲမှာ One Direction, Justin Timberlake, Taylor Swift, Mumford and Sons, Emeli Sande နဲ့ Robbie Williams တို့ ဖျော်ဖြေတင်ဆက်ပေးကြဖို့ သေချာပြီးသားပါ။ Emeli Sande ဟာ ဖေဖော်ဝါရီလ ၂၀ ရက်နေ့ညမှာ ကျင်းပမဲ့ Brit Award ဆုပေးပွဲမှာ အကောင်းဆုံးအမျိုးသမီးအဆိုတော်ဆုနဲ့ အကောင်းဆုံးအယ်လ်ဘမ်ဆုအပါအဝင် ဆုလေးဆုအတွက် ဆန်ခါတင်စာရင်းဝင်ထားသူ ဖြစ်ပါတယ်။

Mumford and Sons နဲ့ Mercury Prize ဆုရ Alt-J တို့က ဆန်ခါတင်သုံးဆုစီ စာရင်းဝင်ထားကြပါတယ်။ ပေါ့ပ်စတား Rihanna ကလည်း အကောင်းဆုံးနိုင်ငံတကာ အမျိုးသမီးအဆိုတော်ဆုကို တတိယအကြိမ်မြောက် ဆက်လက်ရရှိဖို့ တစ်ပြေးနေသလို ကွယ်လွန်သူအဆိုတော် Amy Winehouse ကလည်း အကောင်းဆုံးဗြိတိသျှအမျိုးသမီးအဆိုတော်ဆုရရှိဖို့ ရေပန်းစားနေပါတယ်။

ဒီနှစ်မှာ ကဏ္ဍအသစ်အဖြစ် ဖွင့်လှစ်ပေးအပ်မဲ့ နိုင်ငံတကာအောင်မြင်မှု (Global Success) ဆုကိုတော့ Adele ကပဲ ရရှိဖို့ တစ်ပြေးနေပြန်ပါသေးတယ်။ ဒီဆုကို ရွေးချယ်ရာမှာ နိုင်ငံတကာဈေးကွက်က ဓာတ်ပြားရောင်းအားကို အခြေခံကြောင်း သိရှိရပါတယ်။

ဖေဖော်ဝါရီလအတွင်းမှာ ကျင်းပပြီးစီးသွားခဲ့တဲ့ ဂရမ်မီဆုပေးပွဲမှာတုန်းက ရုပ်/သံထုတ်လွှင့်ပေးတဲ့ CBS ရုပ်/သံက အမျိုးသမီးအနုပညာရှင်တွေအနေနဲ့ ထွင်းဖောက်မြင်ရလောက်အောင် ပါးလျတဲ့ဝတ်စုံတွေ မဝတ်ဆင်ဖို့နဲ့ လုံလုံခြုံခြုံဝတ်ဆင်ကြဖို့ ပြောကြားခဲ့ပေမဲ့ Brit Awards ကော်မတီဥက္ကဋ္ဌ David Joseph ကတော့ အဲဒီလိုကန့်သတ်မှုတွေ ပြုလုပ်မှာ မဟုတ်ကြောင်း ကြိုတင်ပြောကြားခဲ့ပါတယ်။

လန်ဒန်မြို့ $O_2$ Arena မှာ ဖေဖော်ဝါရီလ ၂၀ ရက်နေ့ညမှာ ကျင်းပမဲ့ ဆုပေးပွဲအခမ်းအနားကို ဗြိတိသျှဟာသသရုပ်ဆောင် James Corden ကပဲ တာဝန်ယူတင်ဆက်ပေးမှာ ဖြစ်ပါတယ်။ Brit Awards ဆုရုပ်တုကိုတော့ Damien Hirst က ပုံစံထုတ် ထုလုပ်ပေးထားကြောင်း သိရှိရပါတယ်။ အခမ်းအနားအပြင်အဆင်တွေကို ဒီနှစ်မှာ အကြီးအကျယ်ပြင်ဆင်ဆောင်ရွက်နေပြီး စင်မြင့်ပတ်ချာလည်မှာ မီးမောင်းစင်မြင့်ကြီးတွေ ဆင်ထားတဲ့အပြင် ၃၅၀ စတုရန်းမီတာရှိတဲ့ ဗီဒီယိုဖန်သားပြင်နဲ့လည်း ထပ်ဆင့်ပြသပေးနေမှာ ဖြစ်ပါတယ်။ အခမ်းအနားအစီအစဉ်ကို ITV က ဖေဖော်ဝါရီလ ၂၀ ရက်နေ့ည ၈ နာရီ (ဂရင်းနစ်စံတော်ချိန်)မှာ တိုက်ရိုက်ထုတ်လွှင့်တင်ဆက်ပေးမှာ ဖြစ်ပါတယ်။ ❑ *19.02.2013, The Sun/BBC*

## Emma လို့ခေါ်တဲ့ ဘီးတပ်ကုလားထိုင်ကို ပရိသတ်နဲ့ မိတ်ဆက်ပေးတဲ့ Lady Gaga

အဆစ်အမြစ်တွေ ရောင်ရမ်းတဲ့ နာတာရှည်ဝေဒနာတစ်ရပ်ကြောင့် ပြီးခဲ့တဲ့သီတင်းပတ်အတွင်းမှာ Born This Way Ball Tour ရဲ့လက်ကျန်ပွဲစဉ်အမြောက်အမြားကို ဖျက်သိမ်းခဲ့ရတဲ့ အသက် ၂၆ နှစ်အရွယ်ရှိ အမေရိကန်အဆိုတော် Lady Gaga ဟာ တင်ပါးခွဲစိတ်ကုသမှု တစ်ရပ်အရေးပေါ်ခံယူပြီးနောက် အခုသီတင်းပတ်အတွင်းမှာ Chicago မြို့က Starbucks ကော်ဖီဆိုင်ဆီကို ဘီးတပ်ကုလားထိုင်တစ်စီးနဲ့ ရောက်လာတာတွေ့ကြရပါတယ်။

Lady Gaga က သူ့ရဲ့ဘီးတပ်ကုလားထိုင်ကို ပရိသတ်တွေနဲ့ မိတ်



Lady Gaga ရဲ့ဘီးတပ်ကုလားထိုင်

ဆက်ပေးပြီး သူ့ရဲ့ကုလားထိုင်ကို Emma လို့ နာမည်ပေးထားကြောင်းလည်း ပြောကြားခဲ့ပါတယ်။ Lady Gaga ဒဏ်ရာရရှိခဲ့တာဟာ ပွဲဆက်တွေများပြီး ဝန်ပိခဲ့တာကြောင့် အခုလိုပွဲစဉ်တွေ ဖျက်သိမ်းခဲ့ရတဲ့အထိ ဖြစ်ခဲ့ရတာဖြစ်ကြောင်း အာမခံကုမ္ပဏီက အကြောင်းပြပြောကြားနေလို့ Lady Gaga ဟာ သန်းနဲ့ချီပြီးရှိတဲ့ အာမခံလျော်ကြေးငွေတွေကို လက်လွှတ်ဆုံးရှုံးရမလိုဖြစ်နေပါတယ်။

Lady Gaga ရဲ့ Born This Way Ball Tour ကို ၂၀၁၂ ခု၊ ဧပြီလ ၂၇ ရက်နေ့က တောင်ကိုရီးယားနိုင်ငံ၊ ဆိုးလ်မြို့မှာ စတင်ကျင်းပခဲ့တာဖြစ်ပြီး မူလအစီအစဉ်အရ ၂၀၁၃ ခု၊ မတ် လ ၂၀ ရက်နေ့မှာ အမေရိကန်ပြည်ထောင်စု၊ Oklahoma ပြည်နယ်၊ Tulsa မြို့မှာ နောက်ဆုံးပွဲစဉ်အဖြစ် တင်ဆက်ဖို့ ဖြစ်ပါတယ်။ ဖျက်သိမ်းခံရတဲ့ ပွဲစဉ်တွေအတွက် ပြန်လည်အစားထိုးတင်ဆက်ပေးနိုင်ဖို့ရှိ မရှိဆိုတာတော့ အသေအချာမသိရသေးပါဘူး။

❑ *20.02.2013, The Sun*

## ဝေဖန်ရေးဆရာတွေရဲ့ မှတ်ချက်ကို အန်တုလိုက်တဲ့ Die Hard 5

မင်းသားကြီး Bruce Willis ရဲ့ပဥ္စမမြောက် **Die Hard** ဇာတ်ကားတွဲဖြစ်တဲ့ **A Good Day to Die Hard** အမည်ရဇာတ်ကား ဟာ ပြီးခဲ့တဲ့သီတင်းပတ်အတွင်းမှာ ဝေဖန်ရေးဆရာတွေရဲ့ ဝေဖန်ရေးသားမှုတွေခံယူခဲ့ရပေမဲ့ UK နဲ့ အိုင်ယာလန်နိုင်ငံက ပရိသတ်တွေကတော့ ဝေဖန်ရေးဆရာတွေရဲ့မှတ်ချက်ကို လက်ခံကြပုံ မရပါဘူး။



Die Hard 5 ဇာတ်ကားမှ မင်းသားကြီး Bruce Wills နဲ့ Jai Counney

ဘာဖြစ်လို့လဲဆိုတော့ Die Hard 5 ဟာ ဖေဖော်ဝါရီလ ၁၄ ရက်နေ့ကနေ ၁ ရက်နေ့အတွင်း ဝင်ငွေ စတာလင်ပေါင် ၄.၅၅ သန်းရရှိပြီး နှစ်နိုင်ငံစလုံးရဲ့ဝင်ငွေအကောင်းဆုံး ဇာတ်ကားငါးကားစာရင်းမှာ ထိပ်ဆုံးက ရပ်တည်နိုင်ခဲ့လို့ပဲ ဖြစ်ပါတယ်။ ထိပ်ဆုံးမှာ ရပ်တည်နိုင်တယ်ဆိုပေမဲ့ ဖေဖော်ဝါရီလ ၁၄ ရက် ချစ်သူများနေ့က ပြသခဲ့တဲ့ အကြိုပွဲစဉ်က ဝင်ငွေကိုပါ ထည့်သွင်းတွက်ချက်မှ Disney ရုပ်ရှင်ရဲ့ **Wreck-It Ralph** အမည်ရအင်နီမေးရှင်းဇာတ်ကားကို နံပါတ်တစ်နေရာက ဆွဲချနိုင်ခဲ့တာ ဖြစ်ပါတယ်။ ၁၄ ရက်နေ့ ဝင်ငွေမပါဘဲ နောက်ရက်သက်သက်နဲ့ဆိုရင် ဝင်ငွေစတာလင် ပေါင် ၃.၂၇ သန်းပဲ ရရှိကာ ပြသရက်တူတဲ့ **Ralph** ဇာတ်ကားထက် စတာလင်ပေါင် ၁၆၈,၉၇၅ နည်းမှာ ဖြစ်ပါတယ်။ Ralph က ဖေဖော်ဝါရီ ၁၅ ရက်ကနေ ၁၇ ရက်နေ့အတွင်း ဝင်ငွေစတာလင်ပေါင် ၃.၄၃ သန်း ရရှိထားတာ ဖြစ်ပါတယ်။ တတိယဝင်ငွေ အများဆုံးဇာတ်ကားနေရာကိုတော့ Judd Apatow ရဲ့ဟာသဇာတ်ကား **This Is 40** က ဖေဖော်ဝါရီ ၁၅ ရက်နေ့ကနေ ၁၇ ရက်နေ့အတွင်း ဝင်ငွေ စတာလင်ပေါင် ၁.၂၂ သန်းနဲ့ ရရှိသွားခဲ့ပါတယ်။

ရုံတင်ရက် သီတင်းခြောက်ပတ်ရှိနေပြီဖြစ်တဲ့ နာမည်ကျော် **Les Miserables** ဇာတ်ကားကတော့ သုံးရက်အတွင်း ဝင်ငွေစတာလင်ပေါင် ၁.၀၂ သန်းနဲ့ စတုတ္ထဝင်ငွေအကောင်းဆုံးနေရာမှာ ပန်းပန်လျက် ရှိနေဆဲ ဖြစ်ပါတယ်။ အချစ်ဇာတ်ကားတစ်ကားဖြစ်တဲ့ **Beautiful Creatures** ဇာတ်ကားက ငါးရက်အတွင်း ဝင်ငွေစတာလင်ပေါင် ၁.၁သန်းနဲ့ ပဥ္စမဝင်ငွေအကောင်းဆုံးဇာတ်ကားအဖြစ်စာရင်းဝင်ခဲ့ကြောင်း သိရှိရပါတယ်။

❑ *20.02.2013, News Beat*

## Michael Jackson ရဲ့သားကြီး Prince ကို ရုပ်/သံတင်ဆက်သူအဖြစ် မြင်တွေ့ကြရတော့မယ်

ကွယ်လွန်သူအဆိုတော် Michael Jackson ရဲ့ အသက် ၁၆ နှစ်အရွယ်ရှိ သားကြီး Prince ဟာ အမေရိကန်ရုပ်/သံအစီအစဉ်တစ်ရပ် ဖြစ်တဲ့ Entertainment Tonight အစီအစဉ်မှာ စီစဉ်တင်ဆက်သူ သတင်းထောက်တစ်ဦးအဖြစ် ဆောင်ရွက်ပေးဖို့ သဘောတူလက်မှတ်ရေးထိုးခဲ့ပြီ ဖြစ်ပါတယ်။

နာမည်ရင်း Michael Joseph Jackson Jr. လို့ခေါ်တဲ့ Prince ဟာ Jackson ရဲ့သားသမီးသုံးဦးအနက် အကြီးဆုံးဖြစ်ပါတယ်။ Prince နဲ့ သူ့ရဲ့ အသက် ၁၅ နှစ်အရွယ်ရှိ ညီမ Paris တို့ကို Jackson ရဲ့ဇနီးသည် Debbie Rowe က မွေးဖွားပေးခဲ့တာဖြစ်ပါတယ်။ အခုသီတင်းပတ်အတွင်း အသက် ၁၁ နှစ်ပြည့်မဲ့ အငယ်ဆုံးသားလေး Blanket ကိုတော့ အငှားကိုယ်ဝန်ဆောင်အမျိုးသမီးတစ်ဦးက မွေးဖွားပေးခဲ့တာဖြစ်ပြီး မိခင်အရင်းကိုတော့ မသိ ရှိကြရပါဘူး။

Prince ဟာ ပွဲဦးထွက်အဖြစ် မင်းသား James Franco, Zach Braff နဲ့ ဒါရိုက်တာ Sam Raimi တို့ကို သူတို့ရဲ့ **Oz the Great and Powerful** အမည်ရဇာတ်ကားအတွက် တွေ့ဆုံမေးမြန်းရမှာ ဖြစ်ပါတယ်။

Prince က ထုတ်လုပ်သူ၊ ဒါရိုက်တာ၊ ဇာတ်ညွှန်းဆရာနဲ့ သရုပ်ဆောင်အဖြစ် စွယ်စုံရသူတစ်ဦးဖြစ်လို ကြောင်းလည်း ပြောကြားခဲ့ပါတယ်။

Prince ရဲ့ညီမဖြစ်သူ Paris က ၂၀၁၁ ခုနှစ်အတွင်းမှာ **Lundon's Bridge and the Three Keys** အမည်ရ ဇာတ်ကားတစ်ကားမှာ ပါဝင်သရုပ်ဆောင်ပေးဖို့ သဘောတူစာချုပ် လက်မှတ်ရေးထိုးခဲ့ပါတယ်။ **Lundon's Bridge** ဇာတ်ကားဟာ ရိုက်ကူးနေဆဲဖြစ်ပါတယ်။ ဖခင်ဖြစ်သူရဲ့



Michael Jackson သားသမီးများဖြစ်တဲ့ Prince, Blanket နဲ့ Paris

အနုပညာဗီဇပါတဲ့သွေးတွေက သူတို့လေးတွေရဲ့ခန္ဓာကိုယ်ထဲမှာ လှည့်ပတ်နေတာဆိုတော့ အနုပညာလောကထဲကို အနေးနဲ့ အမြန်ရောက်ရှိလာကြမှာ မလွဲဘူးလို့ ဆိုရမှာ ဖြစ်ပါတယ်။

❑ *20.02.2013, News Beat*

# မန္တလေးအနုပညာရှင်များ စုံညီစွာဖြင့် အကယ်ဒမီ နောင်နောင်ရဲ့ မင်္ဂလာညစာ ဧည့်ခံပွဲ


ဦးဇော်မြင့်၊ နောင်နောင်၊ ယုယုအောင်၊ ဒေါ်ယဉ်ယဉ်ထွေး၊ ဒီဒီတို့အမှတ်တရ


ရွှေကြိုးတားနေတဲ့ သူငယ်ချင်းများကို ညှိနှိုင်းနေတဲ့ နောင်နောင်နဲ့ စင်ရော်မောင်မောင်


မင်္ဂလာညစာစားပွဲမှာ
တွေ့ရတဲ့ နောင်နောင်နဲ့ ယုယုအောင်


ဒါရိုက်တာ
စင်ရော်မောင်မောင်၊
ဒါရိုက်တာ
မောင်တင်ဦးတို့လည်း
တက်ရောက်
ချီးမြှင့်
ပေးခဲ့ပါ
တယ်

၂၀၁၁ ခုနှစ်အတွက် နိုင်ငံတော်က ချီးမြှင့်ပေးတဲ့ အကယ်ဒမီ ထူးချွန် ဆုပေးပွဲမှာ **ထာဝရအလင်းတန်းများ** ရုပ်ရှင်ဇာတ်ကားနဲ့ အကောင်းဆုံး အမျိုးသားဇာတ်ဆောင်ဆု ရရှိခဲ့တဲ့ အကယ်ဒမီ နောင်နောင်နဲ့ သူ့ရဲ့ ချစ်သူ ယုယုအောင်တို့ မင်္ဂလာဧည့်ခံပွဲအခမ်းအနားကို ဖေဖော်ဝါရီလ ၁၈ ရက်နေ့၊ မနက် ၈ နာရီက မန္တလေးမြို့ Oriental House မှာ ကျင်းပခဲ့ပါတယ်။ မင်္ဂလာသတို့သားက မန္တလေးမြို့နေ ဦးဇော်မြင့်၊ ဒေါ်ရင်ရင်ထွေး (ရီမြင့်ရုပ်ရှင်နှင့် D&GFoodCentre) တို့ရဲ့သား အကယ်ဒမီနောင်နောင်(ခ) မောင်ဇော်မျိုးနောင် B.Sc (Maths) ဖြစ်ပြီး မင်္ဂလာသတို့သမီးက အမရပူရမြို့နေ ဦးနေဝင်း၊ ဒေါ်မာလာဝင်း (ယဉ်ပျို့မေ ပိုးထည်ချည်ထည်)တို့ရဲ့ သမီး မယုယုအောင် B.A(Russia) ပဲ ဖြစ်ပါတယ်။

ရီမြင့်ရုပ်ရှင် ထုတ်လုပ်ရေးပိုင်ရှင် ဦးဇော်မြင့်၊ ဒေါ်ယဉ်ယဉ်ထွေးတို့က မိတ်ဆွေသင်္ဂဟပေါများသလို အကယ်ဒမီနောင်နောင်ကို ချစ်ကြတဲ့ မိတ်ဆွေများကလည်း ပေါများတာကြောင့် မင်္ဂလာဖိတ်စာကို စောင်ရေ ၁၅၀၀ လောက်ထိ ဖိတ်ကြားခဲ့ရပြီး ရန်ကုန်မြို့မှ ရီမြင့်ရုပ်ရှင်ထုတ်လုပ်ရေးနဲ့ အလွန်ရင်းနှီးကြတဲ့ ဒါရိုက်တာ ဦးဝင်းဖေ၊ ဒါရိုက်တာ မောင်တင်ဦး၊ ဒါရိုက်တာ စင်ရော်မောင်မောင်၊ အကယ်ဒမီ မေသန်းနု၊ အကယ်ဒမီ မေသဇ္ဈာဦးစတဲ့ အနုပညာရှင်များကလည်းမန္တလေး*စာမျက်နှာ(၂၀)သို့...*


ဒေါ်ယဉ်ယဉ်ထွေးနဲ့ ဒေါက်တာ ခင်မောင်အေး


မင်္ဂလာခန်းမထဲကို
မေသန်းနုဝင်ရောက်လာစဉ်


မြို့မရဲ့အဆိုမှာ
မေသန်းနုက ကပြဖျော်ဖြေပေးခဲ့ပါတယ်


ဦးဝင်းဖေ၊ ညီပုလေး၊ ဦးစိန်မြင့်တို့လည်း
တက်ရောက် ချီးမြှင့်ခဲ့ပါတယ်

## ချစ်ခြင်းမေ

Emperorအဖွဲ့နဲ့အတူ တစ်ပြိုင်
ဇော်ဝင်းထွဋ်က အခုဆိုရင် သူတို့ရဲ့ဂီ
ပါတယ်။ Rockဂီတများနဲ့အောင်မြင်
ဖက်တွယ်လာတဲ့ ဇော်ဝင်းထွဋ်က
တော့ လူ လို့ အမည်ပေးပြီး သူ့ရဲ့
ကျရောက်တဲ့ ဖေဖော်ဝါရီလ ၂၄ ရက်
ဇော်ဝင်းထွဋ်က သူ့ရဲ့ဂီတသ
စီးရီးထွက်ရှိပြီးတိုင်း စီးရီးထွက်ရှိ
များ နောက်ပိုင်းမှာ ဆက်တိုက်ဆို
ပရိသတ်များ အမှတ်တရအဖြ
အကြိုက်တွေ့လာပြီးတဲ့နောက်ပိုင်း
အခါ ဇော်ဝင်းထွဋ်က သူ့ရဲ့တစ်ကို
ထဲက Titleသီချင်းဖြစ်တဲ့ အသည်
များများမှာ ဒီသီချင်းနဲ့စတင်ဖွင့်လှ
ပရိသတ်ကလည်း စုံလင်နေပြီး Empe
တီးတော့မယ်ဆိုရင် အားပေးတဲ့ ပရိ
တဲ့အနေနဲ့ ရေဒီယို ရေဒီယို လို့ အော်
ဇော်ဝင်းထွဋ်ကလည်း အားမာန်အပြ
အခါ အားလုံးသော ပရိသတ်များက
သွားကြတာ ဖြစ်ပါတယ်။
လူ တေးစီးရီး စတင်ဖြန့်ချိခြင်း
တစ်ကိုယ်တော်ရှိုးပွဲကိုတော့ ဖေဖော်
ဟိုတယ်ရဲ့ဟိုတယ်ရှေ့ ဧည့်ခံပွဲကျင်း
ဖြစ်ပါတယ်။ ည ၇ နာရီခွဲအကျေ
အဖွင့်တီးလုံးနဲ့စတင် တီးခတ်လိုက်
အားရပါးရ အော်ဟစ်အားပေး ကြိုဆို
ဇော်ဝင်းထွဋ်က ခွဲခွာသီချင်းနဲ့ စတ
*မနေ့က၊ တစ်နေ့၊ အချစ်ဒဏ်ရာ၊ သူ*
*ဟောင်းများနဲ့ည* စတဲ့သီချင်းများ
တစ်ကိုယ်တော်ရှိုးပွဲ မလုပ်ဖြစ်တာကြ


ဇော်ဝင်းထွဋ်ကို
ပံ့ပိုးကူညီပေးတဲ့ ဟာမိုနီအဖွဲ့

## SKY NET ရဲ့

SKY NET DTH ရဲ့ ၂ နှစ်ပြည့်
၁၇ ရက်နေ့၊ မနက် ၁၀ နာရီက ရန်
ခဲ့ပါတယ်။ SKY NET ရုပ်သံလိုင်းကို
ပြည့်ခဲ့တာဖြစ်ပါတယ်။ SKY NET
လမှစပြီး ၃ လ ဆက်တိုက်ကံစမ်းမဲ
အဝင် ကံထူးရှင် ၁၀၀ ဦးကို ရွေးချယ်ခဲ့
ပေးခဲ့ပါတယ်။ ၂၀၁၃ ခုနှစ်၊ ဖေဖော်
Note II, Samsung Galary S III ၁၅ လို
ပေးခဲ့တာဖြစ်ပါတယ်။ SKY NET
စီပေးခဲ့တာဖြစ်ပါတယ်။ အနယ်နယ်အ
ခဲ့ပါတယ်။ i phone 5, i pad, Samsu
စက်များကို နန်းမြတ်ဖြိုးသင်း၊ ဆုမြတ်
Honda Fit ကားကိုတော့ နိုင်းနိုင်းခမ်း
812040 2788153233 က ကံထူးသွာ

# ဘ္ဘာများနဲ့ အားလုံးကို ဂီတနဲ့ပျော်စေတဲ့ ဇော်ဝင်းထွဋ်၊ သမီး ချန်ချန်၊ သား အီတိုးတို့နဲ့အတူ မြရိပ်ညိုမှာ ဖျော်ဖြေ

ည်း အောင်မြင်လာတဲ့ Rockအဆိုတော် တသက်တမ်း နှစ် ၃၀ တိုင်တော့မှာဖြစ် လာခဲ့သလို Rockဂီတကိုပဲ ဆက်လက် ၌ရဲ့နောက်ဆုံးထွက်ရှိခဲ့တဲ့ တေးစီးရီးကို , ၄၉ နှစ်ပြည့် မွေးနေ့အထိမ်းအမှတ် နေ့က စတင်ဖြန့်ချိပေးခဲ့တာဖြစ်ပါတယ်။ က်တမ်းမှာ သူ့ရဲ့တစ်ကိုယ်တော် တေး ၌င်း အထိမ်းအမှတ်တစ်ကိုယ်တော်ရှိုးပွဲ ပလို ကျင်းပခဲ့ပါတယ်။

စ်ဆုံးကတော့ Rockဂီတများ ပရိသတ် အမျိုးသားဇာတ်ရုံမှာ ဖျော်ဖြေခွင့်ရတဲ့ ယ်တော်တေးစီးရီး အသည်းကွဲရေဒီယို းကွဲရေဒီယို သီချင်းနဲ့ဂီတပွဲတော်တော် စ်ခဲ့တာတွေ တော်တော်များပါတယ်။ erorတေးဂီတအဖွဲ့ကလည်း အဖွင့်တီးလုံး ပတ်က သူတို့ရဲ့အဆိုတော်ကြီးကို ကြိုဆို ပြီးနှုတ်ဆက်ကြပါတယ်။ အဲဒီအချိန်မှာ ၌နဲ့ အသည်းကွဲရေဒီယို နဲ့ ပွဲကိုစလိုက်တဲ့ ရောခံ့ဂီတမှာ စီးမျောပြီး အပျော်တွေရ

အထိမ်းအမှတ် ဖျော်ဖြေတဲ့ဇော်ဝင်းထွဋ်ရဲ့ ါရီလ ၁၆ ရက်နေ့၊ ညပိုင်းက မြရိပ်ညို ပတဲ့ မြက်ခင်းပြင်မှာ ကျင်းပပေးခဲ့တာ ဉ်လောက်မှာ Emperorတေးဂီတအဖွဲ့ ယ်ဆိုရင်ပဲ Rockသီချင်းချစ်သူများက ပြီး နှုတ်ဆက်ကြပါတယ်။ အဲဒီအချိန်မှာ င်ဖျော်ဖြေပေးခဲ့ပြီး အဖွင့်အစီအစဉ်ကို ရဲကောင်းတို့ရဲ့ကမ္ဘာ၊ ဘာလိုလို၊ ဒဏ်ရာ နဲ့ ဆက်တိုက်ဖျော်ဖြေပေးပါတယ်။ ဘ်လို့ ပရိသတ်များစာမျက်နှာ(၂၁)သို့...


တစ်ကိုယ်တော် ဖျော်ဖြေပွဲမှာ အားဖြည့်ကြတဲ့ ချန်ချန်၊ အီတိုးတို့နဲ့အတူ ဇော်ဝင်းထွဋ်




ဇော်မျိုးထွဋ်နဲ့ ဂျွန်အိုဟာရာ


ပက်ကာရှင် တီးခတ်ပေးနေတဲ့ စိုင်းသာဌေး

# ၂၀၁၃ နှစ်ဦးအထူးလက်ဆောင် ကံစမ်းမဲဖွင့်ပွဲ

အထိမ်းအမှတ် ကျေးဇူးတုံ့ပြန်မှုကံထူးရှင်ရွေးချယ်ပွဲကို ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီ ကုန်မြို့၊ အလံပြဘုရားလမ်းရှိ PARKROYALဟိုတယ် ရတနာ ၁၊ ၂ မှာ ပြုလုပ် ၂၀၁၀ ဒီဇင်ဘာလမှာ စတင်ထုတ်လွှင့်ခဲ့တာကြောင့် ၂၀၁၂ ဒီဇင်ဘာလမှာ ၂ နှစ် ကို ကြည့်ရှုအားပေးတဲ့ ပရိသတ်များကို ကျေးဇူးတုံ့ပြန်တဲ့အနေနဲ့ ၂၀၁၂ နိုဝင်ဘာ ခစီအစဉ်များပြုလုပ်ဖို့စီစဉ်ခဲ့ပါတယ်။ ၂၀၁၂ နိုဝင်ဘာလမှာ ဗုဒ္ဓဂယာခရီးစဉ်အပါ သလို ဒီဇင်ဘာလမှာ ရွှေတစ်ဆယ်ကျပ်သားအပါအဝင် အခြားဆုမဲများစွာကို ဖွင့်လှစ် ဝါရီလမှာတော့ Honda Fitကားအပါအဝင် i Phone 5, i pad, Samsung Galary းစီ၊ GSM Sim Card၊ SKY NET HDစက်အလုံး ၃၀ တို့ကို ဆုမဲများအဖြစ်ဖွင့်လှစ် ကြည့်ရှုသူများ တစ်လသက်တမ်းတိုးသူများကို ကံစမ်းမဲလက်မှတ်တစ်စောင် ရပ်ရပ်မှာ SKY NETကြည့်ရှုသူများစွာရှိတာကြောင့် ကံစမ်းမဲများကများစွာရှိနေ ng Galary Note II, Samsung Galary SIII, GSM Sim Cardနဲ့ SKY NET HD ်နိုးဦး၊ မြနှင်းရည်လွင်၊ ခင်သဇင်၊ ဆန်းသစ်လတို့က ရွေးချယ်ပေးခဲ့ကြပါတယ်။ လှိုင်က ရွေးချယ်ပေးခဲ့ပြီး ရန်ကုန်မြို့ မင်္ဂလာဒုံမှာနေထိုင်သူ မအိမွန်သဲ စက်နံပါတ် းခဲ့တာ ဖြစ်ပါတယ်။

■ ခင်လေးမြင့်


စိုင်းစိုင်းခမ်းလှိုင်က ကံစမ်းမဲ ဖွင့်ဖောက်ပေးခဲ့ပါတယ်

HOE GALLERY


အသွား ဒေါ်ရီရီနဲ့ အမှတ်တရ...


မြို့မရဲ့အဆို၊ သရုပ်ဆောင်များရဲ့ အကောင်း သဘောကျကျေနပ်နေတဲ့ ဦးဇော်မြင့်


ဦးရွှန်းမြိုင်၊ မြို့မကိုပေါ်တို့နဲ့ နိုင်ငံကျော်အဆိုတော် ရီရီခင်

***စာမျက်နှာ(၁၈)မှ***...မြို့ကို သွားရောက်ပြီး တကူးတက မင်္ဂလာပွဲကို သွားရောက်ချီးမြှင့်ပေးခဲ့ကြပါတယ်။

ဧည့်သည်တော်များ များပြားလှတဲ့အတွက် မန္တလေးထုံးစံအတိုင်း ပွဲထုတ်တဲ့အခမ်းအနားတွေ မပါတဲ့အတွက် ဧည့်သည်တော်များက ဝင်လာလိုက်၊ ပြန်သွားလိုက် ရှိကြပေမဲ့ ခန်းမကြီးမှာ အချိန်ပြည့်ဧည့်သည်တော်များနဲ့ ပြည့်လျှံလို့နေပါတယ်။ သတို့သား၊ သတို့သမီးများက မန္တလေးမြို့မှ ဒီဇိုင်နာ မျိုးမင်းစိုးချုပ်လုပ်ပေးထားတဲ့ မြန်မာထိုင်မသိမ်းရိုးရာဝတ်စုံများနဲ့ လှပနေပြီး ဧည့်သည်တော်များကို တစ်ဝိုင်းချင်းလိုက်လံနှုတ်ဆက်လိုက်၊ စင်မြင့်ထက်မှာ အမှတ်တရဓာတ်ပုံတွေ ရိုက်လိုက်နဲ့ အပျော်တွေ ရနေကြပါတယ်။ ရီမြင့်နဲ့ မြို့မတီးဝိုင်းက ခွဲလို့မရသလို နောင်နောင်ရဲ့မင်္ဂလာပွဲမှာလည်း မန္တလေးမြို့ ဂုဏ်ဆောင် မြို့မတေးဂီတအဖွဲ့က မင်္ဂလာဧည့်ခံတေးများနဲ့ ဖျော်ဖြေဧည့်ခံပေးတဲ့ အစီအစဉ်မှာ မန္တလေးမြို့မှ နာမည်ကြီးအဆိုတော်များ၊ မြို့မတေးဂီတအဖွဲ့မှ ပင်တိုင်အဆိုတော်များက သီဆိုဖျော်ဖြေပေးခဲ့ကြပါတယ်။ မြို့မတီးဝိုင်းက နောင်နောင်ရဲ့ မင်္ဂလာဆောင်အတွက် သီချင်းများနဲ့ဖျော်ဖြေပေးရမှာ မြို့မအဖွဲ့ရဲ့ ပင်တိုင်တေးရေးဆရာများဖြစ်ကြတဲ့ ဦးရွှန်းမြိုင်၊ မြို့မကိုပေါ်၊ လွင်ဦးတို့က ဒီမင်္ဂလာပွဲအတွက် သီချင်းအသစ်များ ရေးစပ်ပြီး တကူးတက ဧည့်ခံဖျော်ဖြေပေးခဲ့ကြပါတယ်။ မြို့မအဖွဲ့က ရီမြင့်ရုပ်ရှင်ကိုဇော်မြင့်ရဲ့ အဒေါ်တော်စပ်သူ ဓားတန်း ဦးသန့်ရဲ့သမီး ဒေါ်ညွန့်ညွန့်ရဲ့မင်္ဂလာဧည့်ခံပွဲတုန်းကလည်း အခုလိုပဲ သီချင်းသစ်ရေးပြီး လက်ဖွဲ့ပေးခဲ့တာ အဲဒီတုန်းက မင်္ဂလာမောင်မယ် သီချင်းက အခုချိန်ထိ အောင်မြင်ကျော်ကြားနေဆဲ မင်္ဂလာတေးသီချင်းဖြစ်ခဲ့ပါတယ်။

မန္တလေးနဲ့မြို့မ ခွဲမရသလို ရီမြင့်ရုပ်ရှင်နဲ့ မြို့မကလည်း **သကြီးနှံမိုး** ဇာတ်ကားကတည်းက အတွဲညီခဲ့တဲ့အတွက် မြို့မအဆိုတော်များရဲ့ သီဆိုဖျော်ဖြေမှုများမှာ ရန်ကုန်မြို့ကနေ တက်ရောက်ချီးမြှင့်တဲ့ မေသန်းနုနဲ့ မေသဉ္ဇာဦးတို့က မြန်မာဆန်ဆန်အကများနဲ့ ကပြဖျော်ဖြေပေးတဲ့အခါ အားလုံးသော မင်္ဂလာပရိသတ်များ သဘောကျ အကြိုက်တွေ့ခဲ့ကြပြီး တချို့စင်ပေါ်အထိတက်ပြီး ကကြသလို တချို့ကလည်း စင်ရှေ့မှာ လက်ခုပ်တီးပြီး လိုက်ပါသီဆိုပေးကြတာဟာဖြင့် အင်မတန်ပျော်စရာကောင်းခဲ့ပါတယ်။ သတို့သားဖခင်ဖြစ်တဲ့ ဦးဇော်မြင့်ကိုယ်တိုင်လည်း အဲဒီအဆိုအကတွေမှာ ကိုယ်တိုင်လက်ခုပ်တီးအားပေးခဲ့ပါတယ်။ မြိုင်မြိုင်ဆိုင်ဆိုင် တီးခတ်ဖျော်ဖြေပေးတဲ့ မြို့မတေးဂီတအဖွဲ့က မင်္ဂလာပွဲအပြီးမှာတော့ သူတို့အဖွဲ့အနေနဲ့ အနုပညာကြေးမယူဘဲ နောင်နောင်အတွက် လက်ဖွဲ့တာဖြစ်တယ်လို့ ဦးဇော်မြင့်ကို လာပြောတဲ့အခါ ဦးဇော်မြင့်က အထူးကျေးဇူးတင်ပြီး ဒီလိုပီတိမျိုး ဘာနဲ့မှ မလဲနိုင်ဘူးလို့ ပြောပြခဲ့ပါတယ်။

မန္တလေးမြို့မှာ အစည်ကားဆုံးဖြစ်ခဲ့တဲ့ နောင်နောင်နဲ့ ယုယုအောင်တို့ရဲ့ မင်္ဂလာပွဲအောင်မြင်ခြင်း အထိမ်းအမှတ်အဖြစ် ကျင်းပတဲ့ မင်္ဂလာညစာစားပွဲကိုတော့ မန္တလေးမြို့ကန်တော်ကြီးမှာဖွင့်လှစ်ထားတဲ့ Smart Garden စားသောက်ဆိုင်မှာ ကျင်းပတဲ့အခါ မင်္ဂလာမောင်မယ်တို့က အနောက်တိုင်း ညနေခင်းမင်္ဂလာဝတ်စုံများနဲ့ ဆိုင်အတွင်းကို ဝင်ရောက်လာတဲ့အခါ အားလုံးသော ဆွေမျိုးမိတ်သင်္ဂဟများက လက်ခုပ်တီးကြိုဆိုခဲ့ကြပြီး ပြင်ဆင်ထားတဲ့ မင်္ဂလာနေရာမှာ အမှတ်တရဓာတ်ပုံရိုက်ကြတဲ့အခါ ဧည့်သည်တော်များက မင်္ဂလာမောင်မယ်တို့ကို အနမ်းတွေဖလှယ်ပေးဖို့ မေတ္တာရပ်ခံတဲ့အတွက် တစ်ဦးကိုတစ်ဦး ယုယကြင်နာစွာနဲ့ အနမ်းတွေဖလှယ်ကြတဲ့အခါ အားလုံးက နောက်ထပ်တစ်ခါ လက်ခုပ်တီးအားပေးစရာဖြစ်ခဲ့ပါတယ်။

နောင်နောင်နဲ့ ယုယုအောင်တို့ရဲ့ မင်္ဂလာဧည့်ခံပွဲမှာ ဆွေမျိုးတော်တဲ့ ဒါရိုက်တာ စင်ရော်မောင်မောင်က ဗီဒီယိုကင်မရာ သုံးလုံးနဲ့ မင်္ဂလာပွဲကို မေတ္တာနဲ့မှတ်တမ်းတင်ပေးခဲ့ပြီး အကယ်ဒမီ မေသန်းနုကလည်း သူ့ရဲ့ မိတ်ကပ်ပညာရှင် အေးဝင်းအောင်ရဲ့ လက်ရာနဲ့မင်္ဂလာသတို့သား၊ သတို့သမီးတို့ကို အလှများခြယ်မှုန်းဖို့ မင်္ဂလာလက်ဖွဲ့ခဲ့တယ်လို့ သိရပါတယ်။

နောင်နောင်နဲ့ ယုယုအောင်တို့က ဟန်နီးမွန်းခရီးကိုလကုန်ပိုင်းလောက်မှာ ထွက်ကျဖို့စီစဉ်ထားပေမဲ့ မြန်မာပြည်ကကမ်းခြေတစ်ခုခုပဲ ဖြစ်မလား၊ စင်ကာပူ၊ ဘန်ကောက်သွား ဖြစ်မလားဆိုတာတော့ စီစဉ်နေဆဲဖြစ်တယ်လို့ နောင်နောင်က ပြောပြခဲ့ပါတယ်။ ပြန်လာရင်တော့ နောင်နောင်က ရုပ်ရှင်ဗီဒီယိုဇာတ်ကားများ ဆက်တိုက်ရိုက်သွားမှာဖြစ်ပြီး ရိုက်ကူးပြီးစီးထားတဲ့ **လော်မင်္ဂလာ** ရုပ်ရှင်ဇာတ်ကားကိုလည်း အမြန်ဆုံးရုံတင်ပြသနိုင်ဖို့ ကြိုးစားနေတယ်လို့ သိရပါတယ်။ ■

လင်းနိုင်ဦး


မေသဉ္ဇာဦးတို့ မိသားစုနဲ့အတူတွေ့ရတဲ့ မင်္ဂလာမောင်နှံ


ဦးမြအောင်(ကေသီဟန်)၊ ဒါရိုက်တာ ဦးဝင်းဖေနဲ့ မင်္ဂလာမောင်နှံတို့အမှတ်တရ

## ငြိမ်းချမ်းရေးသံစဉ်



* နေအရုဏ်ဦး…
ဖူးစရောင်နီ၊ အရှေ့ဆီက
ဩကာသ၏၊ လောကတစ်ခွင်
အလှဆင်ဖို့၊ ကြည်လင်သန့်ရှင်း
"ငြိမ်းချမ်းခြင်းလေပြေ၊ တိုးဝှေ့နေပြီ"…
ရွှေပြည်ထောင်စု၊ ထွေးထွေးနှုကို
"ထုဆစ်ပုံလောင်း၊ ပန်းပုကောင်းမှ"…
အနှစ္ဓထိုက်တန်၊ တို့နိုင်ငံသည်
ကမ္ဘာတည်အောင်လှလိမ့်မည်…။
* တို့သွေးသားချင်း၊ ရန်စစ်ခင်းသမျှ
သူကနိုင်နိုင်၊ ငါနိုင်နိုင်ပဲ
စစ်ပွဲမှန်လျှင်၊ တို့ဆန့်ကျင်၏…။
စစ်ပွဲအားလုံး၊ ငါတို့မုန်း၏…။
* တို့ရေတို့မြေ၊ တို့အမွေလျှင်
သင်လည်းမြန်မာ၊ တို့မြန်မာမို့
ငါတို့လည်းပိုင်၊ သင်လည်းပိုင်၏…။
ငါတို့မွေးမြေ၊ သင့်မွေးမြေတည့်…။
* မိသားစုထက်၊ အသက်ပေးချစ်
ဘယ်သူဖြစ်မလဲ၊ သွေးထဲသားထဲ
စီးမြဲစီးဆင်း၊ ချစ်ခြင်းတရား
ဘယ်သူကြားက၊ ခွဲမရဘူး
အသည်းကကျောက်စာ၊ အလွန်ခိုင်မာ၏…။
မြန်မာသွေးက ညီပါ၏…။
* သူနိုင်ငါနိုင်၊ တရားပြိုင်ပြု
တရားမမှုအလုပ်၊ တို့မလုပ်တမ်း
ငြိမ်းချမ်းရေးသံစဉ်၊ သောတဆင်ဖို့
ကြားချင်လှပြီ၊ ချစ်ကြည်ရေးအထိမ်းအမှတ်
လောကနတ်သံ၊ စည်းချက်မှန်…
တစ်နိုင်ငံလုံးပျံ့စေသတည်း…။ ။
(ကချင်ဒေသငြိမ်းချမ်းရေး ဆွေးနွေးပွဲများအမြန်ဆုံးအောင်မြင်ပါစေ)

■ ဟသ်ာတမြင့်ဌေ

## ဒဂုန်တာရာရဲ့ ကျန်းမာရေး


စာရေးဆရာကြီး
ဒဂုန်တာရာ

အသက် ၉၄ နှစ်ရှိပြီဖြစ်တဲ့ ဆရာ ဒဂုန်တာရာရဲ့ ကျန်းမာရေး ချို့ယွင်းမှုကြောင့် အောင်ပန်းပြည်သူ့ဆေးရုံမှာ တက်ရောက် ဆေးကုသမှု ခံယူနေတယ်လို့ သိရပါတယ်။ ဆရာ ဒဂုန်တာရာက ရန်ကုန်မှာ ၃ လ ကြာ နေထိုင်ခဲ့သလို သန်လျင်ဘက်ကို ခရီးထွက်ခဲ့တာကြောင့် ခရီးပန်း၊ ပင်ပန်းသလို ဖြစ်သွားတဲ့အတွက် အောင်ပန်းရောက်ချိန်မှာ ဆေးရုံ တက်ရတာဖြစ်ကြောင်း၊ ချောင်းဆိုး၊ ဖျားတာမျိုးတွေဖြစ်တဲ့အတွက် ဆေးရုံမှာ ဆေးကုသမှုခံယူတာဖြစ်ကြောင်း၊ အခုအချိန်မှာတော့ ကျန်းမာရေး အခြေအနေ ကောင်းမွန်လာပြီဖြစ်ကြောင်း အောင်ပန်းဆေးရုံမှ ဒေါက်တာ ကောင်းမြတ်က ဆိုပါတယ်။

ဒေါက်တာ ကောင်းမြတ်က ဆရာ ဒဂုန်တာရာရဲ့ ကျန်းမာရေးအခြေအနေကို ကုသဖို့အတွက် မန္တလေးမှ ပါမောက္ခ ဒေါက်တာ အောင်ကြီးနဲ့ မေးမြန်း ဆောင်ရွက်ကြောင်း သိရပါတယ်။

■ ခင်လေးမြင့်

## နောက်တစ်ကြိမ် တရားစခန်းဝင်ဦးမဲ့ သဇင်

အဆိုတော် သရုပ်ဆောင်တစ်ဦးဖြစ်တဲ့ သဇင်က သူ့ရဲ့ပထမဦးဆုံးတစ်ကိုယ်တော်တေးစီရီး ထိပ်ဆုံးရဲ့ ထိပ်ဆုံးမှာ ထွက်ရှိပြီးတဲ့နောက် ချစ်သူ သက်နိုင်အောင်ဇေယျနဲ့ လက်ထပ်ဖြစ်ခဲ့ပါတယ်။ လက်ထပ်ပြီးနောက်ပိုင်း သက်နိုင်အောင်ဇေယျနေထိုင်တဲ့ ဩစတြေးလျနိုင်ငံကို လိုက်သွားလိုက် မြန်မာပြည်ကို ပြန်လာလိုက်နဲ့ ရှိနေခဲ့ရာ အခုပြန်လာတဲ့အခေါက်မှာတော့ သက်နိုင်အောင်ဇေယျကလည်း သင်္ကန်းဆီးတဲ့အတွက် သဇင်လည်း သူလုပ်ချင်တဲ့ အလုပ်တစ်ခုဖြစ်တဲ့ တရားအားထုတ်တဲ့အလုပ်ကို မော်ဘီမှာ ၁၃ ရက် ကြာ တရားဘာဝနာပွားများခဲ့တယ်လို့ သိရပါတယ်။ တရားအားထုတ်တဲ့အခါ တကယ်အေးချမ်းပြီးဆင်ခြင်မှုရရှိခဲ့တဲ့အတွက်လည်း နောက်တစ်ကြိမ် တရားစခန်းဝင်ဖို့ ကြိုးစားသွားဦးမယ်လို့ သဇင်က ပြောပြခဲ့ပါတယ်။ ပထမဦးဆုံးတစ်ကိုယ်တော် အခွေကို


သရုပ်ဆောင် သဇင်

ပရိသတ်များအားပေးကြတဲ့အတွက် ဒုတိယတစ်ကိုယ်တော်အခွေအတွက်လည်း သီချင်းများစုနေပြီလို့ ပြောပြခဲ့ပါတယ်။ ရုပ်ရှင်ဗီဒီယိုကားတွေ နောက်ထပ်ရိုက်ချင်ပေမဲ့လည်း ခရီးထွက်ဖို့ အစီအစဉ်ရှိသေးတဲ့အတွက် ပြန်လာမှကားရိုက်ဖြစ်မယ်လို့ သဇင်ကပြောပြခဲ့ပါတယ်။ အနုပညာအလုပ်တွေလုပ်လာခဲ့ရင်းက တရားစခန်းမှာသွားပြီး အားထုတ်ဖြစ်တဲ့အခါအခိကအနေနဲ့ စိတ်တည်ငြိမ်မှုရရှိလာတဲ့အတွက် ကိုယ်ဆုံးဖြတ်ရမဲ့ အနုပညာကိစ္စတွေကို မဝှမရဲနဲ့ ဆုံးဖြတ်တာတွေ မဖြစ်တော့ဘဲ စိတ်တည်တည်ငြိမ်ငြိမ်နဲ့ ဆုံးဖြတ်နိုင်ခွင့်ရခဲ့သလို မသိသေးတဲ့ အကြောင်းအရာတွေကိုလည်း နောက်ထပ်သိမြင်လိုက်ရတဲ့အတွက် ပိုပြီးသိ၊ ပိုပြီးအေးချမ်းမှုရလာပြီလို့ သဇင်က ပြောပြပါတယ်။ ■

လင်းနိုင်ဦး

## လူ့လောကထဲ ရောက်လာတဲ့ စာရေးဆရာ မြေမှုန်လွင်ရဲ့ သားဦးလေး

စာရေးဆရာ မြေမှုန်လွင်ရဲ့ဇနီးဖြစ်သူ မသီရိနိုင်က ဖေဖော်ဝါရီလ ၂၂ ရက်၊ မနက် ၇ နာရီ၊ SSC Women Center မှာ သားဦးလေးကို အောင်မြင်စွာ မွေးဖွားသန့်စင်ခဲ့ပါတယ်။ လွန်ခဲ့တဲ့ သုံးလလောက်ကတည်းက သားဦးလေး မွေးဖွားမယ်ဆိုတာ ကြိုပြီးသိနေခဲ့ပေမဲ့ သားလေးရဲ့မျက်နှာကို မမြင်ရမချင်း ခြေလက်အင်္ဂါစုံလင်ပါ့မလား၊ ကျန်းမာရေးကောင်းပါ့မလားလို့ ကြိုတင်တွေးပူ စိုးရိမ်နေခဲ့ရတယ်ဆိုတဲ့ စာရေးဆရာ မြေမှုန်လွင်က သားဦးလေးရဲ့ မျက်နှာကို မြင်လိုက်ရပြီးတဲ့အချိန်မှာ ဘယ်လိုအတွေးတွေ ခေါင်းထဲဝင်လာတယ်ဆိုတာနဲ့ ဘယ်လိုခံစားချက်တွေ ဖြစ်ပေါ်လာတယ်ဆိုတာကိုတော့ "သားလေးကို ခြေလက်အင်္ဂါစုံစုံလင်လင်နဲ့ ကျန်းကျန်းမာမာ မွေးလာတာတွေ့ရ တော့ ဝမ်းသာသွားတယ်။ မျက်နှာ မမြင်ရမချင်းက စိုးရိမ်ပူပန်နေရတာဆိုတော့ မျက်နှာမြင်ပြီးတဲ့အချိန်မှာ စိတ်ချမ်းသာသွားတယ်။ ပြီးတော့ ကျွန်တော် တွေးလိုက်မိတာတစ်ခုက သားလေးကြီးလာတဲ့အခါ ကျွန်တော်တို့ ဖြစ်စေချင်သလို ဘာလုပ်ရမလဲ၊ ညာလုပ်ရမယ်လို့ ဖွတ်အတင်းလုပ်ခိုင်းတာမျိုးထက် သူ့လုပ်ချင်တာလေးကို ဘေးကနေ တတ်နိုင်သလောက် ပံ့ပိုးပေးမယ်။ အဲဒီအတွေးလေးတော့ ခေါင်းထဲဝင်လာတယ်။ ပြောရမယ်ဆိုရင် တာဝန်လည်း ပိုကြီးလာတယ်ပေါ့ဗျာ" လို့ စာရေးဆရာ မြေမှုန်လွင်က ပြောပါတယ်။ သားဦးလေးရဲ့နာမည်ပေးဖို့အတွက်ကိုတော့ နှစ်ဖက် မိဘတွေ


ဖေဖေ ဖြစ်သွားတဲ့
စာရေးဆရာ မြေမှုန်လွင်


စာရေးဆရာ မြေမှုန်လွင်ရဲ့
သား ထန်းသီးလေး

ရော၊ ဇနီးဖြစ်သူပါ သဘောတူတဲ့ နာမည်မျိုး ရွေးချယ်သွားမယ်ဆိုတဲ့ စာရေးဆရာ မြေမှုန်လွင်က "လောလောဆယ်မှာတော့ ကျွန်တော့်အမေက သူ့မြေးကို ထန်းသီးလေးလို့ ချစ်စနိုးနာမည်ပေးထားတယ်။ သူ့အစ်ကို(အဆိုတော် သားစိုးရဲ့ ကလေး)က ပန်းသီးလေးဆိုတော့ ကာရန်ညီအောင် ထန်းသီးလေးလို့ ခေါ်လိုက်တဲ့သဘောပေါ့" လို့ပြောပြီး သားလေးရဲ့ ဝေယျာဝစ္စတွေနဲ့ ရှုပ်နေပေမဲ့ သားလေးငိုတိုင်းမှာ နေ့ရော၊ ညပါ စိုးရိမ်တကြီး သွားကြည့်မိနေတတ်တယ်လို့လည်း စာရေးဆရာ မြေမှုန်လွင်က ပြောပါတယ်။ ■

နေလွင်

# Zee Cine Awards 2013 ကျင်းပပြီးစီး

သူ့ရဲ့၊မန္တလေး၊


BARFI ဇာတ်ကားမှ…


Ek Tha Tiger ဇာတ်ကားမှ…

အိန္ဒိယနိုင်ငံမှာ နာမည်ကြီးရုပ်သံလိုင်း Zee TV တည်ထောင်ခြင်း နှစ် ၂၀ ပြည့်ခဲ့ပါပြီ။ Zee TV က တစ်နှစ်တာအတွင်း ရုံတင်တဲ့ ဘောလိဝုဒ်ဇာတ်ကားတွေထဲကနေ အကောင်းဆုံးဆုတွေ နှစ်စဉ်ရွေးချယ်ဆုချီးမြှင့်ပေးလေ့ရှိပါတယ်။ ၂၀၁၂ အတွင်း ရုံတင်ဟောလိဝုဒ်ရုပ်ရှင် ၁၆၅ ကားရှိတာမို့ အားရစရာကြီးပါ။ အချစ်၊ အကြမ်း၊ အလွမ်း၊ ဟာသ ရသစုံရုပ်ရှင်တွေထဲကနေ ဘယ်နည်းဘယ်ပုံဆုပေးမလဲဆိုတာ စိတ်ဝင်စားမဲ့ ပရိသတ်အတွက် မှျဝေတင်ဆက်ပေးလိုက်ပါတယ်။

အရေအတွက်များသလို အရည်အချင်းရှိ စံချိန်မီ ဘောလိဝုဒ်ရုပ်ရှင်တွေရဲ့ဂုဏ်သတင်းက ရုပ်ရှင်ချစ်သူများကြား မွှေးပျံ့နေခဲ့တာပါ။ ဒီအထဲကမှ ကောင်းနိုးရာရာ ထပ်မံရွေးချယ်ဆုပေးနိုင်ဖို့ ပရိသတ်ရဲ့ဆန္ဒမဲပေါင်း ၂ သိန်းကျော်ကိုလည်း ထည့်သွင်းတွက်ချက်ခဲ့ကြပါတယ်။ တစ်ဂူတည်း ခြသေ့်နှစ်ကောင်မအောင်းဘူးဆိုတဲ့ စကားပုံက ဒီမှာတော့ မမှန်ပါဘူး။ ဘောလိဝုဒ်မင်းသား၊ မင်းသမီးတွေဟာ သူ့ထက်ငါ အားကြိုးမာန်တက် အပြိုင်အဆိုင်ရှိကြတာမို့ အားလုံးဟာအရည်အသွေးကိုယ်စီနဲ့ တောက်ပလင်းလက်နေကြပါတယ်။ အလွန်အကျွံခြယ်သ၊ မလှဲ့တလုံ တိုနံ့ဝတ်ဆင်စတဲ့ အပေါ်ယံဗဟိဒ္ဓကိစ္စတွေမှာ အချိန်ကုန်နေတာမျိုး မဟုတ်ပါဘူး။ ရုပ်ရှင်တစ်ကားထက်တစ်ကား ပိုကောင်းနေအောင် ကိုယ့်အနုပညာစွမ်းရည်ကို Up to Date မြှင့်တင်နေကြရပါတယ်။ မနေ့က ကိုယ့်ကို ဒီနေ့ကိုယ်က ပိုသာရမယ်ဆိုတဲ့ မှန်ကန်တဲ့ယှဉ်ပြိုင်မှုနဲ့ ခရီးဆက်နေကြပါတယ်။ ဒီလိုမှ မာန်မသွင်းရင်လည်း နောက်ကျတဲ့ခြေထောက် သစ္စာဖောက်ဖြစ်ကျန်ခဲ့မှာပါ။ ပြိုင်ဆိုင်မှုတာ ကြောက်ခမန်းလိလိ ပြင်းထန်လွန်းတာကြောင့် တော်တန်ရုံစိတ်ဓာတ်မျိုးနဲ့ ဘောလိဝုဒ်စူပါသရုပ်ဆောင် ဖြစ်လာမှာမဟုတ်ပါဘူး။

အရည်အချင်းရှိသူတိုင်းကို ဂုဏ်ပြုပေးနိုင်ဖို့ Zee TV က ကဏ္ဍတွေခွဲခြားပြီး ရွေးချယ်ထားတာမို့ ဆုပေးပွဲက အကြိတ်အနယ်ရှိလှပါတယ်။ ပေါ်ပြူလာအဖြစ်ဆုံးဆုများ၊ အကဲဖြတ်အဖွဲ့ ရွေးချယ်တဲ့ဆုများ၊ နိုင်ငံတကာရုပ်ရှင်သင်္ကေတဆုများစသဖြင့် အမည်စုံပါတယ်။ ရုပ်ရှင်တစ်ကားတည်းကချည်း ဆုတွေ သိမ်းကျုံးယူသွားတာမျိုး မရှိတော့ဘဲ အနုပညာဝမ်းစာပြည့်ဝသူတွေ မျှမျှတတဆုရတဲ့အနေအထားပါ။ ဒါကြောင့် စူပါစူပါမင်းသားတွေဖြစ်တဲ့ ရှာရွတ်ခန်၊ ဆာလ်မန်းခန်၊ ရန်ဘီးကာပူးလ်၊ အဇီရှက်ဘကျန်းတို့ အကောင်းဆုံးမင်းသားဆုကိုယ်စီ သိမ်းပိုက်နိုင်ပြီး မုဒိတာပွားစရာ ပွဲတစ်ခု ဖြစ်ခဲ့ပါတယ်။

ဇာတ်ကားဆုပေးရာမှာလည်း အငြင်းပွားဖွယ်မရှိဘဲ ပရိသတ်ဆန္ဒနဲ့ ကိုက်ညီတဲ့ကားအတော်များများ ဆုရသွားပါတယ်။ ပေါ်ပြူလာအဖြစ်ဆုံးရုပ်ရှင် **BARFI**, အကဲဖြတ်အဖွဲ့ အကြိုက်ဆုံးရုပ်ရှင် **Kahaani**, နိုင်ငံတကာဈေးကွက်မှာ အပေါက်ဆုံးရုပ်ရှင် **Ek Tha Tiger**, ခေါင်းဆောင်မင်းသမီးဆုမှာလည်း ပေါ်ပြူလာအဖြစ်ဆုံးဆုကို **BARFI** ဇာတ်ကားနဲ့ ပရီရန်ကာချိုပရာ၊ အကဲဖြတ်အဖွဲ့ အကြိုက်ဆုံးဆုကို **Kahaani** ဇာတ်ကားနဲ့ Vidya Balan, နိုင်ငံတကာရုပ်ရှင်သင်္ကေတဆုကို **Jab Tak Hai Jaan** ဇာတ်ကားနဲ့ ကတြီနာကိုင့်ဖ်တို့ ဆွတ်ခူးသွားပါတယ်။ အကောင်းဆုံး အမျိုးသမီးဇာတ်ပို့ဆုကို **Jab Tak Hai Jaan** ရုပ်ရှင်နဲ့ မင်းသမီး Anuskha Shaima တစ်ဦးတည်း ပြိုင်ဘက်မရှိ လွတ်လွတ်ကျွတ်ကျွတ် ရရှိသွားတာ ထိုက်တန်ပါတယ်။

လက် ၁၀ ချောင်းစာမပြည့်တဲ့ ဇာတ်ကားအနည်းငယ်ထဲက ရွေးရတာမဟုတ်ဘဲ ကားပေါင်းရာချီထဲက ထုတ်နုတ်ဆုပေးတဲ့ 'Zee Cine Awards 2013' က တစ်ကျောင်းတစ်ဂါထာ၊ တစ်ရွာတစ်ပုဒ်ဆန်းပါ။ ရောင်စုံအလှပန်းတို့ ပွင့်လန်းရာ ဘောလိဝုဒ်မြေမှ ရုပ်ရှင်လောကသားတို့ရဲ့ စည်းလုံးညီညွတ်မှု၊ အားမာန်ပြည့်ဝမှုကို လှစ်ဟပြသနိုင်တဲ့ပွဲဆိုရင်လည်း မမှားပါဘူး။ ■

သူ့ရဲ့၊မန္တလေး၊



Jab Tak Hai Jaan ဇာတ်ကားမှ…


Kahaani ဇာတ်ကားမှ…


လှိုင် (ရေကြောင်း)

**နဝမအကြိမ်မြောက်ဆရာကန်တော့ပွဲ**

**ဖိတ်ကြားလွှာ**

လှိုင် (ရေကြောင်း) ကျောင်းသား/သူဟောင်းများ၏ နဝမအကြိမ် ဆရာကန်တော့ပွဲနှင့် မိတ်ဆုံပွဲကို အောက်ဖော်ပြပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါသဖြင့် မပျက်မကွက် တက်ရောက်ကြပါရန် ခင်မင်လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

**နေ့ရက်** ❖ ၂၀၁၃ ခုနှစ်၊ မတ်လ (၃) ရက်
**အချိန်** ❖ နံနက် (၉:၀၀) နာရီ
**နေရာ** ❖ ဓနမွှာရုံ၊ ကြားတောရလမ်းမကြီး၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
(ရွှေတိဂုံဘုရားအရှေ့ဘက်မုခ်၊ ကြေးသွန်းဘုရားကြီးနှင့်မျက်နှာချင်းဆိုင်)



“ ငါ့ရဲ့ Tattoo ” သီချင်းသီဆိုသူများအမည်မှန်ပြင်ဆင်ခြင်း




၁၄.၂.၂၀၁၃ နေ့တွင်ထွက်ရှိခဲ့သော PIN LEL Production မှ စီစဉ်ထုတ်လုပ်သည့် STUPID CUPID ALBUM (Audio CD + DVD) တွင်သီချင်းသီဆိုသူစာရင်း၌ “ငါ့ရဲ့ Tattoo” သီချင်းသီဆိုသူများ မှာ R ဇာနည် + သီရိဆွေ အစား R ဇာနည် + Bobby Soxer ဟု မှားယွင်းပုံနှိပ်ဖော်ပြခဲ့မိပါသည်။ “ငါ့ရဲ့ Tattoo” သီချင်းသီဆိုသူများ မှာ R ဇာနည် + သီရိဆွေ ဟု ပြင်ဆင်မှတ်သားပေးပါရန် ပရိတ်သတ်များကို အသိပေးတောင်းပန်အပ်ပါသည်။

PIN LEL PRODUCTION

# မာမာအေး သို့မဟုတ် ခံစားမှုဆယ့်နှစ်ကြိုးကဝေ

ခင်ပန်နှင်း

မမ မာမာအေး အမျိုးသားဓာတ်ရုံစင်မြင့်ထက်မှာ သီချင်းတွေ ဆိုနေသည်။

ပြည်သူ့ဥယျာဉ်မှာ ပြုလုပ်သော ပွဲတုန်းက ဆေးတက္ကသိုလ်(၁) ၁၉၆၇-၁၉၇၄ ကျောင်းဆင်းမိတ်ဆုံ ညစာစားပွဲနှင့် တည့်တိုးသည်။ အဲဒီပွဲမှာ အဝေးမှ၊ အနီးမှ တက်ရောက်သူ ဆရာဝန်တိုင်းက "မာမာအေးပွဲကလည်း ဒီနေ့မှာများ လုပ်ရတယ်လို့" ဤသို့ဆိုကြသည်။ ပွဲက ၁၀ နာရီခွဲ၊ ၁၁ နာရီလောက်ပြီးတော့ မာမာအေးပွဲ မီဦးမယ်ထင်တယ်ဟု ကျင်းပပြုလုပ်သော Panda Hotel ဓာတ်လှေကားထဲမှာ ပြောနေကြသည်။

ခု၊ အမျိုးသားဓာတ်ရုံပွဲကို ဆက်ဆက်ရောက်ဖြစ်သည်။ *ပန်းလိုမွှေးပါမယ်* ကို ဆိုကတည်းက လွန်ခဲ့သော နှစ်ပေါင်းများစွာ မောင်မောင်မြင့်လွင်၏ လုံးချင်းဝတ္ထုတစ်ပုဒ်ထဲမှာ မာမာအေးကို အသံကဝေဆိုလား၊ အသံဆယ့်နှစ်ကြိုးဆိုလား ရေးဖွဲ့ခဲ့သည်။

ပြီးခဲ့သော ရက်သတ္တပတ်၏ ဂျာနယ်တစ်စောင်ကတော့ စုန်းမဆိုလား နည်းနည်းတော့ ကြမ်းသွားသည်။

သူ *ပန်းလိုမွှေးပါမယ်* ဆိုနေတာ၊ *မိန်းကလေးက စရှမှာလားရှင်* ဆိုနေတာ၊ *လာချင်ရင် အနီးလေး* ဆိုနေတာ၊ *အင်းယားမှာ ဆုံစို့ကွယ်* ဆိုနေတာ ကြည့်ပြီး ကျွန်မ တကယ်ပဲ လိပ်ပြာလွင့်ခဲ့သည်။

ကျွန်မ လိပ်ပြာ ဇာတိမြေ မြောင်းမြ၊ မိဘတွေနှင့် နေရသည့် ကာလဆီ လွင့်သွားသည်။

*သက်တံပေါ်မှာ ကစားမယ်* သီချင်းကို ကျွန်မ အော်ဆိုခဲ့တာ မှတ်မှတ်ရရဆောင်းတွင်းဘက်ကြီး။ မြောင်းမြမှာ ခု မြိုင်မာလာရပ်ကွက်လို့ ခေါ်တဲ့ ဦးဘမြိုင်ကွက်သစ်ထဲမှာ အဘွားနဲ့နေစဉ်ကာလမှာ။

*မှေ့ကွက်ကိုရှာ* ကို အော်ဆိုခဲ့တာက ကျွန်မတို့အိမ်၏မီးဖိုခန်းနှင့် အိမ်နောက်ဖေးဆီ ထွက်သည့်တံခါးဝမှာ ငုတ်တုတ်ထိုင်ပြီး သီချင်းတွေ တစ်ပုဒ်ပြီးတစ်ပုဒ် အော်ဆိုတိုင်း *မှေ့ကွက်ကိုရှာ* ပါတာ။

*မကြာခင်မှာ မောင်ယဉ်ထွေးနှင့် စမ်းစမ်းအေးတို့ ခေတ်စားပါရော။* ကိုယ်ကလည်း ဆယ်ကျော်သက်ဆိုတော့ ဆယ်ကျော်သက် မင်းသား၊ မင်းသမီးတို့ကို နှစ်သက်အားကျခဲ့သည်။ သူတို့၏ပွဲဦးထွက်ဓာတ်ကားက **ရွှေရင်သိမ်းသစ်**။ ရုပ်ရှင်ပဏာမ သီချင်းက မာမာအေး သီချင်း။ *ယဉ်တင်တင် ရွှေရင်သိမ်းသစ် ချစ်စရာအရွယ် ထင်လာဖွယ်…ဟင်…ရှက်သွေးစို့စို့ ပါးမို့မို့သင္ဘာန် နီခြယ်၊ ထင်လာမြင်လာ ရင်မှာစိတ်ကစားတတ်တဲ့အရွယ်‥အဲဒီစာသားလေးတွေ* တော်တော်ကောင်းခဲ့သည်။

မရှေးမနှောင်း **အကယ်၍သာ** ဟူသော ဆရာသာခု ဓာတ်ကားမှာ မာမာအေး၏ *တင့်တင့်တို့အရွယ်* သီချင်းပေါက်ခဲ့ပြန်သည်။ *ဒီအရွယ် တင့်တင့်တို့အရွယ် ကျွန်မ ကျွန်မတို့ အရွယ်၊ တစ်ဆယ်ကျော် ငါးနှစ်ပတ်လည် မစူးစမ်းတဲ့အရွယ် ရှုးနမ်းနမ်း အရွယ်ပါတဲ့ အပျိုဖြန်း ဆိုလား အပျိုမဒမ်းဆိုလား ဆန်းဆန်း ပြားပြား ခေါ်ကြပြန်တယ်(တချို့ကလေ) ကျိုးအတောင်ပေါက်စသဖွယ်၊ မြီးကောင်ပေါက်မအရွယ်တဲ့ အဓိပ္ပာယ် ဘယ်လိုရှိ၏ တိတိကျကျ မသိရိုး အမှန်ပါကွယ်* ဟူသော စာသားဖြစ်ရာ ကျွန်မ အဲဒီသီချင်းအော်ဆိုသော် မိဘများက မဆိုရဘူးဟု တားမြစ်ခဲ့သည်။ သို့သော် အစပိုင်းပါပဲ။ နောက်တော့လည်း ကျွန်မ၏သီချင်းဖွဲ့က အနိုင်ရပြီး မိဘများ ဘာမှမပြောတော့ပါ။

ကျွန်မ အထက်တန်းကျောင်းသူဘဝမှာ ကျွန်မတို့၏ အထက ၁ မြောင်းမြနှင့် မနီးမဝေးမှာ မြို့မဘောလုံးကွင်းရှိသည်။ ညနေဆို ဘောလုံးပွဲရှိသည်။ ဘောလုံးပွဲက ၅ နာရီစသော်လည်း ၄ နာရီမှစလို့ သီချင်းတွေကို လော်စပီကာနှင့်ဖွင့်ရာ၊ ကျွန်မ ၁၀ တန်းစာသင်ခန်းဆီမှ ကြားနေရသည်။ စချင်းဖွင့်တတ်တာ ဌေးဌေးမြင့်၏ *ဥဒေတယံ* သီချင်းဖြစ်သည်။ ထို့နောက် ဌေးဌေးမြင့် သီချင်းပဲ။ *ဧယျာရွှေမြေ မြစ်ရေခွေဝန်းလျှမ်းရွှင်းဖြာသီတာ* ဟူ၍ အစချီသော *ဧယျာရွှေမြေ* သီချင်းဖွင့်သည်။ အဲဒီအထဲမှာ မာမာအေး၏ *ချစ်သောမောင်မောင်* သီချင်းပါတတ် သည်။ နောက်ခံအသံများက ယောက်ျားသံ (ချစ်သောမောင်မောင်) ၆ ကြိမ်လောက်ပြီးမှ *နွဲ့ဆိုးထိပ်ခေါင် အပိုမိုသူ ရှိုးကလေးဆောင် အဆိုအငို ညုန်ရှုခြဲလုအောင်၊ လှတကာပေါ်တောင် အဆင့်ကဲ မယောင်…ပျိုမြစ်နုနယ် ဒီအရွယ် ချစ်ချင့်စဖွယ်တင့်အောင် စကားလက်*

> **ကျွန်မတို့ Generation က ခင်နှင်းယုဝတ္ထုတို့ မာမာအေး သီချင်းတို့နှင့် ကြီးပြင်းခဲ့ရသဖြင့် မိန်းမတစ်ယောက်၏ ခံစားချက်နှင့်တကွ ဘယ်လိုနေ ဘယ်လိုထိုင်ရမယ် ဆိုသည်ကိုပါ ကောင်းစွာ နားလည်ခဲ့ကြသည် ခု Generation တွေ ဘာတွေဖတ်ပြီး ဘာတွေ နားထောင်နေကြပါသလဲ**

## ပလေးဘွိုင်းသန်းနိုင်ရဲ့ တောင်းပန်မှုအပေါ် ခွင့်လွှတ်နားလည် ကျေအေးပြီး အမှုပိတ်ပေးခဲ့

မြန်မာနိုင်ငံ ဂေါက်သီးရိုက်အသင်း ၉ မိုင်မှာ Captain's Cup ပြိုင်ပွဲအတွက် ဆုပေးပွဲနဲ့ ညစာစားပွဲ ကျင်းပခဲ့တဲ့ ဖေဖော်ဝါရီလ ၁၆ ရက်က ပလေးဘွိုင်းသန်းနိုင်အနေနဲ့ မြန်မာနိုင်ငံ ဂေါက်သီးရိုက်အသင်း ဥက္ကဋ္ဌဖြစ်သူ Captain စိုးဝင်းကို ဒေါသအလျောက်ပေါက်ကွဲပြီး စင်ပေါ်ကနေ မိုက်ခရိုဖုန်းနဲ့ ရိုင်းပျစွာ ဆဲဆိုခဲ့တယ်လို့သိရပါတယ်။ အဲဒီလို ဆဲဆိုမိတာကို နောင်တရသွားတဲ့ ပလေးဘွိုင်းသန်းနိုင်က မြန်မာနိုင်ငံ ဂေါက်သီးရိုက်အသင်း ဥက္ကဋ္ဌဖြစ်သူ Captain စိုးဝင်းကို ဖေဖော်ဝါရီလ ၁၈ ရက်က စာနယ်ဇင်းများ ရှေ့မှာ ဝန်ချတောင်းပန်ခဲ့ပါတယ်။



မြန်မာနိုင်ငံ ဂေါက်သီးရိုက်အသင်း ဥက္ကဋ္ဌ Captain ဦးစိုးဝင်း



ပလေးဘွိုင်းသန်းနိုင် ရှင်းလင်းပြောကြားစဉ်

အဲဒီဖြစ်စဉ်နဲ့ပတ်သက်ပြီး မြန်မာနိုင်ငံ ဂေါက်သီးရိုက်အသင်း ဥက္ကဋ္ဌဖြစ်သူ Captain စိုးဝင်းက ကျွန်တော်တို့ဂေါက်သီးရိုက်အသင်းမှာ Captain's Cup ပြိုင်ပွဲအတွက် ဆုပေးပွဲနဲ့ ညစာစားပွဲအခမ်းအနား ကျင်းပပါတယ်။ အဲဒီမှာ စင်တင်တေးဂီတအစီအစဉ်လည်းပါတယ်။ အခမ်းအနားအစီအစဉ်အတိုင်း သွားနေရင်းနဲ့ ဦးသန်းနိုင်ဆိုတဲ့အလှည့်ရောက်တော့ ကျွန်တော် ဆုတော်ငွေချဖြစ်တယ်။ အဲဒီနောက်မှာ အသင်းသားတစ်ယောက်က ရှမ်းသီချင်းတစ်ပုဒ်ဆိုချင်တယ်လို့ ပြောလာတယ်။ Captain's Cup ဖြစ်တဲ့အတွက် Captain တစ်ယောက်အနေနဲ့ အသင်းသားတွေ ပျော်ရွှင်အောင် လိုက်လျောပေးရမဲ့တာဝန်ရှိတယ်။ အဲဒီတော့ အသင်းသားတစ်ယောက် တောင်းဆိုတာကို လုပ်ပေးလိုက်ပါဦးလို့ ကိုအယ်လ်ဒီကို ပြောလိုက်တယ်။ အဲဒီအချိန်မှာ အသင်းသားတစ်ရာကျော်လောက်နဲ့ ဝန်ထမ်းအင်အား တစ်ရာနီးပါး ဂေါက်ကွင်းမှာရှိတယ်။ လူတွေအများကြီးရှေ့မှာ သူ နှစ်ပုဒ်ဆိုမှာကို တစ်ပုဒ်တည်းနဲ့ ရပ်ခိုင်းရမလားဆိုပြီးတော့ ဦးသန်းနိုင်က စင်ပေါ်တက်ပြီး မိုက်ခရိုဖုန်းကြီးနဲ့ ဆဲပါတယ်။ အရက်သောက်ထားလို့ သွေးဆူပြီးဖြစ်တာလို့ နားလည်ပေးချင်ပေမဲ့ လူတွေအများကြီးရှေ့မှာဆိုတော့ ကျွန်တော်လည်း ရှက်ပြီးဒေါသထွက်သွားတယ်။ ကလေးတချို့က ကျွန်တော့်ဘက်က နာလို့လူငယ်စိတ်နဲ့ ဝိုင်းချမလို့လုပ်ကြပေမဲ့ ဥပဒေအတိုင်းလုပ်မယ်ဆိုပြီး ထိန်းလိုက်နိုင်တဲ့အတွက် ရန်းရင်းဆန်ခတ်တော့ မဖြစ်ခဲ့ပါဘူး။ ဂေါက်ကွင်းမှာ လုံခြုံရေးတာဝန်ယူပေးနေတဲ့ ရဲတွေကိုခေါ်ပြီး ညတွင်းချင်း အမှုဖွင့်အရေးယူဖြစ်ခဲ့တယ်။ ဒါပေမဲ့ ဦးသန်းနိုင်က စာနယ်ဇင်းတွေရှေ့မှာ သတင်းစာရှင်းလင်းပွဲလုပ်ပြီး တောင်းပန်တဲ့အတွက် ဒီနေ့ညနေမှာ ကျွန်တော်တို့အမှုပိတ်ပေးမှာပါ"လို့ပြောပြီး ပလေးဘွိုင်းသန်းနိုင်ကတော့ "ကျွန်တော့်အနေနဲ့ ပြောရမယ်ဆိုရင် ကျွန်တော်တကယ်ကို တောင်းပန်ပါတယ်။ ကျွန်တော့်ဒေါသကို မထိန်းနိုင်ဘဲနဲ့ ပေါက်ကွဲမှုဖြစ်ပြီး မိုက်ခရိုဖုန်းနဲ့ အားလုံးကြားအောင် ဆဲလိုက်မိပါတယ်။ အမှန်တော့ အဲဒီညက တည်းက ကျွန်တော်တောင်းပန်မလို့ပါ။ ဒါပေမဲ့ အဲဒီအချိန်မှာ အရမ်းရှုပ်ယှက်ခတ်နေတော့ ကျွန်တော် တောင်းပန်ခွင့်မရခဲ့ဘူး။ အဲဒါကြောင့် နောက်နေ့ မနက်မှာ ကျွန်တော်မှားသွားတာကို တောင်းပန်ချင်လို့ စီစဉ်ပေးပါလို့ ဖုန်းဆက်ပြီးပြောဖြစ်ပါတယ်။ အဲဒီနေ့က ဖြစ်ပျက်သွားတာလေးကို ပြောရရင် အမှန်တော့ကျွန်တော် သီချင်းမဆိုတဲ့ စက်ချိန်ရုံပဲနေမလို့ပါ။ ဒါပေမဲ့ ကျွန်တော့်ပရိသတ်တချို့က သန်းနိုင်၊ သန်းနိုင်လို့ အော်နေတာနဲ့ မဆိုရင် ရိုင်းရာ ကျမယ်ဆိုပြီးတော့ သီချင်းတစ်ပုဒ်တက်ပြီး ဆိုဖြစ်ပါတယ်။ သီချင်းတစ်ပုဒ် ဆိုအပြီးမှာ ကိုအယ်လ်ဒီက ကိုသန်းနိုင်ရေ ဆက်ပြီး မဆိုနဲ့တော့ရပ်လိုက်တော့ ဆိုလို့ ကျွန်တော် ရပ်လိုက်ပြီး ဘာလို့ရပ်ခိုင်းရတာလဲလို့မေးတော့ Captainက ရပ်ခိုင်းတာလို့ ပြောတယ်ဗျ။ အမှန်အတိုင်းဝန်ခံရရင် ကျွန်တော်ကိုယ်တိုင် Golf မရိုက်တဲ့အတွက် Captain ဆိုတာကို ကျွန်တော် တကယ်မသိပါဘူး။ Captain ဆိုတာ ဥက္ကဋ္ဌမှန်းသာသိရင် အဲဒီလိုဖြစ်မှာ မဟုတ်ပါဘူး။ ပရိသတ်တွေက ကျွန်တော့်ကို ဆိုစေချင်နေတဲ့အချိန်မှာ Captain က ဘာလို့ ရပ်ခိုင်းရတာလဲဆို ပြီးတော့ဒေါသဖြစ်သွားတယ်။ အရက်ကလေးကလည်း နည်းနည်းသောက်ထားတော့ စက္ကန့်ပိုင်းလေးအတွင်းမှာ ဘယ်လိုမှ စိတ်မထိန်းနိုင်ဘဲနဲ့ စင်ပေါ်ကိုပြေးတက်သွားပြီး မိုက်ခရိုဖုန်းနဲ့ ဆဲမိသွားပါတယ်။ ကျွန်တော် အရမ်းမှားသွားတဲ့အတွက် တကယ်ကို အနူးအညွတ်တောင်းပန်ပါတယ်"လို့ ပြောပါတယ်။

ပလေးဘွိုင်းသန်းနိုင်ရဲ့ တောင်းပန်မှုအပေါ် မြန်မာနိုင်ငံ ဂေါက်သီးရိုက်အသင်းဥက္ကဋ္ဌ Captain စိုးဝင်းက ခွင့်လွှတ်နားလည် ကျေအေးပေးခဲ့ပြီး ဖေဖော်ဝါရီလ၊ ၁၈ ရက်မှာ အမှုပိတ်ပေးခဲ့တယ်လို့ သိရပါတယ်။ ■

နေလွင်

# မြန်မာသံစဉ် တေးဂီတဖျော်ဖြေပွဲနှင့် ပဒေသာကပွဲကျင်းပ

အလင်္ကာဝတ်ရည် မြန်မာမှု တေးဂီတအဖွဲ့က တင်ဆက်တဲ့ မြန်မာသံတေးဂီတဖျော်ဖြေပွဲနှင့် ပဒေသာကပွဲကို ဖေဖော်ဝါရီလ ၁၆ ရက်၊ ညနေ ၆ နာရီက Junction Square (Out Door)မှာ ကျင်းပပါတယ်။

မြန်မာသံတေးဂီတ ဖျော်ဖြေပွဲနှင့် ပဒေသာကပွဲရဲ့အဖွင့်ကို မြတ်စွာဘုရားကို ပူဇော်ကန်တော့တဲ့ ဆီမီးခွက်အကနဲ့စတင်ခဲ့တာဖြစ်ပါတယ်။ အဲဒီနောက်ပိုင်း မြန်မာသံတေးဂီတ ဖျော်ဖြေမှုအစီအစဉ်ကိုတော့ တေးသံရှင် မျိုးမြင့်လေးရဲ့ *ကြာလေလေ ခိုင်မြဲလေလေ* သီချင်းနဲ့ မောင့်ရင်ထဲမှာ နေမလား သီချင်းတွေနဲ့စတင်ပါတယ်။ မြန်မာသံသီချင်းတွေရော၊ စတီရီယို သီချင်းတွေရော ပိုင်ပိုင်နိုင်နိုင် သီဆိုတတ်တဲ့ မေခလာကလည်း *ချမ်းမြေ့ပါစေ* သီချင်းနဲ့ တသိမ့်သိမ့်သူ သီချင်းတွေသီဆိုသွားခဲ့ပါတယ်။ ဖေဖော်ဝါရီလ ၁၅ ရက်ကမှ တစ်ကိုယ်တော်ဖျော်ဖြေပွဲမှာ စိတ်ရောကိုယ်ပါ နှစ်မြှုပ်သီဆိုဖျော်ဖြေပေးခဲ့သေးတဲ့ မာမာအေးကလည်း *စဉ်းစားရဦးမယ်* နဲ့ *မောင့်အချစ်မြားစူး* သီချင်းတွေ သီဆိုဖျော်ဖြေပေးသွားပါတယ်။ အဲဒီနောက်မှာတော့ မောင်မောင်အေး(အလင်္ကာဝတ်ရည်)က *မောင့်ရွှေစင်ဦး၊ ခရေလမ်းမှာ လွမ်းခဲ့တယ်* သီချင်းတွေနဲ့ ဖျော်ဖြေပြီး ပိုးအိစံက *မမပုသိမ်သူ၊ အရိုးမှာ အသီဆုံးပါ၊ အကဲလေး* သီချင်းများနဲ့ သီဆိုဖျော်ဖြေပါတယ်။ အကယ်ဒမီ ချိုပြုံးကတော့ ဘိုင်စကုပ်မင်းသမီးမချိုနဲ့ ဖန်းပီတောက်တို့ ကြွေရာမြေ သီချင်းတွေကို တစ်ကိုယ်တော် သီဆိုပြီး ဖန်းပီတောက်ကို ချစ်တယ် သီချင်းကို မောင်မောင်အေး(အလင်္ကာဝတ်ရည်)နဲ့ တွဲဖက်သီဆိုခဲ့တာဖြစ်ပါတယ်။ တေးသံရှင်ထားကလည်း သံသရာတစ်ကွေ့ဝယ် နဲ့ **စာမျက်နှာ(၂၈)သို့…**


အလင်္ကာဝတ်ရည်တေးဂီတအဖွဲ့နဲ့ ဖျော်ဖြေတဲ့ တေးသံရှင် ထားနဲ့ မင်းနောင်


မောင်မောင်အေး(အလင်္ကာဝတ်ရည်)နဲ့ ချိုပြုံး


မျိုးမြင့်လေး


ပိုးအိစံ


မေခလာ

# မင်္ဂလာမောင်နှံများအတွက် "သူငယ်ချင်းတို့ မင်္ဂလာပွဲ"

ဦးမြင့်သန်း(မြန်မာ့အသံ) စီစဉ်ပြီး ဗညားဟန်၊ ဖိုးသောကြာ၊ အိအိချွန်တို့ သီဆိုထားတဲ့ သူငယ်ချင်းတို့ မင်္ဂလာပွဲ ဒီဗီဒီကာရာအိုကေမိတ်ဆက်ပွဲကို ၂၀၁၃ ဖေဖော်ဝါရီ ၁၈ ရက် နေ့လယ် ၂ နာရီခွဲက ရန်ကုန်မြို့၊ ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ စင်ထရယ်ဟိုတယ်မှာ ပြုလုပ်ခဲ့ပါတယ်။ သူငယ်ချင်းတို့မင်္ဂလာပွဲ စီးရီးမှာ တေးရေး ရွှေပြည်အေး၊ အောဝမ်းကြည်အေး၊ စန္ဒရားချစ်ဆွေ၊ ဦးအောင်ကိုး၊ ကိုညွန့်ဝေ၊ တွံတေးသိန်းတန်၊ စိန်မောင်မြင့်၊ အကော်ဒီယံ အုန်းကျော်၊ ဂီတစာဆို မောင်ကြေးမုံ၊ ညွန့်လှိုင်လှိုင်တို့ရဲ့ သီချင်းများပါဝင်ပြီး စန္ဒရားဇေယျာမင်း၊ Natural တီးဝိုင်းတို့က တီးခတ်ပေးထားတာ ဖြစ်ပါတယ်။



ဒါရိုက်တာ ညီညီ(လဝန်းသစ်)၊ ဇေယျာဈေး၊ ဖိုးသောကြာ၊ အိအိချွန်၊ ဗညားဟန်နဲ့ ဦးမြင့်သန်း(မြန်မာ့အသံ)

မြန်မာသံတွေကို မြတ်နိုးတာကြောင့် သားသမီးတွေကိုလည်း မြန်မာသံတွေကို ချစ်မြတ်နိုးစေခဲ့ပြီး စီးရီးများထုတ်လုပ်တဲ့အခါမှာလည်း မြန်မာသံတေးသီချင်းများကို စီစဉ်ထုတ်လုပ်ခဲ့တယ်လို့ ဦးမြင့်သန်း(မြန်မာ့အသံ)က ဆိုပါတယ်။ ဦးမြင့်သန်း(မြန်မာ့အသံ)က အိအိချွန်ရဲ့ဖခင် ဖြစ်ပါတယ်။ အိအိချွန်က မင်္ဂလာမောင်နှံတွေအတွက် ရည်ရွယ်ပြီး သူငယ်ချင်းတို့မင်္ဂလာပွဲ စီးရီးကို စီစဉ်တာဖြစ်ပြီး အချစ်သီချင်း၊ မင်္ဂလာပွဲသီချင်းများအဖြစ် ပထမဆုံးသီဆိုတာဖြစ်ပါတယ်။ အိအိချွန်က *ပင်တိုင်စံ၊ လှည်းယာဉ်တော်၊ ဦးလေးကြီး* ဆိုတဲ့ စီးရီးများ ထွက်ထားသူလည်း ဖြစ်ပါတယ်။ အိအိချွန်က မင်္ဂလာတေးသီချင်းတွေ သီဆိုထားမှုနဲ့ပတ်သက်ပြီး "သူငယ်ချင်းတို့ မင်္ဂလာပွဲ သီချင်းကို ရိုက်နေတဲ့အချိန်က မျက်စိထဲမှာ ကိုယ့်ရှေ့မှာ မင်္ဂလာဆောင်တဲ့**စာမျက်နှာ(၂၉)သို့…**

# မိတ်ဆွေများနဲ့ တွေ့ဆုံပြီး အလှူငွေလှူဒါန်းတဲ့ မာမာအေး


မာမာအေးနဲ့ မိုးဟိန်းကလေးတင့်အောင်

တေးသံရှင် မာမာအေးက သူငယ်ချင်း၊ မိတ်ဆွေများနဲ့ တစုတစည်းတည်း တွေ့ဆုံပွဲကို ၂၀၁၃ ဖေဖော်ဝါရီ ၁၈ ရက်၊ နေ့လယ် ၂ နာရီက ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ စံကားဝါလမ်းရှိ တိပိဋကကျောင်းတော်(ငွေရတုဆောင်)မှာ ပြုလုပ်ခဲ့ပါတယ်။ မာမာအေးကိုချစ်တဲ့၊ မာမာအေးကချစ်တဲ့ မိတ်ဆွေသူငယ်ချင်းများ စုံညီစွာတက်ရောက်ခဲ့ကြတာ ဖြစ်ပါတယ်။ အဲဒီနေ့မှာပဲ မာမာအေးက အနုပညာလှုပ်ရှားမှုများနဲ့ရရှိတဲ့ ငွေကြေးများကို သာသနာရေး၊ လူမှုရေး၊ ဂီတရေး စတဲ့ အဖွဲ့အစည်း အသီးသီးကို လှူဒါန်းခဲ့ပါတယ်။ မာမာအေးက ကံ့ကော်တစ်ထောင် ဆရာတော်အတွက် နဝကမ္မအလှူငွေ ၅ သိန်းကျပ်၊ ရွှေညဝါဆရာတော်အတွက် ၅ သိန်းကျပ်၊ မြန်မာနိုင်ငံဂီတအစည်းအရုံးအတွက် ၂ သိန်းကျပ်၊ စာပေအဖွဲ့အစည်းအတွက် ငွေ ၂ သိန်းကျပ်၊ ဒေါ်ဖြူဖြူသင်းရဲ့HIVဂေဟာအတွက် ငွေ ၂ သိန်းကျပ်၊ နာရေးကူညီမှုအသင်း(သုခကုသိုလ်ဖြစ်ဆေးခန်း)အတွက် ငွေ ၂ သိန်းကျပ်၊ ဆည်းဆာရိပ်ဂီလာန ဘိုးဘွားစောင့်ရှောက်ရေးအတွက် ၂ သိန်း၊ ရွှေလက်ချောင်းသာရေးကူညီမှုအဖွဲ့အတွက် ၁ သိန်း၊ မရမ်းခြံ (အ·ထ·က-၁ ကမာရွတ်)အတွက် ငွေ ၁ သိန်းကျပ်၊ ဆရာတော် ဦးပညာ(အမရပူရ)အတွက် ငွေ ၁ သိန်းကျပ်၊ စည်သူဗိုလ်ကလေးတင့်အောင်နဲ့ ဇနီးအတွက် ငွေ ၁ သိန်းကျပ်၊ တေးသံရှင် ကြည်ကြည်ဝင်းအတွက် ငွေ ၁ သိန်းကျပ်၊ စိန်စတင်း(ဆိုင်း)အတွက် ငွေ ၁ သိန်းကျပ်၊ တေးသံရှင် မစိမ်းစိမ်းနဲ့ အမာစိန်တို့အတွက် ငွေ ၅ သောင်းကျပ်စီတို့ကို လှူဒါန်းတာဖြစ်ပါတယ်။ မာမာအေးက အဲဒီနေ့က ကျွေးမွေးဧည့်ခံမှုများ၊ အဖွဲ့အစည်းအားလုံးကို လှူဒါန်းတဲ့ လှူဒါန်းမှုများအပါအဝင် စုစုပေါင်းငွေကျပ်သိန်း ၅၀ လှူဒါန်းခဲ့တာဖြစ်တဲ့အတွက် တက်ရောက်ကြသူများက သာဓုများခေါ်ဆိုပေးခဲ့ကြပါတယ်။


မာမာအေးနဲ့
စာရေးဆရာ မောင်မိုးသူ

"ချစ်သမီး မာမာအေးရဲ့ အလှူဒါနအတွက် ဖြစ်မြောက်အောင် ဝိုင်းဝန်းကူညီကြတဲ့ ပုဂ္ဂိုလ်တွေ၊ ကြွရောက်လာကြတဲ့ ပုဂ္ဂိုလ်တွေ၊ ဂီတမိသားစုတွေအားလုံး သာဓုခေါ်သံကြားရတော့ ကျွန်တော့်ရင်ထဲမှာ အင်မတန်မှ ဝမ်းသာရပါတယ်။ သမီးလေး မာမာအေးရဲ့ ကုသိုလ်ကောင်းမှုတွေကို ကျွန်တော်ကိုယ်တိုင်လည်း နှစ်နှစ်ကာကာ မြတ်မြတ်နိုးနိုးနဲ့ သာဓုခေါ်ပါတယ်။ ပရိသတ်များအလှူရှင်မာမာအေး ကျန်းမာစေကြောင်း ဆုတောင်းပေးတဲ့အနေနဲ့ မာမာအေး သက်ရှည်ကျန်းမာပါစေဆိုပြီး ၃ ကြိမ် ဆုတောင်းပေးကြပါ"လို့ စည်သူဗိုလ်ကလေးတင့်အောင်က မာမာအေးရဲ့အလှူနဲ့ပတ်သက်ပြီး ပရိသတ်ကို ပန်ကြားပါတယ်။ တက်ရောက်လာတဲ့သူများက မာမာအေး အသက်ရှည်ကျန်းမာပါစေလို့ ဆုတောင်းပေးကြတာကြောင့် မာမာအေးက မျက်ရည်ဝဲပြီးပြုံးနေခဲ့တာ တွေ့ရပါတယ်။

မာမာအေးက ဖေဖော်ဝါရီ ၁၅ ရက်မှာ ဖျော်ဖြေခဲ့တဲ့ပွဲအတွက် အားရကျေနပ်မှုရှိခဲ့ပါတယ်။ ဒီပွဲအတွက် သီချင်းတွေကို စီစဉ်သူများနဲ့အတူ ရွေးချယ်ခဲ့တာ ဖြစ်ပါတယ်။ မာမာအေးက ဖေဖော်ဝါရီ ၂၆ ရက်၊ ကွမ်းခြံကုန်းရှိ ဂျားကျောင်းတိုက်မှာ နာဂစ်ဒဏ်ခံခဲ့ရတဲ့ ကလေးငယ်များစွာရှိတာကြောင့် ရန်ပုံငွေရရှိအောင် သီချင်းများ ဖျော်ဖြေပြီး စီစဉ်ပေးမှာဖြစ်ပါတယ်။

"ဟိုတုန်းကဆိုခဲ့တဲ့ သန်းထွန်းလေးတို့လို ညီညီလေးတို့လို၊ ကလေးအဆိုတော်ကနေ လူကြီးအဆိုတော်တွေဖြစ်လာတဲ့သူတွေကို ခေါ်သွားမယ်။ မြန်မာသံနဲ့ နောက်တက်လာတဲ့ အဆိုတော်တွေလည်း ခေါ်သွားမယ်။ မာမာအေးနဲ့ သီချင်းအတူတူဆိုကြမယ်" လို့ မာမာအေးက ဆိုပါတယ်။ မာမာအေးက ကျန်းမာရေး သိပ်မကောင်းတာကြောင့် မတ်လ ၁ ရက်နေ့မှာ အမေရိကားကိုပြန်မှာ ဖြစ်ပါတယ်။ "ဒီမှာ အကြာကြီးမနေနိုင်တာက ကျန်းမာရေးအတွက်ကြောင့်ပါ။ မြန်မာပြည်မှာနေတဲ့ ၃ လအတွင်းမှာ ခရီးတစ်ခေါက်သွားကြည့်တယ်။ ခါတိုင်းဆိုရင် မြန်မာပြည်ကိုလှည့်နေတဲ့ မိန်းမ၊ အခုတစ်ခေါက်က အောင်လံလောက်ပဲသွားတဲ့ဟာ ဖုန်တွေရှူတာကြောင့် ချောင်းဆိုး၊ နှာစေးတွေ ဖြစ်သွားတယ်။ ဖျားတာနာတာ မဟုတ်ပေမဲ့ ၃ ပတ်လောက် ဒုက္ခရောက်သွားတယ်။ ဖျော်ဖြေပွဲရှိတော့ အဲဒီအတွက် ကျန်းမာရေးကိုလည်းစုထားရတယ်" လို့ မာမာအေးက ဆိုပါသေးတယ်။■ ခင်လေးမြင့်


စာရေးဆရာမ စမ်းစမ်းနွဲ့(သာယာဝတီ)၊
ချိုပြုံးနဲ့ မာမာအေး


မာမာအေးနဲ့ စာရေးဆရာမ ခင်ဆွေဦး


မိုးသောကြာ၊ မာမာအေးနဲ့ မောင်သိန်းဝင်း


ချိုဝေလွင်နဲ့ မာမာအေး


ဟာသ်ဝတ ထွန်းရင်နဲ့
အလွမ်းသီချင်းရေးတဲ့ မောင်ကျော်စော


မာမာအေး၊
ဝိုင်းလမင်းအောင်နဲ့ ဦးသိန်းလွင်


မာမာအေးနဲ့
ဂီတနက်သန် ဦးအုန်းလွင်

# တွေးမိတာလေးတော့ ရေးချင်မိသည်

**ရွှေလက်ဝါ**

ကျွန်တော် ရွှေလက်ဝါပါ။ တော်ဝင်စင်တာ **စာပေမြှင့်တင် လှုပ်ရှားမှုအစီအစဉ်** ကြီး မှ ပထမဆုံးအကြိမ် ပြုလုပ်တဲ့ စာပေဆုပြိုင်ပွဲက ပြိုင်ပွဲဝင်တစ်ဦးပါ။ 'ရွှေလက်ဝါ' ဆိုတာ ဒီပြိုင်ပွဲအတွက် ရည်ရွယ်ပြီး သက်သက်ပေးထားတဲ့ အမည်ပါ။ ဒီစာစုလေးကို **စာပေမြှင့်တင်၊ လှုပ်ရှားမှုအစီအစဉ်** စာပေပြိုင်ပွဲကို ဂုဏ်ပြုသောအားဖြင့်၊ တခြားသော ပြိုင်ပွဲဝင်တွေကို အတွေ့အကြုံဝေမျှသောအားဖြင့်၊ ပြိုင်ပွဲကျင်းပရေး ကော်မတီကို အကြံပေးသောအားဖြင့် ရေးသားလိုက်ပါတယ်။

ပြောရမယ်ဆို ကျွန်တော်က ပြိုင်ပွဲတွေကို သိပ်စိတ်မဝင်စားပါဘူး။ ပြိုင်ပွဲဆိုတာက စည်းမျဉ်း၊ စည်းကမ်းတစ်ခုနဲ့ ကျွန်တော်တို့အရည်အချင်းကို သတ်မှတ်တယ်ထင်လို့ပါ။ နောက်ပြီး ကျွန်တော့် Character ကိုက ပြိုင်ပွဲဝင်အမျိုးအစား မဟုတ်ပါဘူး၊ ဘောင်မဝင်ပါဘူး။ Independence ပါ။ ဒါဆို ဘာလို့ ပြိုင်ပွဲဝင်ပြိုင်လဲလို့ မေးရင် လူထုနဲ့ ဆက်သွယ်ရချင်လို့ပါ။ ကျွန်တော့်ရဲ့ ခံစားချက်၊ အသိပညာ၊ အတွေးအခေါ်တွေကို ပြည်သူလူထုနဲ့အတူ မျှဝေခံစားချင်လို့ပါ။ ကျွန်တော်တို့ ရေးသားယှဉ်ပြိုင်ခဲ့ရတဲ့ 'အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်' ခေါင်းစဉ်လိုပါပဲ။ ပစ္စုပ္ပန်ကို အကောင်းဆုံး အသုံးချပြီး ကြိုးစားကြည့်နေတာပါ။

တိုတိုနဲ့ လိုရင်းပြောရရင် သိန်း ၃၀ ပေးမည့် စာပေပြိုင်ပွဲရဲ့ နောက်မှာ ဘာတွေရှိမလဲ ကျွန်တော် စိတ်ဝင်စားသွားပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် သိန်း ၃၀ ပေးပြီး စာပေကို စင်မြင့်ပေါ် တင်လိုက်တဲ့ တော်ဝင်မိသားစု ဆရာဦးကိုကိုထွေးနဲ့ ပြိုင်ပွဲကျင်းပရေး ကော်မတီ ဒိုင်လူကြီးမင်းများကို ကျွန်တော် ကျေးဇူးအရမ်းတင်ခဲ့ပါတယ်။ ကျွန်တော်တို့စာပေ တစ်ခေတ်ပြောင်းပါပြီလို့။ ဒီစကားကို ကျွန်တော် ပထမအဆင့် Presentation နဲ့ ဖြေဆိုရတဲ့နေ့ စင်ပေါ်မှာလည်း ပြောခဲ့ပါတယ်။ ပွဲမပြီးသေးခင် စင်ပေါ်တက်တက်ချင်းပဲ ပြောခွင့်ရတုန်း ပြောခဲ့တာပါ။ ပြိုင်ပွဲအဆုံးထိ လျှောက်နိုင်ခွင့်က မသေချာလို့ပါ။ ပထမအဆင့်ထိပဲ ကျွန်တော်က ယှဉ်ပြိုင်ခွင့်ရခဲ့ပါတယ်။ ဒုတိယအဆင့် အယောက် ၂၀ ထဲမှာ ကျွန်တော် မပါပါဘူး။ ဒါပေမဲ့ ကျွန်တော် ပျော်ပါတယ်။ ဘာပဲဖြစ်ဖြစ် ကျွန်တော်တို့ စာပေ စင်မြင့်ပေါ် ရောက်လာပြီလေ။

ကျွန်တော်တို့က ပထမဆုံးအနေနဲ့ 4" x 6" Size မြန်မာ့ယဉ်ကျေးမှု ဝတ်စားဆင်ယင်မှု ဓာတ်ပုံတစ်ပုံနဲ့ အတူ အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ် ခေါင်းစဉ်နဲ့ ရသစာတမ်း တင်ရပါတယ်။ ရသစာတမ်းကို ကျွန်တော်တို့က စာစီစာကုံးပုံစံနဲ့ ရေးကြပါတယ်။ ဘာကြောင့်လဲဆိုတော့ (Essay) ဆိုတဲ့ အသုံးကြောင့်ပါ။ နောက်ပြီး ရသစာတမ်းဆိုတဲ့ အရေးအသားမျိုးကို ကျွန်တော်တို့က အတွေ့အမြင်နည်းပါတယ်။ ဖတ်ရတယ်ဆိုရင်တောင် ဒါ ရသစာတမ်းလို့ ခေါ်တာပဲလို့ သိတဲ့လူက ရှားပါတယ်။ ကျွန်တော်ကတော့ မိုက်ကယ်ဂျက်ဆင်၊ ဗိုလ်ချုပ်အောင်ဆန်း၊ ဗင်းဆင့်ဗန်ဂိုးနဲ့ ရာဇဝင်ရာဇ်အကြောင်းတွေကို အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်ကာလတွေ ပိုင်းခြားပြရင်းနဲ့ စာစီစာကုံးပုံစံမျိုးနဲ့ပဲ ရေးဖွဲ့ဖြစ်ပါတယ်။ ဒါပေမဲ့ ဒိုင်အဖွဲ့က ဖြည့် တွေးပြီး အမှတ်တွေ ပေးထားတယ်လို့ ပြောပါတယ်။ ကောင်းပါတယ်။ ဒီတော့ ကျွန်တော် လူတွေ့စစ်ဆေး ပါတာပေါ့။

လူတွေ့စစ်ဆေးတဲ့နေ့မှာ ဆရာချစ်ဦးညို၊ ဆရာ ဦးကိုကိုထွေး၊ ဆရာမ မစန္ဒာ၊ ဆရာ မျိုးမြင့်ညိမ်းနဲ့ ဆရာ လင်းသိုက်ညွန့်(မြန်မာ့မြေ) တို့က အခန်း ၅ ခန်းမှာ ပြိုင်ပွဲဝင်တစ်ဦးစီကို ခေါ်တွေ့ပါတယ်။ ပြိုင်ပွဲဝင်အားလုံးက ဒိုင်အားလုံးနဲ့တော့ မတွေ့ရပါဘူး။ တူညီတဲ့ မေးခွန်းတွေနဲ့ တူညီတဲ့ အမှတ်ပေးစည်းမျဉ်းတွေနဲ့ အတူအညီ မေးတယ်ဆိုပေမဲ့ မြန်တဲ့အခန်းက မြန်ပြီး ကြာတဲ့အခန်းက ကြာပါတယ်။ ကျွန်တော်က ဆရာ ချစ်ဦးညိုနဲ့ တွေ့ခွင့်ရတော့ ကံကောင်းတာပေါ့။ ကျွန်တော်က ဆရာ့စာတွေ ဖတ်ဖြစ်တယ်လေ။ တစ်ခုတော့ ရှိတယ်။ လူတွေ့စစ်ဆေးစောင့်ရတာ နည်းနည်းကြာတာ။ ဒါလည်း ကောင်းပါတယ်။ ကျွန်တော်က နောက်ဆုံးနှစ်ယောက်ရဲ့ ရှေ့က ဆိုတော့ မဆိုးပါဘူး။

ကျွန်တော် လူတွေ့ စစ်ဆေးအောင်ပါတယ်။ ပထမအဆင့် ယှဉ်ပြိုင်ဖို့ ဂျာနယ်ကျော်မမလေးရဲ့ **သူလိုလူ** စာအုပ်ပေးပါတယ်။ စာအုပ်မပေးခင် ကျွန်တော်တို့ကို ပြိုင်ပွဲအကြောင်းနဲ့ပတ်သက်ပြီး စာအုပ်နဲ့ပတ်သက်ပြီး မေးကြမြန်းကြ ဖြေကြားပေးကြပါတယ်။ ဖတ်ဖို့အချိန် ၉ ရက်ရပါတယ်။ စာအုပ်တစ်အုပ်ကို ၉ ရက်တောင် ဖတ်ဖို့လိုသလား၊ သာမန်အချစ်ဝတ္ထုတစ်ပုဒ်ဆိုရင်တော့ မလိုပါဘူး။ ဒါပေမဲ့ ဖြစ်ရပ်မှန်စာအုပ်မျိုး၊ အတ္ထုပ္ပတ္တိလို စာအုပ်မျိုးနဲ့ဘာသာပြန်စာအုပ်မျိုး၊ သမိုင်းကြောင်းဆိုင်ရာ စာအုပ်မျိုးဆိုရင်တော့ လိုပါတယ်။ ဘာလို့လဲဆိုတော့ စကားပြေစာအုပ် တစ်အုပ်ကို ကျွန်တော်တို့က တစ်နှစ်စာ အချိန်ယူပြီး သင်ကြားခဲ့ရလို့ပါ။ ဂျာနယ်ကျော်မမလေးရဲ့ **သူလိုလူ** စာအုပ်က ဦးချစ်မောင်နဲ့ ဒေါ်မမလေးတို့ စတင်တွေ့ဆုံချိန်ကစပြီး ပေးစာတွေ၊ ပျို့၊ ကဗျာတွေ၊ ခေတ်သမိုင်းကြောင်း နောက်ခံ စစ်ရေး၊ နိုင်ငံရေးတွေ၊ သတင်းစာပညာတွေ၊ ဂျာနယ်တိုက်စီးပွားရေး စတာတွေ စသည်ဖြင့် စုံနေအောင်ပါတော့ အခြားသူတော့ မသိပါဘူး။ ကျွန်တော် ဖတ်ရတာတော့ စာအုပ်တစ်အုပ်လုံးရဲ့ Message ကျွန်တော့်ဆီ မရောက်ပါဘူး။ ကျွန်တော်ကိုယ်တိုင်က စာဖတ်ကြာတဲ့သူဖြစ်တာလည်း ပါမှာပါ။ နောက်ပြီး စာအုပ်တစ်အုပ်လုံးရဲ့ အချက်အလက်အားလုံးကို မယူတတ်တာကြောင့်လည်း ပါမှာပါ။ ဥပမာ ပြိုင်ပွဲဝင်တွေက ဂျာနယ်ကျော်မမလေးကို လေးစားအားကျနေတဲ့ အချိန်မှာ ကျွန်တော်က ဦးချစ်မောင်ကို သဘောကျနေပါတယ်။ နောက်ပြီး တချို့တချို့နေရာတွေမှာဆိုရင်လည်း ဒေါ်မမလေးနဲ့ ကျွန်တော် သဘောထားတွေ အများကြီး ကွဲလွဲပါတယ်။ ဒီစာအုပ်မှာတော့ ဒိုင်တွေက ပေးချင်တဲ့ Message ကို ကျွန်တော်က မရ၊ ကျွန်တော်ရတဲ့ Message က ဒိုင်တွေ လိုချင်တာ မဟုတ်နဲ့ အပေးအယူတွေ လွဲခဲ့ကြပါတယ်။ ဒီစာအုပ်ကို ဖတ်ခဲ့ပြီး 'မင်းဘာတွေ သိခဲ့လဲ၊ ဘယ်အခန်းကို ကြိုက်လဲ၊ ဘာတွေ မကြိုက်ဘူးလဲ၊ ဘာလို့လဲ' ဆိုတာမျိုးလေး၊ လွတ်လပ်စွာ ဆွေးနွေးတင်ပြခွင့်ရမယ်ဆိုရင်တော့ သိပ်ကောင်းမယ်လို့ ကျွန်တော် ထင်ပါတယ်။ တွေးမိ



အလင်္ကာဝတ်ရည် ယဉ်ကျေးမှုအကအဖွဲ့ရဲ့ ဖျော်ဖြေတင်ဆက်မှု


တေးသံရှင် မာမာအေးလည်း ပါဝင်ဖျော်ဖြေခဲ့ပါတယ်


တေးသံရှင် အကယ်ဒမီချိုပြုံးရဲ့ ဖျော်ဖြေတင်ဆက်မှု

***စာမျက်နှာ(၂၆)မှ***...ကမ်းခြေ ဧယျာဦးဝယ် သီချင်းတွေကို တစ်ကိုယ်တော်သီဆိုပြီး ကမ္ဘာခြားလည်း ချစ်နေမယ် သီချင်းကိုတော့ တေးသံရှင် မင်းနောင်နဲ့ တွဲဖက်ပြီး သီဆိုခဲ့ပါတယ်။ တေးသံရှင် မင်းနောင်ကတော့ မုန်းရစ်လေဦးနဲ့ သူဌေးဝါဒ သီချင်းတွေ သီဆိုသွားခဲ့ပါတယ်။ မြန်မာသံတေးဂီတ ဖျော်ဖြေပွဲနှင့် ပဒေသာကပွဲမှာ လူရွှင်တော် ဖိုက်စတားအဖွဲ့က အစီအစဉ်တင်ဆက်သူများအဖြစ် ဆောင်ရွက်ပေးခဲ့ကြပြီး အလင်္ကာဝတ်ရည်ယဉ်ကျေးမှုအကအဖွဲ့၊ အဆိုရှင်များဖြစ်တဲ့ မင်းနောင်၊ မျိုးမြင့်လေး၊ မောင်သိန်းဝင်း၊ သန်းမြတ်စိုး၊ ရာဇာဝင်းတင့်၊ မောင်မောင်အေး(အလင်္ကာဝတ်ရည်)၊ ဗညားဟန်၊ ရဲထိုက်၊ ထား၊ အကယ်ဒမီ ချိုပြုံး၊ မေခလာ၊ မစပါယ်၊ ရွှေယမင်းဦးနဲ့ ရဲရင့်ဝေလွင်တို့က သီဆို ဖျော်ဖြေပေးခဲ့ကြတာ ဖြစ်ပါတယ်။ ■

နေလွင်

တာလေး ပြောကြည့်တာပါ။ ဒုတိယအဆင့် **စာဖတ်ခြင်းဖြင့် လူ့ဘောင်ကို မည်သို့ အကျိုးပြုသနည်း** တဲ့။ ဒီခေါင်းစဉ်မှာတော့ ကျွန်တော်စင်ပေါ်မတက်ရတော့ပါဘူး။ ပြိုင်ပွဲရှိတဲ့နေ့တိုင်းတော့ ကျွန်တော် သွားကြည့်ဖြစ်ပါတယ်။ တချို့ကလည်း ဘဝနဲ့ရင်းပြီးပြော၊ တချို့ကလည်း စာအုပ်ထဲက ဖတ်လာပြီးပြော၊ တချို့ကလည်း ကျပန်းစကားလိုပြော၊ တချို့ကလည်း သရုပ်ပြလိုဟောနဲ့။ ပြိုင်ပွဲဝင် အများစုက စာဖတ်တာ ကောင်းတယ်။ လူ့ဘောင်ကို အကျိုးပြုတယ်ပဲ ပြောသွားကြပါတယ်။ တကယ်ရောဟုတ်လို့လား၊ ကျွန်တော်တို့ ပြန်စဉ်းစားရပါမယ်။

ဒါကြောင့် ပြောတာ။ ကျွန်တော်က ခေါင်းစဉ်တွေအောက်က အမြဲခွဲထွက်နေမိပါတယ်ဆို။ နာဇီခေါင်းဆောင် ဟစ်တလာ၊ ဒေါက်တာဘမော်၊ ဂျွန့်ဦးစော၊ သခင်စိုး၊ သခင်သန်းထွန်းတို့လည်း စာတွေဖတ်ခဲ့ကြပေမဲ့ အယူမှား၍ လမ်းကလွဲခဲ့တာပဲ မဟုတ်လား။ ပခုက္ကူဦးအုန်းဖေ စာပေဆုကို တည်ထောင်ခဲ့သူ ဆရာ ဦးအုန်းဖေနဲ့ အမျိုးသားပညာဝန် ဦးဖိုးကျားရဲ့ ဈေးသည်မလေး မယ်မျှင်။ သူတို့က အတန်းစာအားဖြင့် မမြင့်မားလှပေမဲ့ စာဖတ်ပြီး ပညာတတ်ခဲ့ကြတာပါ။ ဉာဏ်ပညာမြင့်မားတဲ့အတွက် လောကအလယ် ဂုဏ်ဝင့်ထည်ခဲ့ကြပါတယ်။ စာဖတ်ခြင်းက လူ့ဘောင်ကို အကျိုးပြုသည်ဆိုရင် စာရေးခြင်းကရော။ ရေးထားတဲ့ စာတွေရှိလို့သာ ကျွန်တော်တို့ စာဖတ်လို့ရခြင်းဖြစ်ပါတယ်။ စာတွေဖတ်နိုင်လို့လည်း စာတွေရေးနိုင်ကြတာပါ။ ဒီကိစ္စတွေကို အကျယ်တဝင့် ကျွန်တော်ရေးလို၊ ပြောလိုပါတယ်။ စာဖတ်ရုံဖြင့်ရော လူ့ဘောင်ကို အကျိုး ပြုနိုင်ပါ့မလား။ ဖတ်တဲ့စာကို မှတ်မိ ရုံနှင့်ပြီးပြီလား။ ဖတ်တဲ့စာနောက်မှာ သုံးသပ်ချက်ပါလာတယ်။ အဲဒီနောက်မှာ လုပ်ဆောင်ချက်ပါ ပါလာမှ စာဖတ်ခြင်းရဲ့ အကျိုးကျေးဇူးကို ကျွန်တော်တို့ ရရှိမှာဖြစ်ပါတယ်။

တတိယအဆင့် ပြိုင်ပွဲခေါင်းစဉ်က **လူ့အဖွဲ့အစည်းကို သုတစာပေက ပို၍ အကျိုးပြုသည်၊ ရသစာပေက ပို၍အကျိုးပြုသည်** တဲ့။ တစ်ယောက်နဲ့ တစ်ယောက် Debate စကားရည်လုပြီး ပြိုင်ရမယ်ပေါ့။ ပြီး မဲကျရာယှဉ်ပြိုင်ရတော့ မိမိယုံကြည်ချက်ကိုချေဖျက်ပြီး ပြောရတာမျိုးဆိုတော့ ဒါက သိပ်တော့ မလွယ်ပါဘူး။ နောက်ပြီး သုတနဲ့ ရသဆိုတာမျိုးက ဆန့်ကျင်ဘက် Against ဖြစ်နေတာမျိုး မဟုတ်ပါဘူး။ အတူယှဉ်တွဲနေတဲ့အရာ နှစ်ခုပါ။ ဒါပေမဲ့ ပြိုင်ပွဲဝင်တွေအားလုံး တော်ကြပါတယ်။ မိမိကျရာ သုတ၊ ရသ နှစ်မျိုးလုံးကို အဆိုဘက်ရော၊ အချေဘက်ရော ပြောသွားနိုင်ကြပါတယ်။

ဒါပေမဲ့ တစ်ခုပေါ့လေ။ အဲဒါကဘာလဲဆိုတော့ သူတို့က ခေါင်းစဉ်က "ပို" ဆိုတဲ့ စကားလုံးလေးကို အပါမခေါ်ခဲ့ကြပါဘူး။ သုတဘက်က

ဒိုင်တွေက
ပေးချင်တဲ့
Message ကို
ကျွန်တော်က မရ၊
ကျွန်တော် ရတဲ့
Message က
ဒိုင်တွေ
လိုချင်တာ မဟုတ်နဲ့
အပေးအယူတွေ
လွဲခဲ့ကြပါတယ်။
ဒီစာအုပ်ကိုဖတ်ခဲ့ပြီး
'မင်း
ဘာတွေ သိခဲ့လဲ၊
ဘယ်အခန်းကို
ကြိုက်လဲ၊
ဘာတွေ
မကြိုက်ဘူးလဲ
ဘာလို့လဲ'
ဆိုတာမျိုးလေး
လွတ်လပ်စွာ
ဆွေးနွေး
တင်ပြခွင့်ရမယ်
ဆိုရင်တော့
သိပ်ကောင်းမယ်လို့
ကျွန်တော်
ထင်ပါတယ်

ယှဉ်ပြိုင်ရသူကလည်း ရသစာပေသည်လည်း အကျိုးပြုသည့်အကြောင်း၊ ရသသမားကလည်း သုတ စာပေက အကျိုးပြုသည့်အကြောင်း လက်ခံထားရမှာပါ။ "ပို" ပြီး အကျိုးပြုနိုင်တဲ့ အကြောင်းကို ဆွေးနွေးရမှာပါ။

အခုတော့ ပြိုင်ပွဲဝင်တွေက ကိုယ်ပြောရမဲ့ ခေါင်းစဉ်ကို ကာကွယ်မှုလွန်ကဲပြီး တစ်ဖက်က ခေါင်းစဉ်ကို အကျိုးမရှိသော၊ မကောင်းသော၊ ဆိုးရွားသော၊ ကြမ်းတမ်းသော သဘောမျိုးနဲ့ ပြစ်တင်ဝေဖန်ပြီး တင်ဆက်သွားကြပါတယ်။ တကယ့် တကယ်တမ်း သူတို့ရင်ထဲမှာလည်း သုတရော၊ ရသပါ အကျိုးရှိတယ်ဆိုတာ သဘောပေါက်ထားပြီးသားပါ။ ဒါပေမဲ့ တင်ဆက်ပုံနည်းနည်းလွဲမှားတယ်လို့ ထင်ပါတယ်။ ကျွန်တော်ကိုယ်တိုင်ဆိုရင်လည်း ဒီလောက်တောင် ပြောနိုင်မှာမဟုတ်ပါဘူး။ ကျွန်တော့်အတွက် အခက်အခဲနဲ့ အားနည်းချက်က ကျွန်တော့်ယုံကြည်မှုက စွန့်လွှတ်ဖို့ပါ။

ဒီလိုမျိုး ခေါင်းစဉ် နှစ်ခုခွဲပြီး တစ်ဖက်စီ ပြောဆိုယှဉ်ပြိုင်တာထက် **စာပေလောက တိုးတက်အောင် မည်သို့ပြုလုပ်မလဲ။ ဘာတွေလိုမလဲ။** စသည်ဖြင့် ခေါင်းစဉ်တစ်ခုတည်းအောက်မှာ ပြိုင်ပွဲဝင်နှစ်ဦးကို ဝင်ရောက်ဆွေးနွေးခိုင်းခြင်းမျိုးက ပိုလွတ်လပ်ပြီး ပိုကောင်းမယ်လို့ ထင်ပါတယ်။ ဒီမှာလည်း သူ့အမြင်၊ ကိုယ့်အမြင်ကွဲပြားမှာမို့ ယူဆချက်တွေ သဘောထားတွေလည်း ကွဲပြားလာမှာပါ။ အဲဒီမှာမှ အချေအတင်နဲ့ ပိုပြီးဆွေးနွေးလို့လည်းကောင်း၊ ပို၍အကျိုးဖြစ်ထွန်းမယ်လို့လည်း ထင်ပါတယ်။

**စာပေမြင့်တင် လူ့စွမ်းအင်** တဲ့။ ကျွန်တော်ကတော့ စာပေကိုလည်း မြင့်စေချင်ပါတယ်။ စာပေလောကက လူတွေကိုလည်း တင့်စေချင်ပါတယ်။

စာပေလောကက စာရေးသူတွေဆီမှာရော၊ စာဖတ်တဲ့ စာပေချစ်မိတ်ဆွေတွေဆီမှာရော ရေးတဲ့၊ ဖတ်တဲ့စာတွေကို အရေအတွက်ထက် အရည်အချင်း။ အရည်အချင်းထက် အရည်အသွေးကောင်း စာအုပ်တွေကို တွေ့ချင်ပါတယ်၊ မြင်ချင်ပါတယ်၊ ရှိစေချင်ပါတယ်။ ကျွန်တော်တို့ စာဖတ်တဲ့အခါ စာရေးတဲ့အခါ အချိန်လည်း ကုန်ပါတယ်၊ ငွေလည်းကုန်ပါတယ်၊ လူလည်းပန်းပါတယ်။ ကုန်တဲ့အချိန်၊ ကုန်တဲ့ငွေနဲ့ လူပန်းသလောက်တော့ အကျိုးတစ်ခုခု၊ အသိတစ်ခုခု၊ ခံစားချက်တစ်ခုခုတော့ ရရှိသွားစေချင်ပါတယ်။ စာအုပ်လည်းပြီးသွားရော ဘာမှလည်း မသိလိုက်၊ ဘာမှလည်း မခံစားလိုက်ရရင် ရေးရတဲ့သူရော ဖတ်ရတဲ့သူရော နစ်နာပါတယ်။

သုတ၊ ရသ ပါသော စာပေများနဲ့ လောကအကျိုးကို ထာဝရ ဆင်နိုင်ကြပါစေလို့ ဆုတောင်းရင်း **စာပေမြင့်တင် လူ့စွမ်းအင်** စာပေပြိုင်ပွဲကို ဂုဏ်ပြုလိုက်ရပါတယ်။

အားလုံးကို ကျေးဇူးတင်ပါတယ်။ ■ **ရွှေလက်ဝါ**

***စာမျက်နှာ(၂၆)မှ*** ...ပုံ မြင်ပြီးကြည်နူးနေအောင် လုပ်ထားရတယ်။ သတို့သား၊ သတို့သမီးတွေအတွက် ဝီတိတွေဖြစ်တဲ့ပုံစံမျိုးဖြစ်အောင် ဆိုထားတယ်။ ဒီအခွေက ထူးခြားမှုရှိပါတယ်။ ဒီအခွေမှာပါတဲ့ သီချင်းတွေကို လွန်ခဲ့တဲ့ တစ်နှစ်လောက်ကတည်းက ရွေးထားတာပါ။ အကြိုက်ဆုံး၊ အကောင်းဆုံးနဲ့ ကိုယ်နဲ့လိုက်ဖက်မဲ့သီချင်းတွေကိုရွေးပြီး စီစဉ်ဖြစ်တာပါ" လို့ ဆိုပါတယ်။ သူငယ်ချင်းတို့ မင်္ဂလာပွဲ စီးရီးမှာ ဗညားဟန်က ပြန်ဆိုပြီဆိုကတည်းက ပုံစံဟောင်းအတိုင်း ပြန်ဆိုတာက ကိုယ်တိုင်လည်း ဖီလင်မလာဘူး။ သီချင်းတစ်ပုဒ်ကို ပြန်ဆိုမယ်ဆိုရင် အသစ်တစ်ခု ဖန်တီးပြနိုင်ဖို့ လိုအပ်တယ်။ ဒီနေ့ခေတ်ကလည်း အသစ်အသစ်တွေ ပေါ်နေတဲ့ခေတ်ထဲဆိုတော့လေ အဲဒီတော့ ပြောင်းလဲထားတဲ့အပေါ်မှာ ပြန်ဆိုရတာ ပရိသတ်ကလည်း အပြောင်းအလဲအနေနဲ့ ခံစားကြလိမ့်မယ်လို့ ယုံကြည်ပါတယ်" လို့ ဆိုပါတယ်။


စီးရီးဒီဗွီဒီထွက်ပွဲမှာတွေ့ရတဲ့ ဖိုးသောကြာနဲ့ ဗညားဟန်

သူကိုယ်တိုင်ဆိုထားခဲ့တဲ့ *ပန်းတံတား ပေါ်လျှောက်ပါ* သီချင်းကို အိအိချွန်နဲ့တွဲပြီး ပြန်လည်သီဆိုထားပါသေးတယ်။ ပြန်လည်သီဆိုထားမှုများနဲ့ ပတ်သက်ပြီး ဗညားဟန်က "ဂီတမှူး ဇေယျာမင်းရဲ့ Arrangement နဲ့ ပြန်ဆိုထားတယ်။ အဆိုပိုင်းကို ထူးထူးခြားခြား ပြောင်းထားတာ မရှိပါဘူး။ ဂီတပိုင်းဆိုင်ရာကိုတော့ ဇေယျာမင်းရဲ့ ပြောင်းလဲမှုနဲ့ သီဆိုထားတယ်။ ကျွန်တော်တို့က သီချင်းဟောင်းကို

သူငယ်ချင်းတို့ မင်္ဂလာပွဲ မှာ ဖိုးသောကြာက ဖခင် သုမောင်ဆိုထားတဲ့ သူငယ်ချင်းတို့ မင်္ဂလာပွဲ၊ နေချင်လှပြီ တို့နှစ်ဦး သီချင်းတွေကို အိအိချွန်နဲ့တွဲပြီး သီဆိုထားပါတယ်။ သူငယ်ချင်းတို့ မင်္ဂလာပွဲ ဒီဗီဒီကာရာအိုကေကို ဒါရိုက်တာ ညီညီ(လဝန်းသစ်)က ရိုက်ကူးထားပြီး ရတနာစိန်ဗီဒီယိုထုတ်လုပ်ဖြန့်ချိရေးမှ ၂၀၁၃ ဖေဖော်ဝါရီ ၂၀ ရက်ကစပြီး ဖြန့်ချိပေးထားပါတယ်။ ■ ခင်လေးမြင့်

## ဇာတ်ကားရိုက်ကူးရေး ခေတ္တနားထားတဲ့ နေယံ


သရုပ်ဆောင် နေယံ

နေယံက မျက်ခြယ်ထုတ်လုပ်ရေးနဲ့ ဇာတ်ကားတွေရိုက်ကူးအပြီးမှာ ကျောက်စိမ်းနန်းတော် ဗီဒီယိုထုတ်လုပ်ရေးနဲ့ ဇာတ်ကား ၁၀ ကားရိုက်ကူးထားပါတယ်။ လောလောဆယ်မှာ ရိုက်ကူးပြီးသား ၁၀ ကားရှိတာကြောင့် ခေတ္တနားထားပါတယ်။ **သစ်ပင်နှင့် လက်ထပ်ခြင်း** ဒီဗီဒီဇာတ်ကားရုံတင်ပြသနေပြီး ဒီဇာတ်ကားမှာ ပါဝင်သရုပ်ဆောင်ထားတဲ့ နေယံအပေါ် ပရိသတ်များက ဝေဖန်ပေးကြပါတယ်။ **သစ်ပင်နဲ့လက်ထပ်ခြင်း** ဇာတ်ကားမှာ သွက်သွက်လက်လက်နဲ့ အစ်မသုံးယောက်ကြားညပ်နေတဲ့သူအဖြစ် နေယံက သရုပ်ဆောင်ထားတာကြောင့် ပရိသတ်တွေက နှစ်သက်ကြတယ်လို့ သိရပါတယ်။ ကျောက်စိမ်းနန်းတော်ထုတ်လုပ်ရေးနဲ့ဇာတ်ကားတွေ ရိုက်ထားတာရှိပေမဲ့ ဇာတ်ကားထွက်တာကျဲတာနဲ့ ပတ်သက်ပြီး နေယံက "အဲဒါစိတ်မကောင်းပါဘူး။ ကျွန်တော့်ကံပဲ ပြောရမလားဘဲ။ ကျွန်တော်လည်း ဆုတောင်းနေတယ်။ မြန်မြန်ထွက်ချင်တယ်။ ဈေးကွက်အခြေအနေကလည်း တကယ့်ကို တန်းပေါ်မှာ မားမားမတ်မတ်ရပ်တည်နေနိုင်တဲ့သူတွေလောက်ပဲ၊ ကျန်တဲ့သူတွေအတွက် ဈေးကွက်မှာ အနှောင့်အယှက်ဖြစ်ကြတယ်လေ။ ကျွန်တော်တို့လည်း ပါတာပေါ့။ မိုးပြို အများဆိုသလိုပေါ့။ ဒါပေမဲ့ ကျွန်တော်အားမလျှော့ဘူး။ ကြိုးစားနေတယ်။ လုပ်နေတယ်။ ရွေးချယ်မှုတွေအများကြီးထဲက ဒီအလုပ်ကို ရွေးပြီးလုပ်တာဖြစ်တဲ့အတွက် နောက်ကိုမဆုတ်ဘူး။ အားလဲမလျှော့ဘူး။ ကျွန်တော့်ဘာသာ ပုံမှန်လုပ်နေပေမဲ့ လိုအပ်တာတွေတော့ ရှိမှာပါပဲ" လို့ နေယံက ဆိုပါတယ်။ နေယံက ကျောက်စိမ်းနန်းတော် ဗီဒီယိုထုတ်လုပ်ရေးနဲ့ ရိုက်ကူးထားတဲ့ဇာတ်ကားတွေက ဖန်စီ၊ အချစ်၊ ဒရာမာ ဇာတ်လမ်းတွေများပါတယ်။ ကျောက်စိမ်းနန်းတော် ဗီဒီယိုထုတ်လုပ်ရေးကနေ **သုညနောက်ပိတ်** ဗီဒီယိုဇာတ်ကားဖြန့်ချိဖို့စီစဉ်ထားပြီး နေယံက လောလောဆယ်မှာ ဗီစီဒီအချို့ရိုက်ကူးဖို့ရှိသလို ကြော်ငြာတစ်ခုရိုက်ဖို့လည်း လက်ခံထားတယ်လို့ သိရပါတယ်။ ■ ခင်လေးမြင့်

ပြည်ပသတင်း

## အော်စကာပြေးလမ်းပေါ်က Argo နဲ့ Zero Dark Thirty


Zero Dark Thirty ဇာတ်ကားထဲမှ ဇာတ်ဝင်ခန်းတစ်ခန်း

၂၀၁၃ ခုနှစ် အော်စကာရုပ်ရှင်ထူးချွန်ဆုပေးပွဲအတွက် အကောင်းဆုံးဇာတ်ကားစာရင်းမှာ အပြိုင်အဆိုင်ဖြစ်နေကြတဲ့ ဇာတ်ကားတွေအနက် ဇာတ်ကားနှစ်ကားက တကယ့်ဖြစ်ရပ်မှန်တွေကို ရိုက်ကူးတင်ပြလာတဲ့ကားတွေဖြစ်နေတာ တွေ့ကြရပါတယ်။ အော်စကာရာဇဝင်တစ်လျှောက် တစ်ဦးတည်းသော အော်စကာဆုရအမျိုးသမီးဒါရိုက်တာ Kathryn Bigelow ရိုက်ကူးတဲ့ **Zero Dark Thirty** အမည်ရဇာတ်ကားဟာ ကမ္ဘာကျော် al-Qaeda အကြမ်းဖက် အဖွဲ့ခေါင်းဆောင် Osama Bin Laden ကို ခြေရာခံဖော်ထုတ်ပေးတဲ့ CIA ဝန်ထမ်းအမျိုးသမီးတစ်ဦးရဲ့အတွေ့အကြုံတွေအပေါ် အခြေခံရိုက်ကူးထားတာ ဖြစ်ပါတယ်။

**Zero Dark Thirty** ဇာတ်ကားနဲ့ပတ်သက်ပြီး အမြင်ကွဲပြားမှုတွေလည်း ပေါ်ထွက်ခဲ့ပါတယ်။ ၉/၁၁ ဖြစ်ရပ်ဆိုးကြီးကို ခံစားခဲ့ကြရသူတွေရဲ့ မိသားစုဝင်တွေနဲ့ ဝေဖန်ရေးဆရာတွေက အမေရိကမှာ ဝင်ငွေအကောင်းဆုံးရဇာတ်ကားကို ချီးကျူးကြိုဆိုခဲ့ကြပေမဲ့ အကြမ်းဖက်အကျဉ်းသားတစ်ယောက်ကို မျက်နှာအဝတ်အုပ်၊ ရေလောင်းပြီး နှိပ်စက်စစ်ဆေးပုံတွေ ရိုက်ကူးပြသထားတာဟာ ညှဉ်းပန်းနှိပ်စက်တဲ့ရာဇဝတ်မှုကို အားပေးအားမြှောက်လက်ခံရာ ကျတယ်ဆိုပြီး ဝေဖန်ခဲ့တဲ့ မင်းသား Martin Sheen လို လူတွေလည်း ရှိခဲ့ပါတယ်။ Martin Sheen က ဒီလိုအသိပညာပေးမှုမျိုး ပါဝင်တဲ့ဇာတ်ကားကို အော်စကာရွေးချယ်ရေးမဲဆန္ဒရှင်တွေက မဲမပေးကြဖို့အထိတောင် တိုက်တွန်းပြောကြားခဲ့ပါတယ်။

၂၀၁၀ ပြည့်နှစ်တုန်းက Hurt Locker အမည်ရ အီရတ်စစ်ပွဲဖြစ်ရပ်မှန်ဇာတ်ကားနဲ့ ဒါရိုက်တာ အော်စကာဆုရခဲ့တဲ့ အသက် ၆၁ နှစ်အရွယ်ရှိ Kathryn Bigelow ကတော့ ခပ်အေးအေးပဲ ဖြေပါတယ်။ သမိုင်းကို ငြင်းပယ်တာဟာ ဒါမျိုးလုပ်ရပ်တွေ နောက်ထပ်လုပ်ဖြစ်အောင်လို့ ကိုယ့်ကိုယ်ကို အဆင့်နှိမ့်ချခြင်းဖြစ်တယ်လို့ Kathryn က ဆိုပါတယ်။ Kathryn က ဖြစ်ပျက်ခဲ့တာကိုသာ ရိုက်ပြခဲ့တာပဲဖြစ်ကြောင်း၊ ဒီလိုဖြစ်ရပ်မျိုးတွေကို မပြသဘဲ ချန်လှပ်ထားခဲ့မယ်ဆိုရင် သမိုင်းကို ဖြူစင်အောင် တမင်တကာလုပ်ယူဖန်တီးတာမျိုးပင် ဖြစ်ကြောင်း၊ Bin Laden ကို နှိမ်နင်းဖို့ ကြိုးပမ်းခဲ့စဉ်မှာ ဝမ်းနည်းနောင်တရဖွယ်ရာ လုပ်ရပ်တချို့ရှိခဲ့တယ်ဆိုတာ အသေအချာပင်ဖြစ်ကြောင်း၊ ဒါမျိုးတွေ နောက်နောင်ဘယ်တော့မှ ထပ်မဖြစ်ဖို့ မျှော်လင့်ကြောင်း ရှင်းလင်းပြောကြားခဲ့ပါတယ်။

ဒီဇာတ်ကားကို အော်စကာဆန်ခါတင်စာရင်းဝင် သတင်းစာဆရာ Mark Boal က CIA အေးဂျင့်တွေနဲ့ ၂၀၁၁ ခုနှစ် မေလတုန်းက Bin Laden ရဲ့ နေအိမ်ကို ဝင်ရောက်စီးနင်းရာမှာ ပါဝင်ခဲ့တဲ့ စစ်သည်တွေကို တွေ့ဆုံမေးမြန်းပြီး ရေးသားခဲ့တာ ဖြစ်ပါတယ်။

Kathryn ဟာ Bin Laden ကို ရှာဖွေဖော်ထုတ်နိုင်ခြင်းမရှိသေးတဲ့အကြောင်း ရုပ်ရှင်တစ်ကား ရိုက်ကူးဖို့ ပြင်ဆင်နေချိန်မှာ Bin Laden ကို ဖမ်းမိပြီဖြစ်ကြောင်း သတင်းထွက်ပေါ်လာခဲ့တာဖြစ်ကြောင်းလည်း ပြောကြားသွားခဲ့ပါတယ်။

၂၀၁၃ ခုနှစ်ရဲ့ ရုပ်ရှင်ထူးချွန်ဆုပေးပွဲရာသီမှာ အောင်ပွဲအလီလီခံနေတဲ့ **Argo** အမည်ရဇာတ်ကားကိုတော့ မင်းသား Ben Affleck က ကိုယ်တိုင်သရုပ်ဆောင်၊ ကိုယ်တိုင်ရိုက်ကူးပြီး၊ ကိုယ်တိုင်ထုတ်လုပ်ပေးခဲ့တာဖြစ်ပါတယ်။ **Zero Dark Thirty** နဲ့ အပြိုင်ဖြစ်နေတဲ့ **Argo** ဇာတ်ကားက ၁၉၇၉ ခုနှစ်အတွင်း အီရန်နိုင်ငံ၊ တီဟီရန်မြို့ရှိ အမေရိကန်သံရုံးကို အီရန်စစ်သွေးကြွအဖွဲ့တစ်ဖွဲ့က ဝင်ရောက်စီးနင်းပြီး ဓားစာခံ ၅၂ ယောက် ဖမ်းဆီးထားခဲ့တဲ့ ဖြစ်ရပ်မှန်ဇာတ်လမ်းကိုရိုက်ကူးတင်ပြခဲ့တာပါ။

ဓားစာခံတွေအနက် ခြောက်ဦးက ထွက်ပြေးလွတ်မြောက်ခဲ့ပြီး၊ တခြားနိုင်ငံသံရုံးတွေမှာ ခိုအောင်းနေရပါတယ်။ တွေ့ရင်အသတ်ခံရမှာမို့လို့ ပုန်းနေကြရတာပါ။ အဲဒီမှာ Ben Affleck ကိုယ်တိုင်သရုပ်ဆောင်ပေးတဲ့ CIA အေးဂျင့်ဇာတ်ရုပ်ဖြစ်တဲ့ Tony Mendez က ဟောလိဝုဒ်စိတ်ကူးယဉ် သိပ္ပံရုပ်ရှင်ကား ရိုက်ကူးရေး အမည်ခံရောက်ရှိလာပြီး ပုန်းအောင်းခဲ့တဲ့ ဓားစာခံခြောက်ဦးကို ရုပ်ရှင်အဖွဲ့အပြန်မှာ အဖွဲ့သားတွေအဖြစ်ခေါ်ထုတ်ပေးသွားခဲ့တာ ဖြစ်ပါတယ်။

Ben Affleck က ဖြစ်ရပ်မှန်ထဲက စိတ်ကူးကို အရမ်းသဘောကျခဲ့ကြောင်း၊ စာအုပ်စာတမ်းအမြောက်အမြားရှာဖွေဖတ်ရှုပြီး တွေ့ဆုံမေးမြန်းမှုတွေလည်း အမြောက်အမြားပြုလုပ်ကာ **Argo** အတွက် ပြင်ဆင်ခဲ့ကြောင်း၊ အစိုးရဌာနနဲ့ CIA ကိုတောင် သွားပြီး စာအုပ်စာတမ်းတွေ ဖတ်ရှုလေ့လာခဲ့ကြောင်း၊ CIA အေးဂျင့် Tony Mendez အစစ်နဲ့လည်း တွေ့ဆုံမေးမြန်းခဲ့သလို လွတ်မြောက်လာတဲ့ ဓားစာခံတွေနဲ့လည်း တွေ့ဆုံမေးမြန်းခဲ့ကြောင်း ဖော်ပြခဲ့ပါတယ်။

ဖြစ်ရပ်မှန်ဆိုပေမဲ့ ဟောလိဝုဒ်ရဲ့ ထုံးစံအတိုင်း ဇာတ်နာအောင် နဲ့ချင်လေတော့ ထွက်ပြေးလွတ်မြောက်လာတဲ့ ဓားစာခံခြောက်ယောက်ကို ဗြိတိန်နဲ့ နယူးဇီလန်သံရုံးတွေက လက်သင့်မခံခဲ့ဘဲ ကနေဒါသံရုံးကသာ လက်ခံထားပေးခဲ့တာလို့ ပြင်ဆင်ဖော်ပြခဲ့ပါတယ်။ ဒီကိစ္စနဲ့ ပတ်သက်ပြီး အဲဒီအချိန်က ဗြိတိသျှသံရုံးမှာ သံအမတ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့တဲ့ အသက် ၈၆ နှစ်အရွယ်ရှိ Sir John Graham က ဒေါသတကြီးနဲ့ ဟောလိဝုဒ်ရဲ့အမှားကို ထောက်ပြခဲ့သလို ယာယီသံမှူးအဖြစ် တာဝန်ထမ်းဆောင်ခဲ့တဲ့ အသက် ၈၃ နှစ် အရွယ်ရှိ Arthur Wyatt ကလည်း ထွက်ပြေးလွတ်မြောက်လာတဲ့ အမေရိကန်တွေဟာ တီဟီရန်မြို့မြောက်ပိုင်းက ဗြိတိသျှပိုင် နွေရာသီစခန်းမှာ တစ်ညတည်းခိုသွားပြီးမှ ကနေဒါသံရုံးကို ပြောင်းရွှေ့သွားခဲ့တာဖြစ်ကြောင်း ပြောကြားခဲ့ပါတယ်။

၂၀၁၃ ခုနှစ်ရဲ့ အကောင်းဆုံးဇာတ်ကားအော်စကာဆုကို **Argo** ကပဲ ရလေမလား၊ **Zero Dark Thirty** ကပဲရလေမလား စောင့်မျှော်ကြည့်ရှုကြပါဦးစို့။ ❑

*22.02.2013, The Sun*

## ၂၀၁၃ ခုနှစ် ဗြိတိသျှဂီတထူးချွန်ဆု (Brit Awards) ပေးပွဲ ကျင်းပပြီးစီး


Ben Howard


Emeli Sande

ဗြိတိသျှ ဂီတလောကရဲ့ အထင်ကရ ဂီတထူးချွန်ဆုဖြစ်တဲ့ Brit Awards ဂီတထူးချွန်ဆုပေးပွဲကို လန်ဒန်မြို့၊ $O_2$ Arena အားကစားကွင်းမှာ ဖေဖော်ဝါရီလ ၂၀ ရက်နေ့ညက ကျင်းပခဲ့ရာ အဆိုတော် Emeli Sande နဲ့ Ben Howard တို့က ဆုကြီးနှစ်ခုစီ အသီးသီးသိမ်းပိုက်သွားနိုင်ခဲ့ကြပါတယ်။

ဗြိတိသျှအဆိုတော် Adele က အကောင်းဆုံးဗြိတိသျှဆင်ဂဲလ်ဓာတ်ပြားဆုကို ရရှိသွားခဲ့ပေမဲ့ အခမ်းအနားကို ကိုယ်တိုင်တက်ရောက်နိုင်ခြင်းမရှိဘဲ ဗီဒီယိုကနေတစ်ဆင့် လက်ခံရယူကာ ကျေးဇူးတင်စကားပြန်ကြားသွားခဲ့ပါတယ်။ Adele စကားပြောအပြီးမှာ အခမ်းအနားတင်ဆက်သူ ဗြိတိသျှဟာသသရုပ်ဆောင် James Corden က ဗီဒီယိုကနေ စကားပြောတာ တကယ်ပြီးမပြီး သေချာအောင် ပြန်စစ်ဆေးပုံကို လုပ်ပြခဲ့လို့ ပရိသတ် ပွဲကျစေခဲ့ပါတယ်။ မနှစ်က စင်မြင့်ပေါ်မှာ Adele ကျေးဇူးစကားပြန်ကြားနေတုန်း စကားမဆုံးခင်မှာ James Corden က ဝင်ဖြတ်လိုက်ခဲ့မိလို့ပဲ ဖြစ် ပါတယ်။

ဖျော်ဖြေရေးအစီအစဉ်ကိုတော့ Muse ရဲ့ အဆိုနဲ့ စတင်ဖွင့်လှစ်ခဲ့ပြီး နာမည်ကျော်အဆိုတော်တွေဖြစ်တဲ့ Robbie Williams, Mumford and Sons, Justin Timberlake, Taylor Swift, Ben Howard, One Direction နဲ့ Emeli Sande တို့ အပါအဝင် အဆိုတော်အမြောက်အမြား ဖျော်ဖြေတင်ဆက်ပေးခဲ့ပါတယ်။

One Direction အဖွဲ့က Comic Relief ဆင် ဂဲလ်သီချင်း *One Way Or Another* ကိုတင်ဆက်သွားသလို Emeli Sande က အပိတ်သီချင်း တင်ဆက်ပေးသွားခဲ့ပါတယ်။

၂၀၁၃ ခုနှစ် Brit Awards ဂီတထူးချွန်ဆုတွေထဲက တချို့ကို ရွေးချယ်ဖော်ပြပေးလိုက်ပါတယ်။

အကောင်းဆုံးဗြိတိသျှအမျိုးသမီးတစ်ကိုယ်တော်အဆိုရှင် - Emeli Sande, အကောင်းဆုံးဗြိတိသျှအမျိုးသားတစ်ကိုယ်တော်အဆိုရှင် - Ben Howard, Master Card ၏ တစ်နှစ်တာ အကောင်းဆုံးဗြိတိသျှအယ်လ်ဘမ် - Our Version of Events (Emeli Sande), ဗြိတိသျှမျက်နှာသစ်အနုပညာရှင်ဆု - Ben Howard, အကောင်းဆုံးဗြိတိသျှဂီတအဖွဲ့ - Mumford and Sons, အကောင်းဆုံးဗြိတိသျှဆင်ဂဲလ် - Skyfall(Adele), အကောင်းဆုံးဗြိတိသျှဂီတတိုက်ရိုက်တင်ဆက်မှု - Cold Play - အကောင်းဆုံးနိုင်ငံတကာအမျိုးသမီးတစ်ကိုယ်တော်အဆိုရှင် - Lana Del Rey - အကောင်းဆုံးနိုင်ငံတကာအမျိုးသားတစ်ကိုယ်တော်အဆိုရှင် - Frank Ocean, အကောင်းဆုံးနိုင်ငံတကာဂီတအဖွဲ့ - The Black Keys, နိုင်ငံတကာအောင်မြင်မှုဆု - One Direction, ဝေဖန်ရေးဆရာအကြိုက်ဆု - Tom Odell

❑

*21.02.2013, The Sun*

ရာပြည့်

## ဆုပေးပွဲတွေကို စိတ်နာနေတာလား Justin Bieber



လန်ဒန်မြို့တစ်နေရာမှာ ဖိနပ်ဝယ်ထွက်လာတဲ့ ဂျပ်စတင်ဘီဘာ

ဗြိတိသျှဂီတလောကရဲ့အထင်ကရဂီတထူးချွန်ဆုဖြစ်တဲ့ Brit Awards ဂီတထူးချွန်ဆုပေးပွဲ ကျင်းပမဲ့ ဖေဖော်ဝါရီ ၂၀ ရက်နေ့မတိုင်ခင်ကပင် လန်ဒန်မြို့ကိုရောက်ရှိနေတဲ့ ကနေဒါသား ဆယ်ကျော်သက်အဆိုတော် ဂရမ်မီရဲ့အပယ်ခံလေး Justin Bieber ဟာ လန်ဒန်ရဲ့ $O_2$ Arena အားကစားကွင်းမှာ Justin Timberlake, Muse နဲ့ Emeli Sande တို့လို နာမည်ကျော်တွေ ဖျော်ဖြေတင်ဆက်နေချိန်မှာ Black Eyed Pea အဖွဲ့ရဲ့အဆိုတော် Will.i.am နဲ့အတူ လန်ဒန်တစ်နေရာမှာ ဖိနပ်အဝယ်ထွက်ကာ Brit Awards ကို မသိကျိုးကျွံပြုခဲ့ပါတယ်။

Bieber နဲ့ Will.i.am တို့ဟာ ပရိသတ်တွေ တရုန်းရုန်းလိုက်နေတဲ့ကြားက Knightsbridge ကုန်တိုက်မှာ ဖိနပ်ဝင်ဝယ်နေခဲ့ကြပါတယ်။ လန်ဒန်မှာ ရှိနေပါလျက်နဲ့ ဆုပေးပွဲစင်မြင့်မှာ သူ့ကိုမတွေ့ကြရလို့ စိတ်မကောင်းဖြစ်ကြရတဲ့ ပရိသတ်တွေက Bieber မပါတဲ့ Brits 2013 ပွဲကို ကြည့်ဖို့တောင် စိတ်မပါတော့ကြောင်း၊ Justin Timberlake ကို ကြည့်ချင်တာမဟုတ်ဘဲ Justin Bieber ကိုသာကြည့်ချင်တာဖြစ်ကြောင်း Twitter ထက်မှာ ရေးသားခဲ့ကြပါတယ်။

Brit Awards ဆုပေးပွဲမှာ Justin Timberlake ရဲ့ တင်ဆက်မှုကို လာရောက်ကြည့်ရှုခြင်းမပြုခဲ့တဲ့ Justin Bieber ဟာ ပွဲအပြီးမှာ ကျင်းပခဲ့တဲ့ Kentish Town Forum အစီအစဉ်မှာ တင်ဆက်ဖျော်ဖြေတဲ့ Justin Timberlake ရဲ့ဖျော်ဖြေမှုကိုတော့ လာရောက်ကြည့်ရှုအားပေးသွားခဲ့ကြောင်း သိရှိရပါတယ်။ ဝယ်လာတဲ့ပစ္စည်းတွေ ဟိုတယ်မှာပြန်ထားပြီး Kentish Town Forum ပွဲကိုလာကြည့်ရာမှာတော့ Justin Bieber နဲ့အတူ ဆံပင်အနက်နဲ့ မိန်းကလေးတစ်ယောက်ပါလာတာတွေ့ကြရကြောင်း The Sun သတင်းစာစောင်က ရေးသားဖော်ပြသွားခဲ့ပါတယ်။ ❑ ***21.02.2013, The Sun***

## အင်တာနက်လမ်းညွှန်

**http://www.artwolfe.com**

ပန်းချီအနုပညာနှင့်ပတ်သက်သော အကြောင်းအရာများကို လွှင့်တင်ထားသောအင်တာနက်လိပ်စာဖြစ်သည်။ ယင်းတွင် အလုပ်ရုံဆွေးနွေးပွဲများအကြောင်းနှင့် ပန်းချီအနုပညာလှုပ်ရှားမှုများအကြောင်းကို လေ့လာနိုင်မည်ဖြစ်သည်။

**http://www.artspan.com**

ခေတ်ပြိုင်အနုပညာနှင့်ပတ်သက်သောအကြောင်းအရာများကို လွှင့်တင်ထားသောအင်တာနက်လိပ်စာဖြစ်သည်။ ခေတ်ပြိုင်အနုပညာရှင်များနှင့်အနုပညာလက်ရာများကို စုစည်းထားသောအင်တာနက်လိပ်စာဖြစ်သည်။

**http://www.deviantart.com/**

အနုပညာလက်ရာများနှင့်ပတ်သက်သာအကြောင်းအရာများကို လွှင့်တင်ထားသောအင်တာနက်လိပ်စာဖြစ်သည်။ ယင်းသည် အောင်မြင်သောအနုပညာဆိုင်ရာဝက်ဘ်ဆိုဒ်တစ်ခုဖြစ်သည်။

**http://www.pixiq.com/**

ဓာတ်ပုံနှင့်ပတ်သက်သောအကြောင်းအရာများကို လေ့လာနိုင်သောအင်တာနက်လိပ်စာဖြစ်သည်။ ဓာတ်ပုံနည်းပညာဆိုင်ရာများကို အများဆုံးလေ့လာနိုင်မည့် အင်တာနက်လိပ်စာဖြစ်သည်။

**http://www.lumas.com/**

ဓာတ်ပုံ၊ အနုပညာနှင့် ဒီဇိုင်းများကိုလေ့လာနိုင်သောအင်တာနက်လိပ်စာဖြစ်သည်။ အနုပညာလက်ရာများကို လေ့လာနိုင်သကဲ့သို့ အနုပညာလှုပ်ရှားမှုများအကြောင်းကိုလည်း သိရှိနိုင်မည်ဖြစ်သည်။ ■ ဟန်ဇော်

## မြန်မာနိုင်ငံမှာ ပထမဆုံး ဖွင့်လှစ်မဲ့ မြန်မာလေကြောင်း အကယ်ဒမီ

Myanmar Aviation Academy Limited(မြန်မာလေကြောင်း အကယ်ဒမီ) မိတ်ဆက်ပွဲကို ၂၀၁၃ ဖေဖော်ဝါရီ ၂၃ ရက်၊ မနက် ၉ နာရီက ရန်ကုန်မြို့၊ အလံပြဘုရားလမ်းရှိ PARKROYAL Hotel မှာ ပြုလုပ်ခဲ့ပါတယ်။ မြန်မာလေကြောင်း အကယ်ဒမီကို မြန်မာလူငယ်မောင်မယ်များ လေကြောင်းပညာရပ်များကို ထူးချွန်အောင်မြင်စွာ သင်ယူနိုင်ဖို့အတွက် အဓိကရည်ရွယ်ပြီး ဖွင့်လှစ်တာဖြစ်ပါတယ်။ မြန်မာလေကြောင်းအကယ်ဒမီမှ ဦးကြည်ဝင်းက ဥက္ကဋ္ဌအဖြစ်တာဝန်ယူထားပြီး သင်တန်းကျောင်းအုပ်ကြီးအဖြစ် ဦးထွန်းမြင့်၊ သင်တန်း နည်းပြချုပ်ကပ္ပတိန် ဦးသန့်ဇော်တို့က တာဝန်ယူထားတာ ဖြစ်ပါတယ်။ ဦးကြည်ဝင်းက ၁၉၆၆ ခုနှစ်- ၁၉၇၀ ခုနှစ်ထိ စစ်တက္ကသိုလ်(ပြင်ဦးလွင်)၊ အမှတ်စဉ် ၁၂ ဗိုလ်လောင်းသင်တန်း တက်ရောက်ခဲ့ပြီး တပ်မတော်(လေ) မှာ ဒုတိယဗိုလ်အဆင့်မှ ဒုတိယဗိုလ်မှူးကြီးအဆင့်အထိ တိုက်ခိုက်ရေးလေသူရဲ၊ လေယာဉ်မောင်းသင်ကျောင်းအုပ်ကြီးအပါအဝင် တာဝန်အသီးသီးကို ၂၀၀၇၊ ဇန်နဝါရီလအထိ တာဝန်ထမ်းဆောင်ခဲ့သူဖြစ်ပါတယ်။ ၂၀၀၉ ဖေဖော်ဝါရီမှ ၂၀၁၁ ဇွန်လအထိ မလေးရှားနိုင်ငံ KL International Flying Academy မှာ Flying and Ground Instructor အဖြစ်လုပ်ကိုင်ခဲ့ပါတယ်။ အဲဒီနောက် မြန်မာနိုင်ငံကိုပြန်လာခဲ့ပြီး Asian Wings Airways Ltd မှာ အမှုဆောင်အရာရှိချုပ်တာဝန်များကို ထမ်းဆောင်နေသူ ဖြစ်ပါတယ်။





မြန်မာလေကြောင်း အကယ်ဒမီမှ ဦးကြည်ဝင်းက ရှင်းလင်း ပြောကြားခဲ့ပါတယ်

မြန်မာနိုင်ငံမှာ အရှိန်မြင့်တိုးတက်ဖြစ်ထွန်းနေတဲ့ လေကြောင်းပို့ဆောင်ရေးကဏ္ဍအတွက် မြို့ပြလေကြောင်းလေယာဉ်မှူးများ၊ လေယာဉ်မောင်မယ်များနဲ့ လေကြောင်းဆိုင်ရာ Technician များနဲ့ ကျွမ်းကျင်သူများ လိုအပ်လျက်ရှိနေကြောင်း၊ ဒါကြောင့် လေကြောင်းပျံသန်းမှုနဲ့ လေကြောင်းပညာရပ်များအပေါ် စိတ်ဝင်စားတဲ့ မြန်မာနိုင်ငံသားလူငယ်လူရွယ်များအနေနဲ့ လေကြောင်းပညာရပ်များကို ပြည်တွင်းမှာ လွယ်ကူစွာ သင်ကြားရယူနိုင်ရန်နဲ့ အိမ်နီးချင်းနဲ့ အရှေ့တောင်အာရှဒေသတွင်း နိုင်ငံများမှ သင်တန်းသားများကို လက်ခံသင်ကြားပေးနိုင်ဖို့ နိုင်ငံတကာအဆင့်မီ လေကြောင်းအကယ်ဒမီအဖြစ် ပေါ်ထွန်းလာရေးကို ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာလေကြောင်း အကယ်ဒမီကို ဧရာဝတီတိုင်းဒေသကြီးမှာ ဖွင့်လှစ်မှာဖြစ်ပြီး ရုံးချုပ်ကိုတော့ ရန်ကုန်မြို့မှာ ဖွင့်လှစ်မှာဖြစ်ကြောင်း၊ လေယာဉ်မောင်းသင်တန်းကျောင်းအဖြစ် ပုသိမ်မှာ အခြေစိုက်ပြီး Private Pilot Licence Course, Commercial Pilot Licence with Instrument Rating; Airline Transport Pilot Licence Course (Frozen) နဲ့ Assitant Flight Instructor Course များကို ဖွင့်လှစ်သင်ကြားပေးသွားမှာဖြစ်ကြောင်း၊ ပို့ဆောင်ရေးဝန်ကြီးဌာနရဲ့ လက်အောက်မှာရှိတဲ့ Civil Aviation Training Institute နဲ့ ပူးပေါင်းညှိနှိုင်းပြီး Aviation Industry နဲ့ ပတ်သက်တဲ့ ပညာရပ်များကို ရန်ကုန်မြို့မှာ ဖွင့်လှစ်သင်ကြားပေးနိုင်ရန် လိုအပ်တဲ့ခွင့်ပြုမိန့်များ တောင်းခံစီစဉ်ဆောင်ရွက်သွားမှာဖြစ်ကြောင်းများကို ဥက္ကဋ္ဌ ဦးကြည်ဝင်း၊ သင်တန်းကျောင်းအုပ်ကြီး ဦးထွန်းမြင့်၊ သင်တန်းနည်းပြချုပ် ကပ္ပတိန် ဦးသန့်ဇော်တို့က ရှင်းလင်းခဲ့ပါတယ်။

အပြည်ပြည်ဆိုင်ရာ မြို့ပြလေယာဉ်မှူးများအဖြစ် အသက် ၁၇ နှစ် ပြည့်ပြီးသူ (ကျား/မ) အခြေခံပညာအထက်တန်းကို သင်္ချာနဲ့ သိပ္ပံဘာသာရပ်တစ်ခုခုမှာ ဂုဏ်ထူးနဲ့ အောင်မြင်ထားသူ(သို့မဟုတ်) GCSE 'O' Level အောင်မြင်ထားသူ(သို့မဟုတ်) အဲဒီပညာရေးတွေနဲ့ ညီမျှတဲ့အရည်အချင်းနဲ့ ကိုက်ညီသူ၊ လေကြောင်းဆေးပညာဆိုင်ရာ ကျန်းမာရေးစစ်ဆေးမှုမှာ A1, G 1 အဆင့်ရှိသူ အင်္ဂလိပ်စာ 4-Skills Test အောင်မြင်သူများကို သင်တန်းဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲများ ဖြေဆိုစေပြီး စိစစ်ရွေးချယ်သင်ကြားသွားမှာ ဖြစ်ပါတယ်။ ဝါသနာပါပြီး Talent ရှိသော်လည်း ဆင်းရဲနွမ်းပါးပြီး သင်တန်းတက်ရောက်ဖို့ အခက်အခဲရှိတဲ့ မြန်မာလူငယ်များအတွက် သက်သာခွင့်ရရှိမဲ့ အစီအစဉ်များ၊ ပညာတော်သင် Scholarship အစီအစဉ်များ ထည့်သွင်းဆောင်ရွက်နိုင်ဖို့ စီစဉ်နေတယ်လို့သိရပါတယ်။

မြန်မာလေကြောင်း အကယ်ဒမီဖွင့်လှစ်နိုင်ဖို့ ၂၀၁၁ နိုဝင်ဘာမှ စတင်ဆောင် ရွက်ခဲ့ပြီး ပုသိမ်လေဆိပ်ဝင်းအတွင်း မြေနေရာ ၄၁ ဧကရမ်းခွင့်ရရှိထားတာကြောင့် သင်တန်းကျောင်း၊ သင်တန်းဆောင်၊ လေယာဉ်ရုံနဲ့ Flight Line များ ဆောက်လုပ်နေပါတယ်။ သင်တန်းများကို ၂၀၁၃ ဇွန်လမှာ စတင်နိုင်ဖို့ ရည်မှန်းထားတယ်လို့လည်း သိရပါတယ်။ ■

ခင်လေးမြင့်

## မြန်မာပြည်မှာ ဖျော်ဖြေမဲ့ Michael Learns to Rock

Pastel Communications နဲ့ Friendship Entertainment တို့ပူးပေါင်းပြီး Micheal Learns to Rock ဖျော်ဖြေပွဲကို ၂၀၁၃ ခုနှစ်၊ မတ်လ ၃၁ ရက် ပြည်သူ့ရင်ပြင်မှာ ပြုလုပ်မှာ ဖြစ်ပါတယ်။ Michael Learns to Rock က ကမ္ဘာမှာ နာမည်ကြီးတဲ့ Pop-Soft Rock ဂီတအဖွဲ့တစ်ဖွဲ့ဖြစ်ပါတယ်။ Michael Learns to Rock ရဲ့သီချင်းတွေထဲက Blue Night, Paint My Love, Sleeping Child, Wild Women စတဲ့သီချင်းများကို မြန်မာပရိသတ်များ နှစ်ခြိုက်ကြပြီး မြန်မာအဆိုရှင်များကလည်း ပြန်လည်သီဆိုမှုများ ပြုလုပ်ထားကြတာဖြစ်ပါတယ်။ Pastel နဲ့ Friendship တို့ ပထမဆုံး ပူးပေါင်းလုပ်ဆောင်တာဖြစ်ပြီး ဝင်ကြေးဈေးနှုန်းကိုတော့ ၂၀၁၃ မတ်လထဲမှာပဲ ထုတ်ပြန်ကြေညာသွားမှာဖြစ်ပါတယ်။ စင်မြင့်ဒီဇိုင်းများကို မြန်မာပြည်မှ ပညာရှင်များနဲ့ တည်ဆောက်သွားမှာဖြစ်ပြီး ဖျော်ဖြေပွဲကြည့်ရှုနိုင်ဖို့ ထိုင်ခုံများ စီစဉ်ထားမှာမဟုတ်ပါဘူး။ ပရိသတ်များ လွတ်လပ်စွာကြည့်ရှုခံစားနိုင်ဖို့ စီစဉ်ထားပြီး ပညာပေးမှုအစီအစဉ်များ မပါဝင်ဘဲ ဖျော်ဖြေရေးသီးသန့် တင်ဆက်သွားဖို့ စီစဉ်ထားတယ်လို့ Pastel Communications ရဲ့ Public Relationship မှ ရှုပါက ဆိုပါတယ်။ Michael Learns တို့အဖွဲ့က မြန်မာပြည်ကို မတ်လထဲမှာပဲ ရောက်ရှိမှာ ဖြစ်ပါတယ်။ ■ ခင်လေးမြင့်

# မွေးနေ့အတွက် ဆီမီးတစ်သောင်း ပူဇော်တဲ့ ကိုင်ဇာ

အဆိုတော် ကိုင်ဇာရဲ့ ၅၂ နှစ်ပြည့်မွေးနေ့အမှတ်တရပွဲကို ၂၀၁၃ ဖေဖော်ဝါရီ ၁၈ ရက်က ရွှေတိဂုံစေတီတော်ရင်ပြင်မှာ ပြုလုပ်ခဲ့ပါတယ်။ ကိုင်ဇာက ရွှေတိဂုံစေတီတော်ရင်ပြင်မှာ ဆီမီးတစ်သောင်း ထွန်းညှိပူဇော်သလို ရင်ပြင်တော်မြောက်ဘက် အောင်မြေနားက မဟာ့ရုံမှာ သက်သတ်လွတ်မြန်မာဒံပေါက်ကို ဘုရားဖူးလာသူများနဲ့ မိတ်ဆွေသူငယ်ချင်းများကို ဧည့်ခံကျွေးမွေးခဲ့ပါတယ်။ ကိုင်ဇာက မွေးနေ့တိုင်းမှာ ကောင်းမှုကုသိုလ်အဖြစ် အလှူဒါနတွေ ပြုလုပ်ဖူးပေမဲ့ အခုလို အလှူမျိုးကိုတော့ ပထမဆုံးလား။ ၇ ရက်သားသမီးကို ဖျော်ဖြေနေရတဲ့ ဂီတနဲ့အသက်မွေးဝမ်းကျောင်းရတဲ့သူတွေဆိုတော့ ဒီစိတ်ကူးဟာ ကျွန်တော်တို့လိုဘဝတွေနဲ့ ပိုပြီးသင့်တော်မယ်လို့ စိတ်ကူးဖြစ်ရင်း လုပ်ဖြစ်သွားတာ' လို့ မွေးနေ့အလှူနဲ့ပတ်သက်ပြီး ကိုင်ဇာက ဆိုပါတယ်။ ကိုင်ဇာက မွေးနေ့ပွဲရယ်လို့ သီးသန့်ကျင်းပတာမျိုးမရှိဘဲ သူငယ်ချင်းမိတ်ဆွေများနဲ့သာ စားသောက်ကြတာမျိုး လုပ်ဖြစ်ခဲ့ပါတယ်။ ဒီနှစ်မှာ လှူဒါန်းတာမျိုး နောင်နှစ်တွေမှာလည်း လုပ်သွားချင်တဲ့စိတ်ရှိပြီး လုပ်နိုင်ပါစေနိုင်လို့လည်း ကိုင်ဇာက ဆုတောင်းခဲ့ပါတယ်။ လုပ်မယ်။ သီချင်းအသစ်နဲ့ ပရိသတ်ကို ပေးဆပ်ဖို့တာဝန်ရှိတယ်လို့ ခံယူပြီးထွက်မှာပါ' လို့ ကိုင်ဇာက ဆိုပါတယ်။ ကိုင်ဇာက 'အရင်အချိန်မှာ ခိုးကူးကိစ္စ၊ အင်တာနက်ပေါ် သီချင်းရောက်တဲ့ကိစ္စများကြောင့် စီးရီးထုတ်ဖို့ စဉ်းစားမှုများ စွာရှိနေခဲ့တာဖြစ်ပါတယ်။ စီးရီးတစ်ခွေအတွက် အခမဲ့ ရေး၊ ဆို၊ တီး လုပ်ပေမဲ့ အခွေထွက်ဖို့ ပိုက်ဆံထပ်လိုနေသေးတယ်။ အခွေထွက်ရင်လည်း အခွန်ဆောင်ရဦးမယ်။ နောက်ထပ် ကုန်ကျမှာရှိတယ်။ ကျွန်တော်ကလည်း သေချာတာက ငါးပြားမှ ပြန်ရမှာမဟုတ်ဘူး။


အသက် ၅၂ နှစ်ပြည့်မွေးနေ့အထိမ်းအမှတ်အဖြစ် ရွှေတိဂုံစေတီတော်မှာ ကိုင်ဇာက ဆီမီးတစ်သောင်း ပူဇော်ကုသိုလ်ပြုခဲ့ပါတယ်

လုပ်ဖြစ်တာပါ။ 'မိတ်ဆွေတစ်ယောက်ကဖိတ်တဲ့ ဆီမီးတစ်သောင်းလှူပွဲကို ရွှေတိဂုံကိုလာရင်းနဲ့ ငါ့မွေးနေ့ကျရင်လည်း ဒီလိုလေးလှူချင်တယ်ဆိုတဲ့ စိတ်ကူးစိတ်သန်းလေးစဖြစ်တာ။ အဲဒီမှာ ထပ်ဖြည့်စွက်တာက ဘုရားမှာ ဆီမီးတစ်သောင်းလှူတဲ့အခါကျရင် ဘုရားဖူးလာတဲ့ ၇ ရက် သားသမီးတွေပါအကုန်လုံး ပါဝင်တဲ့ ဆီမီးထွန်းပူဇော်တဲ့ပွဲလေးဖြစ်အောင်လုပ်မယ်။ ကျွေးရင်လည်း ခုနစ်ရက်သားသမီးကို သိသိ၊ မသိသိ အကုန်လုံးကို ကျွေးချင်တယ်။ အဲဒါကြောင့် ဗုဒ္ဓဘာသာဝင်တွေရဲ့ အထွတ်အမြတ်ထားတဲ့ ရွှေတိဂုံစေတီတော်မြတ်မှာ အဲဒီလိုအလှူတွေလုပ်မယ်ဆိုပြီး လုပ်ဖြစ်တာ။ ကျွန်တော်တို့ကလည်း ၇ ရက်သားသမီးတွေနဲ့ ဆိုင်တဲ့သူတွေပဲ မဟုတ်

ကိုင်ဇာက မွေးနေ့နဲ့ မသက်ဆိုင်တဲ့ ဖျော်ဖြေပွဲတစ်ပွဲလုပ်ဖို့ စီစဉ်ထားပြီး တစ်ကိုယ်တော် စီးရီးသစ်ကိုလည်း ၂၀၁၃ ထဲမှာ ထွက်ဖို့စီစဉ်ထားပါတယ်။ စီးရီးထွက်ရှိမှု အဆက်ပြတ်နေတဲ့ ကိုင်ဇာက Show နှစ်ခွေ၊ ကိုယ်ပိုင်သံစဉ်သီချင်းတစ်ခွေ စုစုပေါင်း ၃ ခွေ စီစဉ်ထားတာဖြစ်ပါတယ်။ 'ကိုယ်ပိုင်သံစဉ်ခွေက လွန်ခဲ့တဲ့ ၅ နှစ်လောက်ကတည်းက စီစဉ်ထားတာဆိုတော့ Music သဘောအရ နည်းနည်း မော်ဒန်အောက်သွားတာရှိတယ်။ အဲဒါလေးတွေကို အချောသတ်ပြင်ဆင် ပြီးရင်ထွက်တော့မယ်။ ရှုံးတာမြတ်တာတွေ၊ ခိုးကူးတာတွေ၊ အင်တာနက်ပေါ်ရောက်တာ မရောက်တာတွေကို ဂရုမစိုက်တော့ဘူး။ ဘာဖြစ်လို့လဲဆိုတော့ ကိုယ့်ပရိသတ်အတွက်ပဲ အဲဒီတော့ အဲဒီအလုပ်တစ်ခုကို ခေတ်ကာလအခြေအနေအတွက်လည်း ကျွန်တော်တို့ တစ်လောကလုံးက ဝိုင်းပြီးကြိုးစားနေတယ်။ ဒီအနေအထားတွေ ကောင်းလာလား၊ ကောင်းလာရင် ထုတ်ဖို့ပဲ။ အလုပ်ကတော့ လုပ်နေတာပဲ။ အဲဒီလိုစောင့်နေရင်းနဲ့ ကောင်းကောင်းမကောင်းကောင်းကွာ ထုတ်တော့မယ်ဆိုပြီးထုတ်မှာ' လို့ ကိုင်ဇာက စီးရီးထွက်ဖို့ စီစဉ်ဖြစ်နေတာ နဲ့ ပတ်သက်ပြီး ပြောပြခဲ့ပါတယ်။

ကိုင်ဇာက မွေးနေ့မှာပြုသမျှကုသိုလ်တွေ အားလုံးကို ၇ ရက်သားသမီးအပေါင်းအတွက် အမျှပေးဝေပြီး ကုသိုလ်အတူတူရရှိကြပါစေလို့လည်း ဆိုပါတယ်။ ■

ခင်လေးမြင့်


အိမ့်ချစ်နဲ့အတူ . . .


နန်းမြတ်ဖြိုးသင်းနဲ့အတူ . . .

# ရွှေပါရမီပညာရေး ဖောင်ဒေးရှင်းအလှူ မန္တလေးမှာ ကျင်းပ



မန်းဆေးတက္ကသိုလ်ပါမောက္ခချုပ်က အလှူငွေ ကျပ် ၁၀ သိန်းကို ဆရာတော် အရှင်ဆန္ဒာဓိက(ရွှေပါရမီတောရ)ထံ လှူဒါန်းခဲ့ပါတယ်

ရွှေပါရမီတောရဆရာတော် အရှင်ဆန္ဒာဓိကဦးစီးတည်ထောင်တော်မူထားတဲ့ ရွှေပါရမီပညာရေးဖောင်ဒေးရှင်းရဲ့ ပညာသင်ဆုချီးမြှင့်ပွဲ အခမ်းအနားကို ပြီးခဲ့တဲ့ ဖေဖော်ဝါရီ ၁၇ ရက် မွန်းလွဲတစ်နာရီက မန္တလေးမြို့ UtopiaHotel မှာ ဒေသခံ ငွေကြေးချမ်းသာ ကြွယ်ဝသူများ အပါအဝင် အရာရှိအရာခံ နိုင်ငံ့ဝန်ထမ်းများရဲ့ အလှူငွေပေးအပ်ပွဲနဲ့အတူ ကျင်းပပြုလုပ်ခဲ့ပါတယ်။

အထူးသဖြင့် ဒီအခမ်းအနားဟာ ပညာရေးဘက်မှာ ထူးချွန်ပါလျက်နဲ့ တက္ကသိုလ်ပညာဆက်လက်သင်ယူဖို့အခက်အခဲဖြစ်နေကြတဲ့ ထူးချွန်ကျောင်းသားကျောင်းသူလေးတွေကို ဆရာတော်ရဲ့ဦးဆောင်မှုနဲ့တပည့် ဒါယကာ၊ ဒါယိကာမတွေ စုပေါင်းကူညီထောက်ပံ့လှူဒါန်းတဲ့ပွဲဖြစ်တယ်လို့ သိရပါတယ်။

အခုလိုပညာရေးဖောင်ဒေးရှင်းထူထောင်ရတဲ့ရည်ရွယ်ချက်နဲ့ပတ်သက်ပြီးဆရာတော်က ပညာထူးချွန်ပါလျက် တက္ကသိုလ်ဆက်တက်ဖို့ ခက်ခဲနေတဲ့ ကျောင်းသားကျောင်းသူရဲ့ဆက်လက်ပညာသင်ကြားခွင့်ရနိုင်ဖို့နဲ့ လူ့အဖွဲ့အစည်းရဲ့ကောင်းကျိုးကို စွမ်းစွမ်းတမံ သယ်ပိုးဆောင်ရွက်မဲ့ ပရဟိတပုဂ္ဂိုလ်ကောင်းတွေ၊ နိုင်ငံ့ခေါင်းဆောင်ကောင်းတွေ ပေါ်ထွက်လာစေဖို့ ရည်ရွယ်တယ်လို့ မိန့်ပါတယ်။

ဒီအခမ်းအနားမှာ ဆရာတော်က လူတစ်ဦးချင်းရဲ့ဘဝတိုးတက်မှုအတွက်ရော တိုင်းပြည်တစ်ခုလုံးရဲ့အဆင့်အတန်းမြင့်မားဖို့ အတွက်ပါ ပညာရေးက အခြေခံအကျဆုံးအရင်းအမြစ်ဖြစ်လို့ ပညာရေးပရဟိတကို လူတိုင်းလူတိုင်း ကိုယ်စွမ်းနိုင်သမျှ လုပ်ဆောင်သွားကြမယ်ဆိုရင် ကိုယ်ရှင်သန်ရာ လူ့လောကကြီး လှပဂုဏ်ထည် အသရေကြွယ်နေမှာ သေချာပါတယ်ဆိုတဲ့တရားတစ်ခုကို တက်ရောက်လာသူတိုင်းအတွက် ဆုံးမဩဝါဒအဖြစ်နဲ့လမ်းညွှန်ပေးတော်မူခဲ့ပါတယ်။

အထူးသဖြင့် ပညာသင်ထောက်ပံ့ကြေးရရှိသူကျောင်းသားကျောင်းသူများအတွက်ဩဝါဒစကားချီးမြှင့်တော်မူရာမှာလည်း ရွှေပါရမီပညာရေးဖောင်ဒေးရှင်းအနေနဲ့ မည်သည့်ခံဝန်ချက်နဲ့မှ ချုပ်နှောင်ထားခြင်းရှိမှာမဟုတ်တဲ့အကြောင်းအစချီပြီး ကတိစကားကြောင့် အများအကျိုးဆောင်တာထက် အသိတရားကြောင့် အများအကျိုးဆောင်တာက ပိုကောင်းပါတယ်ဆိုတဲ့ သမိုင်းတွင်ကျန်ရစ်စေမဲ့ စကားတစ်ခွန်းနဲ့ ထောက်ပံ့ကြေးရရှိကြတဲ့ ကျောင်းသားကျောင်းသူတွေအတွက် ဩဝါဒစကားမိန့်ကြားတော်မူခဲ့ပါသေးတယ်။

ပညာသင်ထောက်ပံ့ကြေးရရှိကြတဲ့ ကျောင်းသားကျောင်းသူလေးတွေအတွက်ထောက်ပံ့ကြေးပေးအပ်လှူဒါန်းတဲ့ ဒီအခမ်းအနားမှာ မန္တလေးမြို့ခံများသာမကဘဲ ရန်ကုန်မြို့က အလှူရှင်တွေကလည်း ဆရာတော်ထူထောင်ထားတဲ့ ပညာရေးဖောင်ဒေးရှင်းအတွက် ငွေပဒေသာပင်များ စိုက်ထူနိုင်ဖို့ဆိုပြီး တတ်အားသမျှနဲ့ ဆက်သွယ်လှူဒါန်းခဲ့ကြတာကို တွေ့ရပါတယ်။ ဒီအခမ်းအနားမှာ မန္တလေးဆေးတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာသန်းဝင်းနဲ့ ဆရာမဝင်းဝင်းမြင့် (နှောင်ကြိုးမဲ့ပရဟိတ) တို့က အမှတ်တရ အမှာစကားနဲ့ မုဒိတာစကားများလည်း ပြောကြားပေးခဲ့ပါသေးတယ်။

■ နန္ဒ(မန္တလေး)

အခန်း ၁၇
၁၅၈/၁၆၀(ပထမထပ်)၊
မဟာဗန္ဓုလပန်းခြံလမ်း
ကျောက်တံတားမြို့နယ်၊
ရန်ကုန်။
ဖုန်း-၀၁-၂၅၄၂၅၂
E-mail: nyeinfamily@gmail.com
The Ray of Light Journal

# နာမည်ရောင်းစားသူ

**ဒေါင်းနေမင်း**

ကျွန်တော် သူ့ကို လွန်ခဲ့တဲ့ ၅ နှစ်လောက်ကတည်းက အကျွမ်းတဝင် ရှိခဲ့တာပါ။ သူ့နာမည်က ကိုလှမြင့်။ နေတာက မင်္ဂလာဒုံမြို့နယ်ထဲက ကုန်းတလပေါင်းရွာ။ အဲဒီမှာ သူက ရာအိမ်မှူးတာဝန်ကို ယူထားရတဲ့သူ။ ဟိန္ဒူလူမျိုး ဗုဒ္ဓဘာသာ။

ပွင့်ပွင့်လင်းလင်း ပြောရရင် သူဟာရုပ်ဆိုးသလောက် အသားလည်းမည်းပါတယ်။ ဒါပေမဲ့ သူ့နှလုံးသားဟာ အင်မတန် ဖြူစင်တယ်ဆိုတာ ကျွန်တော် သိသလို တစ်ရွာလုံးသိကြတယ်။ အထူးသဖြင့် ကိုယ်ကျိုးစွန့်မှု၊ အနစ်နာခံမှုတွေအပြင် လူမှုအကျိုး၊ ရွာအကျိုးနဲ့ ပရဟိတအလုပ်တွေကို စိတ်ရောကိုယ်ပါ နှစ်ပြီး အားကြိုးမာန်တက် လုပ်ဆောင်နေသူပါ။ စာတွေ အထိုက်အလျောက်ဖတ်သလို ဗဟုသုတလည်း ရသမျှ ရှာမှီးနေသူ။ သူ့အိမ်ကို ကြည့်ရင်း နွားတင်းကုပ်သာသာ။

ပွင့်လင်းမြင်သာမှုတွေ ရှိလာတဲ့နောက်ပိုင်း အနယ်နယ်အရပ်ရပ် အလွှာအသီးသီးက ပရဟိတလုပ်တဲ့ သတင်းတွေဖတ်ရတော့ သူ့စိတ်တွေ တက်ကြွနေတယ်။ ပထမဦးဆုံး ရွာကိုရောက်လာတဲ့ Good Neighbours (ကလေးသူငယ်စောင့်ရှောက်ရေး)အဖွဲ့မှာဆို သူက ဦးဆောင်ဦးရွက်လုပ်ပြီး အဖွဲ့အစည်းက ချမှတ်ပေးတဲ့ စည်းမျဉ်းစည်းကမ်းတွေ ကလေးတွေရဲ့ အခွင့်အရေးတွေကို စိတ်နှစ်ကိုယ်နှစ် လုပ်တယ်။ တိုတိုရှင်းရှင်းပြောရရင် သူ့လို အပင်ပန်းခံမှု၊ အားစိုက်မှု၊ လူမှုအကျိုးထမ်းပိုးမှုတွေဟာ တခြားသူတွေထက် အများကြီး သာလွန်တယ်ဆိုတာတော့ ကျွန်တော် ရဲရဲကြီး ပြောရဲတယ်။

❑

နောက်တစ်ချက် ပြောစရာရှိတာက ရွာမှာ တဖြည်းဖြည်းလိုက်စားလာတဲ့ ငွေတိုးပေးစားသူတွေနဲ့ ဆင်းရဲသားတွေပါ။ တချို့ဆို ၁၀ ရက်တည်းနဲ့ အတိုး ၂၀ ရာခိုင်နှုန်း ယူနေကြတာ။ ဒါတောင် ခပ်တင်းတင်း။ တချို့စားစရာမရှိတော့ လတ်တလောဖြေရှင်းတဲ့နည်းနဲ့ မျက်စိစုံမှိတ်ယူလိုက်ရတာမျိုးတွေ ရှိတယ်။ အချိန်တန်တော့ မဆပ်နိုင်။ မဆပ်နိုင်တော့ အတိုးပေါ် အတိုးဆင့်ပြီး ပရုတ်လုံးလို လုံးပါးပါးသွားကြတဲ့သူတွေတစ်ပုံကြီး။ အကုန်နှံ့နှစ်ကုန်ကြရော။ ခြံသိမ်း၊ အိမ်သိမ်း၊ တွေ့ကရာအကုန်သိမ်းနဲ့ ချစ်တီးခေတ် ရောက်မှန်းမသိပြန်ရောက်သွားသလိုပါပဲ။

တချို့တိုင်းဒေသကြီးတွေထဲက မြို့နယ်တွေမှာ လုပ်ကိုင်စားသောက်နိုင်အောင် အတိုးသက်သက်သာသာနဲ့ ထုတ်ချေးတဲ့ အသင်းအဖွဲ့တွေကို ကျွန်တော် ကြားသလို ကိုလှမြင့်လည်း သိတယ်။ သူ့ရွာက ငွေရှင်တွေ အတိုးကြမ်းကြမ်းနဲ့ လုပ်စားနေကြတာတွေကိုလည်း ဖြစ်နိုင်ရင် ချေဖျက်တိုက်ခိုက်ချင်တယ်လို့ ကျွန်တော့်ကို မကြာမကြာ ပြောဖူးတယ်။ ဒါရိုက်တာ မီးပွား ရိုက်ပြတဲ့ သက်တံ့ရောင် နှလုံးသားထဲကလို သမဝါယမအသင်းရဲ့ ချေးငွေနဲ့ တချို့အဆင်ပြေသွားသူတွေလို ဖြစ်စေချင်တယ်။

မကြာသေးခင်ကတော့ ရွာကို မြောက်ပိုင်းခရိုင်သမဦးစီးကနေ ဆင်းရဲမွဲတေမှုလျှော့ချရေး အစီအစဉ်နဲ့ ငွေထုတ်ချေးဖို့ စာရင်းတွေ ကောက်သွားတယ်။ အကောင်အထည်တော့ မပေါ်သေးပါဘူး။ ချေးမဲ့သူက များနေတော့ စိစိစစ်စစ်လုပ်နေတဲ့သဘောမှာ ရှိတယ်။ ဘယ်လိုပဲဖြစ်ဖြစ် အဲဒီလိုအဖွဲ့အစည်းတွေရှိလာတော့ ထိုက်သင့်သလောက် အသက်ရှုချောင်တာပေါ့။ ထားပါ။

အခုပြောချင်တာက ကုန်းတလပေါင်းကို ရုပ်ရှင်သရုပ်ဆောင် ဒေါ်ဆွေဇင်ထိုက်တို့၊ ကာတွန်းဆရာ အော်ပီကျယ်တို့ နာမည်တွေသုံးပြီး လာလိမ်သွားတဲ့ လူတစ်ယောက်အကြောင်းပါ။

❑

ပြီးခဲ့တဲ့နှစ် နိုဝင်ဘာလလယ်လောက်တုန်းက ဆိုင်ကယ်ကယ်ရီငှားစီးလာတဲ့လူတစ်ယောက်ဟာ အမွှမာဒဖျာပုံသီလရှင် စာသင်ကျောင်းကို ရောက်လာခဲ့တယ်။ သူဟာ One Plus Triple Zero(1+000) အဖွဲ့အစည်းကပါ။ ပညာရေး၊ ကျန်းမာရေး၊ သဘာဝဘေးဒုက္ခတွေအတွက် လတိုင်း ပထမအပတ်မှာ ကောက်ခံပြီး ဒုတိယအပတ်မှာ လိုအပ်တဲ့သူတွေကို လှူဒါန်းပါတယ်တဲ့။ အဖွဲ့ဝင်တွေထဲမှာ ဆရာ အော်ပီကျယ်တို့၊ ဒေါ်ဆွေဇင်ထိုက်တို့လည်း ပါဝင်ပါသတဲ့။ ခုဟာက ဆင်းရဲနွမ်းပါးတဲ့ ကလေးတွေကို ကူညီထောက်ပံ့ပေးဖို့ ကျောင်းအခြေအနေကို လာကြည့်တာလို့ ဆိုပါတယ်။

“ဒီလူ့အသက်က ၄၈-၅၀ ဝန်းကျင်လောက်ရှိပြီဗျ။ အရပ်ရှည်ရှည် ၆ ပေလောက်ရှိတယ်။ ထောင်ထောင်မောင်းမောင်း၊ အသားညိုညို။ ထူးခြားချက်က ဗိုက်ပူတယ်။ သူက သူ့မှာပါလာတဲ့ အလှူခံကတ်ပြားတွေ ထုတ်ပြတယ်။ အဲဒီတုန်းက ကျွန်တော် သီလရှင်ကျောင်းကို ရောက်နေတဲ့အချိန်။

အပြန် ကျွန်တော် ကားဂိတ်လိုက်ပို့တော့ သူက ကျွန်တော်တို့ အဖွဲ့အစည်းမှာ ချေးငွေလုပ်ငန်းလည်း လုပ်ပါတယ်။ အတိုးက ၃ ကျပ်တိုးပဲ ယူတယ်။ ဒါဟာလည်း အလှူငွေအတွက်ပါ။ ဒါပေမဲ့ ချေးငွေရဲ့ ၁၀ ရာခိုင်နှုန်းကို ကြိုပေးထားရမယ်။ တစ်သိန်းချေးမယ်ဆို တစ်သောင်းပေါ့။ တစ်ခုရှိတာက ငါးသိန်းအထက်တော့ ပိုချေးလို့ မရဘူး။ တစ်သိန်းချေးရင် တစ်လကို တစ်သောင်းမှန်မှန် ပြန်ဆပ်ရမယ်။ ချေးငွေကိုတော့ ကြိုတင်ငွေပေးပြီး နောက်ထပ်နှစ်ပတ်လောက်မှ ထုတ်ပေးမယ်။ စိတ်ဝင်စားရင် ဆက်သွယ်လိုက်ပါဆိုပြီး အလှူခံကတ်ပြားလေးတစ်ခု ထုတ်ပေးတယ်။ အလှူရှင်နာမည်နေရာမှာ ကိုမောင်ဇော်လို့ ရေးထားပြီး ဖုန်းနံပါတ်လည်း ပါပါတယ်”

ကိုလှမြင့်က သူ့ဟန်အတိုင်း ခပ်လေးလေးခပ်မှန်မှန်နဲ့ ကျွန်တော့်ကို ပြန်ပြောပြနေတာပါ။ ဒီနေရာမှာ သူစဉ်းစားသွားပြီ။ အရင်က အခုလို ချေးပုံချေးလက်မျိုးတစ်ခါမှ မကြုံဖူးတာကိုး။ ဒါပေမဲ့ သံသယလည်း သိပ်မဖြစ်ရဲဘူး။ အခုနောက်ပိုင်း ဆင်းရဲမွဲတေမှုကို လျှော့ချတဲ့အနေနဲ့ ဟိုနေရာသည်နေရာတွေမှာ လုပ်ဆောင်နေကြတာလည်း ကြားနေသိနေရတာ မဟုတ်လား။ နောက်ပြီး ဒီအသင်းအဖွဲ့မှာ ကိုယ် အထင်ကြီးလေးစားတဲ့အနုပညာရှင်တွေ ပါဝင်နေတာ။ ဒါဆို အမှန်အကန်ရော မဖြစ်နိုင်ဘူးလား။ အမှန်အကန်ဆို အထူးသဖြင့် ရွာမှာ ငွေရှိတိုင်း ကုပ်သွေးစုပ်အမြတ်ထုတ်နေတဲ့ ငွေတိုးပေးစားသူတွေကို သတိကပ်ပေးနိုင်မှာပေါ့။

ဒါနဲ့ ကိုလှမြင့်ဟာ ရင်းနှီးတဲ့ မိတ်ဆွေသုံးလေးယောက်နဲ့ တိုင်ပင်ပြီး စွန့်စားကြည့်မယ်ဆိုတဲ့ သဘောနဲ့ ဟို့လူကို လှမ်းဆက်သွယ်လိုက်တယ်။ ဒီတစ်ခါလာတာ ကားအဖြူလေးနဲ့။ (ဘယ်က ငှားလာမှန်း မသိဘူး။)သူ့လက်ထဲမှာလည်း ငွေချေးပုံစံစာရွက်စာတမ်းအပြည့်အစုံ။ ပေးလိုက်မှာက များများ မဟုတ်ပါဘူး။ စုပေါင်းစပ်ပေါင်း ငွေ ခုနစ်သောင်းတည်းရယ်ပါ။ (သူ့ဘက်ကတော့

## Grand Wynn သွင်းကုန်မိတ်ဆက်၊ ခေတ်ပေါ်အဆိုအကများနှင့်အတူ ရိုးရာယဉ်ကျေးမှုအကများနှင့်ဖျော်ဖြေ

Grand Wynn Group Of Companies မှ မြန်မာနိုင်ငံအတွက် တစ်ဦးတည်းကိုယ်စားလှယ် အဖြစ် တင်သွင်းဖြန့်ဖြူး ရောင်းချလျက်ရှိသော Saji Cooking Oil ကုန်ပစ္စည်း မိတ်ဆက်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၆ ရက်၊ မွန်းလွဲ ၃ နာရီကနေ ညဦးပိုင်း ၆ နာရီအချိန် အထိ နှီးနှောဖလှယ်ပွဲများ၊ သရုပ်ပြချက်ပြုတ်မှုများအပါအဝင် ကံစမ်းမဲ အစီအစဉ်များ၊ အဆိုအကဖျော်ဖြေရေးအစီအစဉ်များနဲ့ မန္တလေးမြို့က Sedona Hotel မှာ ကျင်းပခဲ့ပါတယ်။

အခမ်းအနားအစီအစဉ်တစ်လျှောက်လုံးမှာ အစီအစဉ်တင်ဆက်သူအဖြစ် ရန်ကုန်မြို့က Presenter တင်မိုးလွင်ကတာဝန်ယူဆောင်ရွက်ခဲ့ပြီး ပထမပိုင်းအစီအစဉ်ဖြစ်တဲ့ ဖဲကြိုးဖြတ်ဖွင့်လှစ်တဲ့ အစီအစဉ်အပြီး ဒုတိယပိုင်းအစီအစဉ်မှာတော့ ခေတ်ပေါ်အဆိုအကတွေနဲ့အတူ မြန်မာ့ရိုးရာယဉ်ကျေးမှု အကတွေနဲ့ ဖျော်ဖြေတင်ဆက်ပေးခဲ့ပါတယ်။

ဒီအခမ်းအနားဟာ FELDA Global Venture(FGV) နဲ့ Malaysian Palm Oil Council (MPOC) တို့ပူးပေါင်းပြီး စားအုန်းဆီတင်သွင်း ဖြန့်ဖြူးရောင်းချခြင်းဆိုင်ရာ သိမှတ်ဖွယ်ရာတွေနဲ့ ပတ်သက်တဲ့ Seminar တစ်ခုလည်းဖြစ်တဲ့အတွက်ကျွမ်းကျင်ပညာရှင်တွေနဲ့ တက်ရောက်လာသူဧည့်ပရိသတ်တွေဟာ မြန်မာနိုင်ငံတွင်းစားသုံးဆီအသုံးပြုမှုဆိုင်ရာတွေနဲ့ ပတ်သက်ပြီး အပြန်အလှန်ဆွေးနွေးမေးမြန်းဖြေကြားမှုများလည်း ပြုလုပ်ခဲ့ကြတာကို တွေ့ရပါတယ်။ ဒါ့အပြင် မြန်မာနိုင်ငံအတွက် တစ်ဦးတည်းကိုယ်စားလှယ်အဖြစ် တင်သွင်းဖြန့်ဖြူးရောင်းချလျက်ရှိတဲ့ မလေးရှားနိုင်ငံထွက်ကုန် Saji Cooking Oil ဟာ ကျန်းမာရေးအတွက် ယုံကြည်စိတ်ချရတဲ့ အရည်အသွေးမျိုးရှိပြီး ဈေးနှုန်းသက်သာတဲ့ အဆင့်မြင့်ဟင်းချက်ဆီဖြစ်တဲ့အကြောင်းကိုလည်း လက်တွေ့ ရှင်းလင်းပြသတဲ့အနေနဲ့ အချက်အပြုတ်အကြော်အလှော်တွေနဲ့တကွ သရုပ်ပြခဲ့ကြပါသေးတယ်။

ဖျော်ဖြေရေးဆိုင်ရာအဆိုအကတွေနဲ့အတူတင်ဆက်ခဲ့ကြပြီး ပြည်တွင်းပြည်ပ ကျွမ်းကျင်ပညာရှင်တွေရဲ့ နည်းပညာဆိုင်ရာနှီးနှောဖလှယ်ပွဲအပြီးမှာတော့ ကုမ္ပဏီဘက်က တံ့ပြန်တဲ့




Saji Cooking Oil ကုန်ပစ္စည်း မိတ်ဆက်ပွဲအခမ်းအနားမှာ ဦးရွှေရိုး၊ ဒေါ်မိုးအကနဲ့လည်း ဖျော်ဖြေတင်ဆက်ခဲ့ပါတယ်

မေတ္တာလက်ဆောင်တွေကို တင်မိုးလွင်နဲ့အတူ မန္တလာသူမော်လ်ဒယ်လေးများက ကံစမ်းမဲဖောက်ဂုဏ်ပြုပေးအပ်ခဲ့ပါတယ်။ အဲဒီနောက်မှာတော့ အဆိုတော်လေးတွေနဲ့ သရုပ်ဆောင်မော်လ်ဒယ်လေးတွေရဲ့တစ်ကျော့ပြန်သီဆိုကပြဖျော်ဖြေမှုတွေနဲ့ ထပ်မံတင်ဆက်ပေးခဲ့ကြပြီး ညပိုင်းအချိန်မှာတော့ တက်ရောက်လာတဲ့ ဧည့်ပရိသတ်တွေကို သရုပ်ဖော်ချက်ပြုတ်ပြသခဲ့တဲ့ဟင်းလျာတွေနဲ့တည်ခင်းဧည့်ခံပြီး အခမ်းအနားကို အောင်မြင်စွာကျင်းပပြီးစီးခဲ့ပါတယ်။

အခမ်းအနားမှာ Saji Cooking Oil အသုံးပြုပုံလက်တွေ့ရှင်းလင်းသရုပ်ပြခြင်းနဲ့ ကုန်ပစ္စည်းမိတ်ဆက်ပွဲ အထိမ်းအမှတ်အဖြစ် အဲဒီနေ့က တက်ရောက်လာတဲ့စားသုံးသူ ပရိသတ်တွေကို အထူးဈေးနှုန်းတွေနဲ့ ရောင်းချခဲ့တယ်လို့လည်း သိရပါတယ်။ ■ နန္ဒာမန္တလေး၊

## ပရိသတ်တွေကို ပြန်ပြီးပေးဆပ်ချင်တဲ့ ဂရေဟမ်



ဂရေဟမ်နဲ့ အိမ့်ချစ်

ဩစတြေးလျမှာ ၄ နှစ်တာ နေထိုင်ပြီး ကျောင်းတက်ခဲ့တဲ့ ဂရေဟမ်က ၂၀၁၃ မှာ မြန်မာပြည်ကိုပြန်လာ ကာ ဂီတလှုပ်ရှားမှုတွေလုပ်ဆောင်တော့မှာ ဖြစ်ပါတယ်။ ဂရေဟမ်က နှလုံးသားရှိတဲ့အရပ် တစ်ကိုယ်တော်ဖျော်ဖြေပွဲကို ၂၀၁၃ ခုနှစ်၊ မတ်လ ၂ ရက်နေ့ ကန်တော်ကြီး မျှော်စင်ကျွန်းမှာ ပြုလုပ်မဲ့အကြောင်း စာနယ်ဇင်းမိတ်ဆက်ပွဲကို ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီ ၂၀ ရက်၊ နေ့လယ် ၁၂ နာရီက ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ စင်ထရယ်ဟိုတယ်မှာ ပြုလုပ်ခဲ့ပါတယ်။ ဂရေဟမ်ကတစ်ကိုယ်တော် စီးရီးများစွာ ထွက်ရှိထားသူဖြစ်တာကြောင့် နှလုံးသားရှိတဲ့အရပ် ဖျော်ဖြေပွဲမှာ သီချင်းပုဒ်ရေ ၄၀ နဲ့ဖျော်ဖြေဖို့ စီစဉ်ထားပါတယ်။ အချစ်သီချင်းပုဒ်တွေအပြင် သကြီန်သီချင်းများနဲ့ တင်ဆက်ဖို့စီစဉ်ထားပြီး The Trees တီးဝိုင်းက တီးခတ်ပေးမှာဖြစ်ပါတယ်။ ဂရေဟမ်ရဲ့နှလုံးသားရှိတဲ့အရပ် Live Show ကို Golden Wave ကနေ စီစဉ်တင်ဆက်မှာဖြစ်ပြီး Golden Wave ရဲ့ပထမဆုံး ဖျော်ဖြေပွဲ စီစဉ်မှုဖြစ်ပါတယ်။ Golden Wave က Gold Valentine I စီးရီးကိုလည်း စီစဉ်ထုတ်လုပ်ထားပါတယ်။ နှလုံးသားရှိတဲ့ အရပ်မှာ အရိုင်းနဲ့ ညောင်ညောင်တို့က အစီအစဉ်တင်ဆက်သူများအဖြစ် တင်ဆက်ပေးမှာပါ။ ဂရေဟမ်ရဲ့နှလုံးသားရှိတဲ့အရပ် Live Show ကိုကြည့်ရှုသူများအနေနဲ့ Live အရသာပြည့်ပြည့်ဝဝ ခံစားနိုင်အောင်စီစဉ်ထားပြီး စင်မြင့်ရဲ့ မီးအလင်းအမှောင်၊ အသံပိုင်းဆိုင်ရာများကို သေချာပြင်ဆင်ထားတယ်လို့ Golden Wave မှ အန်ဒီက ဆိုပါတယ်။

ဂရေဟမ်က သူ့ရဲ့တစ်ကိုယ်တော် ဖျော်ဖြေပွဲနာမည်ကို နှလုံးသားရှိတဲ့အရပ်လို့ အဓိပ္ပာယ်များစွာနဲ့ အမည်ပေးထားတာဖြစ်ပါတယ်။ "ဒီ Live Show နာမည်ပေးဖြစ်တာက နာမည်တွေ ရွေးရင်းနဲ့ ဒီအမည်က သီချင်းရှိပြီးသား၊ ချောစုခင်နဲ့တွဲဆိုထားတာ။ ကျွန်တော်ဩစတြေးလျမှာ ၄ နှစ်တာနေခဲ့တယ်။ ကျွန်တော့်နှလုံးသား တကယ်ရှိတဲ့အရပ်က မြန်မာပြည်၊ နဂိုကတည်းက မြန်မာပြည်ကိုပြန်လာဖို့ ဆုံးဖြတ်ထားပြီးသားပါ။ ကျောင်းမပြီးသေးလို့ ပြန်မလာတာ။ အခုပြန် လာတဲ့အချိန်မှာ ကျွန်တော့်နှလုံးသားရှိတဲ့အရပ်က ကျွန်တော့်ကိုချစ်တဲ့ပရိသတ်တွေရှိတဲ့ မြန်မာပြည်၊ ဒါကြောင့်နှလုံးသားရှိတဲ့အရပ်ကို ပြန်လာခဲ့တယ်။ အဲဒီ***စာမျက်နှာ(၃၅)သို့…***

## ဒါရိုက်တာ သီတာလင်းရဲ့ ဘုန်းကညာတစ်ပါး



"ဘုန်းကညာတစ်ပါး" ထဲက ဇာတ်ဝင်ခန်းတစ်ခု



ရိုက်ကွင်းမှာတွေ့ရတဲ့ အနုပညာအကြံပေး ဒါရိုက်တာ ကြည်စိုးထွန်း၊ ဒါရိုက်တာ သီတာလင်းတို့နဲ့ ဇာတ်အဖွဲ့သားများ



ဘရိတ်ကီ၊ ရန်အောင်၊ မင်းမော်ကွန်းနဲ့ အေးမြတ်သူ

Laurel Art Academy ရုပ်ရှင်အနုပညာသင်တန်းကျောင်းက ထုတ်လုပ်ရိုက်ကူးလိုက်တဲ့ **ဘုန်းကညာတစ်ပါး…**အဆင့်မြင့်ဒီဗီဒီဇာတ်ကား အထူးပွဲပြသတဲ့အစီအစဉ်ကို ဖေဖော်ဝါရီလ ၁၆ ရက်နေ့၊ မွန်းတည့် ၁၂ နာရီအချိန်က ရန်ကုန်မြို့ Junction Square Centre မှာ ပြသပေးခဲ့ပါတယ်။ **ဘုန်းကညာတစ်ပါး…** ဒီဗီဒီဇာတ်ကားကိုတော့ ဒါရိုက်တာ သီတာလင်းက ပထမဦးဆုံးဇာတ်လမ်း၊ ဇာတ်ညွှန်း၊ ဒါရိုက်တာအဖြစ်ရိုက်ကူးပေးထားတာဖြစ်ပြီး Laurel Art Academy ရဲ့ ကျောင်းအုပ်ကြီး အကယ်ဒမီ စည်သူကြည်စိုးထွန်းက အနုပညာအကြံပေး အဖြစ် တာဝန်ယူပေးထားပါတယ်။ ဒီဇာတ်ကားမှာ အကယ်ဒမီ ရန်အောင်၊ အကယ်ဒမီ မင်းမော်ကွန်း၊ စိုးရန်အောင်၊ ဘရိတ်ကီနဲ့ အေးမြတ်သူတို့ အဓိကသရုပ်ဆောင်ပေးထားတာ ဖြစ်ပြီး မင်းသား လေးလက်က မိန်းမလျာများအဖြစ် တစ်မူထူးခြားစွာ သရုပ်ဆောင်ပေး ထားတာဖြစ်ပါတယ်။

ဒီဇာတ်ကားကိုရိုက်ကူးတဲ့ ဒါရိုက်တာသီတာလင်းက ဒီဇာတ်လမ်းဟာ သူ့ရဲ့သူငယ်ချင်း တစ်ဦးဖြစ်ရပ်ကို ရိုက်ကူးတယ်လို့သိရပြီး မိန်းမလျာတစ်ယောက်ဖြစ်နေတဲ့ မင်းမော်ကွန်းကို သူ့ရဲ့မိဘများက အေးမြတ်သူနဲ့ပေးစားဖို့စီစဉ်ရာက ဇာတ်လမ်းစခဲ့တာဖြစ်ပါတယ်။ မင်းမော်ကွန်း က မိဘတွေရဲ့စကားကို မလွန်ဆန်နိုင်တဲ့အတွက် အေးမြတ်သူနဲ့ လက်ထပ်လိုက်ရပေမဲ့၊ အေးမြတ်သူကို ဇနီးမောင်နှံတွေဖြစ်နေပေမဲ့ မောင်နှမလိုနေသွားကြဖို့ မင်းမော်ကွန်းက တောင်း ဆိုလာတဲ့အခါ အေးမြတ်သူကလည်း မတတ်သာတဲ့အဆုံး လက်ခံလိုက်ရပါတယ်။ ဒါပေမဲ့ သူတို့ရဲ့မိန်းမလျာခေါင်းဆောင် ရန်အောင် နိုင်ငံခြားခရီးက ပြန်ရောက်လာတဲ့အခါမှာတော့ မိန်းမလျာပီပီ အေးမြတ်သူကိုခေါ်ပြီး မဖြစ်နိုင်တဲ့အကြောင်း ပြောပြီးဖြတ်ပေမဲ့ အေးမြတ်သူက မျက်ရည်လည်ရွဲနဲ့တောင်းပန်တဲ့အခါ အားနွဲ့တတ်သူ ရန်အောင်က မင်းမော်ကွန်းနဲ့ အေးမြတ်သူ တို့ကို ခွဲမဲ့အစီအစဉ်ကို လက်လျှော့ပြီး လက်ရှိအတိုင်းလေးပဲနေသွားကြဖို့ ခွင့်ပြုလိုက်ရပါတယ်။

မင်းမော်ကွန်းက အေးမြတ်သူကို ညီအစ်မချင်းပုံစံမျိုး ဆက်ဆံပြီး အေးမြတ်သူလှဖို့အတွက် သူကိုယ်တိုင်စီစဉ်ဆောင်ရွက်ပေးတာမို့ မိဘများကလည်း သူတို့အဆင်ပြေ***စာမျက်နှာ(၃၅)သို့…***



"ကျွန်မရဲ့ကလေးတွေက
အရမ်းဆော့ပြီး အပေါင်းအသင်းလည်း
အရမ်းမက်ကြတယ်။
ကလေးအချင်းချင်းကစားရင်း
ရန်မဖြစ်အောင် အတတ်နိုင်ဆုံး ဆုံးမ
သွန်သင်ရပါတယ်။ စည်းကမ်းပိုင်းမှာတော့
အလျှော့ပေးသင့်တဲ့နေရာမှာ
အလျှော့ပေးပြီး တင်းသင့်တဲ့နေရာ
တင်းရပါတယ်။"
"သားတွေ အပေါင်းအသင်းမမှားအောင်၊
ရိုသေလေးစားတတ်အောင်၊ အချင်းချင်း
ချစ်ခင်လေးစားတတ်အောင်လည်း
ဆုံးမပေးပါတယ်။ ကျောင်းစာဘက်မှာလည်း
ထူးချွန်မှုရှိအောင် အတတ်နိုင်ဆုံး
ဖြည့်ဆည်းပေးပါတယ်။"
"အစားအသောက်ဘက်မှာတော့
သားလေးတွေက အစားမရွေးဘူး။ အဲဒါကြောင့်
သားတွေက အသက်နဲ့မလိုက်အောင်
ထွားတယ်လေ။ ဒါပေမယ့် ကျန်းမာရေးနဲ့
ညီညွတ်မျှတမယ့် အစားအစာတွေ၊
ဗီတာမင်၊ ကယ်လ်ဆီယမ်နဲ့
သတ္တုဓါတ်တွေပါဝင်တဲ့ အသီးအနှံ၊
အသားငါးတွေကို ရွေးချယ်ကျွေးမွေးပါတယ်၊
အစာစားတိုင်း သားတွေကို Ovaltine
တစ်ခွက် ပုံမှန်တိုက်ပါတယ်။
Ovaltine က ကျွန်မရဲ့သားလေးတွေ
အတွက်တော့ အကောင်းဆုံး
ဖြည့်စွက်အစားအစာပါပဲ။"
မသဇင်စိုး (အိမ်ရှင်မ)
Ovaltine ကို နေ့စဉ် မှန်မှန် သောက်လျှင် ...
နေ့စဉ် Ovaltine ၂ ခွက် မှန်မှန်သောက်ပါက ခန္ဓာကိုယ်ရဲ့ လိုအပ်တဲ့ ကယ်လ်စီယမ်ကို အပြည့်အဝ ရရှိစေပါသည်။
Ovaltine မှာပါဝင်သော ဗီတာမင်နှင့်သတ္တုဓါတ် ၂၄ မျိုးက ခန္ဓာကိုယ်ရဲ့ ခုခံအားကို မြင့်မားစေပါသည်။
ပုံမှန်စားနေကြ အစာများနှင့် တွဲသောက်ပါက ပြီးပြည့်စုံသော အာဟာရကို ရရှိစေပါသည်။
Ovaltine
"အကောင်းဆုံးမေမေ" များရဲ့ အကြံပြုချက်
Ovaltine မှ အစီအစဉ်လေးတစ်ခုကို ထပ်မံပြုလုပ်လိုက်ပါတယ်။ ဒီအစီအစဉ်လေးကတော့ မေမေတွေအချင်းချင်း ကိုယ့်ရဲ့အတွေ့အကြုံလေးတွေ အကြံပြုချက်လေးတွေကို အခြားမေမေတွေဆီ မျှဝေခွင့်ရမယ့် အစီအစဉ်လေးပါပဲ။ ဒီအစီအစဉ်လေးမှာ ပါဝင်ချင်ရင်တော့ မေမေတို့ရဲ့ အကြံပြုချက်(၃)ချက်နဲ့အတူ ကလေးနဲ့မေမေ အတူတူတွဲရိုက်ထားတဲ့ ဓါတ်ပုံလေးတွေကို Ovaltine ရဲ့ စာတိုက်သေတ္တာအမှတ် ၅၈၅ ဒါမှမဟုတ် ovaltine.bestmom@gmail.com ဒါမှမဟုတ် ဖုန်းနံပါတ် ၀၁ ၂၂၂၃၈၀ သို့ ဆက်သွယ်ပေးပို့လို့ ရပါတယ်။ အကောင်းဆုံးမေမေရဲ့ အကြံပြုချက်များကို ရွေးချယ်ပြီး ဂျာနယ်၊ မဂ္ဂဇင်းတွေမှာ ဖော်ပြပေးသွားမှာဖြစ်လို့အမြန်ဆုံးဆက်သွယ်ပေးပို့လိုက်နော်။
ရွေးချယ်ခံရတဲ့မေမေများကိုတော့ Ovaltine ပုလင်း ၁၂ပုလင်း လက်ဆောင်ပေးသွားမှာဖြစ်ပါတယ်။




SWEETY
Premium Ice Cream
နိုင်ငံတကာတွင် ထင်ရှားလူကြိုက်များသည့် Brand များနှင့် ယှဉ်နိုင်သည့်
မြန်မာနိုင်ငံ၏ အကောင်းဆုံး Ice Cream. SWEETY
Strawberry
Vanilla
Mixed Fruit
Chocolate
Cream Soda
Durian
ဆက်သွယ်ရန်လိပ်စာ
အမှတ် ၅၂၄၊ ၅လွှာ၊ အောက်ကြည့်မြင်တိုင်လမ်းမကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၀၁-၂၁၀၂၄၉၊ ၂၁၀၄၃၈၊ ၂၁၁၁၀၀
အမှတ် ၂၅၇၊ ထားဝယ်လမ်း၊ ၂၃ရပ်ကွက်၊ စက်မှုဇုန်(၁)၊ ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၀၁-၅၉၀၃၁၄၊ ၅၉၀၃၁၅၊ ၅၉၀၃၁၈
မန္တလေးနို့ထွက်ပစ္စည်းစက်ရုံ - တောင်မြင့်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၂-၅၃၇၆၇၊ ၅၃၇၆၉



စိတ်ဖိစီးမှုကင်း
အောင်မြင်ခြင်းသို့
ENERVON-C®
Miss International 2012 ကို ဂျပန်နိုင်ငံ၊ အိုကီနာဝါမြို့မှာ နိုင်ငံပေါင်း ၆၈ နိုင်ငံ ယှဉ်ပြိုင်ခွင့်ရခဲ့ပြီး Miss Myanmar 2012 ပထမဆုရခဲ့တဲ့ နန်းခင် ပါဝင်ယှဉ်ပြိုင်ခဲ့ပါတယ်။
"ကမ္ဘာမှာ မြန်မာ" ဆိုတာ ပြသနိုင်ဖို့ ကြိုးစားခဲ့စဉ်တစ်လျှောက်လုံး စိတ်ဖိစီးမှု ဆိုတာ နန်းခင် မခံစားခဲ့ရဘူး။
ယခုလက်ရှိ နန်းခင် အင်္ဂလိပ်နဲ့ ဂျာမန်ခရီးသွားဧည့်လမ်းညွှန်အဖြစ် လုပ်ကိုင်နေပါတယ်။
အနုပညာနဲ့ ပတ်သက်တာတွေ လုပ်နေပြီး ပရဟိတလုပ်ငန်းတွေမှာပါ အားတက်သရော ပါဝင်ဖြစ်နေတယ်။
"အောင်မြင်သူတစ်ဦးအဖြစ် ရပ်တည်မယ်" ဆိုတဲ့ ဘဝရည်မှန်းချက်ကြောင့် အလုပ်တွေအများကြီးကို စိတ်ဖိစီးမှု ကင်းကင်းနဲ့ လုပ်ကိုင်နိုင်အောင် နေ့သစ်တိုင်းကို ENERVON-C တစ်လုံးသောက်ပြီး စတင်လိုက်တယ်လေ။
"အောင်မြင်မှုဆိုတာ မိုးမြင့်ထက်က ကြယ်ပွင့်လေးပါ။
သွတ်ဦး နိုင်ဖို့ ခက်ပေမဲ့ နှင်းခင် လက်ဝယ် ပိုင်ဆိုင်ခဲ့ပါပြီ။
ကမ္ဘာ့အလယ်က အောင်မြင်မှုကို စိတ်ဖိစီးမှု ကင်းစွာနဲ့ ကြိုးစားနိုင်ခဲ့ကို
တန်ဖိုးထားနေမိပါတယ်။ ဒါကြောင့် ...
နှင်းခင် နေ့စဉ်သောက်တဲ့
Enervon - C ကို
ကျေးဇူးတင်နေမှာပါ"
• Miss Internet
• Popular Choice Award
• Ambassador of Beauty
UAP
100 FILMCAPS
QUICK-RELEASE
ENERVON-C
FILMCAP
B - COMPLEX
PLUS VITAMIN C
ONE - A - DAY
ANTI-STRESS
FORMULA
UNITED PHARMA
Serving Your Healthcare Needs
အပြည့်ဝဆုံးခွန်အားနှင့်
အကောင်းဆုံးကိုယ်ခံစွမ်းအားတို့အတွက် အင်နာဗွန် - စီ